# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၁၂၄)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်၊ တနင်္ဂနွေနေ့။


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိဘပြည်သူများသို့ ရေဒီယိုမှ မိန့်ခွန်းပြောကြားမည်

နေပြည်တော် ဇန်နဝါရီ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားမည့် မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ စာမျက်နှာ ၉ ကော်လံ ၆ ✻

# ကျောင်းသားများရဲ့ လိုလားချက်တွေဖြည့်ဆည်းနိုင်ရေး လုပ်ငန်းစဉ်များ ညှိနှိုင်းလုပ်ဆောင်

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြောကြားသည့် ရေဒီယိုမိန့်ခွန်း**

(၁-၂-၂၀၁၅)

**မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုမှတစ်ဆင့် အသိပေးပြောကြားနေကျဖြစ်တဲ့အတိုင်း ဇန်နဝါရီလ အတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်း ဖြစ်ပါတယ်။

အခုလာမယ့် ဖေဖော်ဝါရီလဟာဆိုရင်လည်း ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုပြသတဲ့ သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ပါတယ်။ ပင်လုံကနေ အစပြုခဲ့တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတဲ့ ကိစ္စကို ဖြစ်စဉ်တစ်ခုအနေနဲ့ ကြည့်မယ်ဆိုရင် ကျွန်တော်တို့လက်ထက်အထိ ဆက်လက်လုပ်ဆောင်နေရတဲ့ လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ရှုမြင်ရမှာလည်းဖြစ်ပါတယ်။ လက်ရှိငြိမ်းချမ်းရေး ဖြစ်စဉ်မှာလည်း အခက်အခဲတချို့ရှိနေသည့်တိုင် အဆင့်ဆင့်ဖြစ်ထွန်းမှုတွေ ရှိနေပြီးတော့ လက်နက်ကိုင်ပဋိပက္ခတွေကို နိုင်ငံရေးနည်းလမ်းနဲ့ အဖြေရှာရေး

> “ မြန်မာနိုင်ငံတည်ဆောက်ရေးအတွက် အခြေအနေကောင်းများ ဖန်တီးလမ်းခင်းပေးရန်ဆိုတဲ့အချက်မှာလည်း အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ တပ်မတော်တို့သာမကဘဲ ပါဝင်သင့်ပါဝင်ထိုက်သူတွေ ပါဝင်ဖို့လိုအပ် ”

အတွက် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ဖို့ ပြင်ဆင်နေတာက သက်သေထူ လျက်ရှိပါတယ်။

ဒီလိုလုပ်ငန်းစဉ်များမှာ ကဏ္ဍအသီးသီးကနေ ပါဝင်နေတဲ့ အမျိုးသားနိုင်ငံရေးအင်အားစုများကို ကျွန်တော့်အနေနဲ့ အထူးတိုက်တွန်းလိုတာ ရှိပါတယ်။ ဒါကတော့ ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေတဲ့ ငြိမ်းချမ်းရေးကို မိမိတို့ကျရာကဏ္ဍအသီးသီးကနေ တည်ဆောက်ပေးနိုင်စွမ်း ရှိတယ်ဆိုတဲ့ ရပ်တည်ချက်ကနေရှုမြင်ပြီးတော့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အဆင့်ဆင့်တက်လှမ်းပြီး အောင်မြင်မှုတွေရယူပေးကြဖို့ ဆိုတာပဲဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရလက်ထက်မှာ ကြိုးပမ်းအကောင်အထည်ဖော်ခဲ့တဲ့ နိုင်ငံရေးအရ ဖြေလျှော့မှုတွေနဲ့ နိုင်ငံရေးယဉ်ကျေးမှု အသက်ဝင်လာစေရေး ကြိုးပမ်းမှုတွေဟာ အပြောသက်သက်မဟုတ်တော့ဘဲ လက်တွေ့ကျကျ ဖြစ်ထွန်းနေပြီဆိုတာ အားလုံးရှုမြင် စာမျက်နှာ ၃ ကော်လံ ၁ ✻

မြန်မာ-လာအို ချစ်ကြည်ရေးတံတားကို တွေ့ရစဉ်။ (သတင်း၊ စာ-၇ ) (သတင်းစဉ်)

## ရုပ်ရှင်မြို့တော်ကြီး တည်ဆောက်ရန် အကောင်အထည်ဖော်မည်

ရန်ကုန် ဇန်နဝါရီ ၃၁

အနာဂတ်ကာလအတွင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နိုင်ငံတော်အစိုးရ၏ ကူညီထောက်ပံ့မှုကြောင့် ရုပ်ရှင်မြို့တော်ကြီးကို တည်ဆောက်ရန် အကောင်အထည်ဖော် ဆောင်ရွက်တော့မည်ဖြစ်သည်။ ရုပ်ရှင်လောကသားများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှုဆောင်အဖွဲ့ပြန်လည်ဖွဲ့စည်းရေး ၂၀၁၅ ရွေးကောက်ပွဲကြီးကြပ်ရေး ကော်မရှင်မှ အလုပ်အမှုဆောင်သစ် ၂၀ ကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက အမှတ် ၁၆ ဝက်ပါလမ်းရှိ မြန်မာနိုင်ငံအစည်းအရုံး၌ ပြန်လည်ဖွဲ့စည်းလိုက်ပြီဖြစ်ရာ လက်ရှိ ရုပ်ရှင်မြို့တော်ကြီးအတွက်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို စာမျက်နှာ ၁၃ ကော်လံ ၁ ✻

## ကျောင်းသင်ခန်းစာ ပါရှိ

**ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၅)တွင် တက္ကသိုလ်ဝင်စာမေးပွဲ သိမှတ်ဖွယ်ရာ ရူပဗေဒဘာသာ သင်ခန်းစာ ပါရှိပါသည်။**

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မြန်မာနိုင်ငံ၏ ပထမဆုံးရေနံတင်ဆိပ်ကမ်း

ကမ္ဘာ့နိုင်ငံများအနေဖြင့် စက်မှုနိုင်ငံအဖြစ်တက်လှမ်းကြရာတွင် အခြေခံလိုအပ်ချက်ဖြစ်သည့် ရုပ်ကြွင်းလောင်စာစွမ်းအင်များ ဈေးနှုန်းသက်သာစွာရရှိရေး အပြိုင်ကြိုးပမ်းလေ့ရှိပါသည်။ စွမ်းအင်လောင်စာဆီများ ဈေးနှုန်းသက်သာစွာရရှိရေး ကမ္ဘာအနှံ့ မြေပေါ်ရေအောက် ရေနံနှင့်သဘာဝဓာတ်ငွေ့များ အပြိုင်ရှာဖွေကြိုးပမ်းနေချိန် ရေနံနှင့်သဘာဝဓာတ်ငွေ့များ အလွယ်တကူသယ်ယူပို့ဆောင်ပေးနိုင်မည့် ရေနံတင်ဆိပ်ကမ်းနှင့် ရေနံပိုက်လိုင်းများသည်လည်း စီးပွားရေးအရ အရေးကြီးသည့်လုပ်ငန်းတစ်ရပ်ဖြစ်လာပါသည်။

ဤသို့ ရေနံတင်ဆိပ်ကမ်းများသည် စီးပွားရေးအရ အရေးကြီးနေချိန် မြန်မာနိုင်ငံ၌ ပထမဆုံးသော ရေနံတင်ဆိပ်ကမ်းကြီးတစ်ခုကို ရခိုင်ပြည်နယ်ကျောက်ဖြူမြို့နယ် မဒေကျွန်း၌ အောင်မြင်စွာတည်ဆောက်ဖွင့်လှစ်လိုက်ပြီဖြစ်ပါသည်။ ဤရေနံတင်ဆိပ်ကမ်းကြီးကို နိုင်ငံတော်အစိုးရနှင့် အရှေ့တောင်အာရှ ရေနံစိမ်းပိုက်လိုင်း (South East Asia Pipeline) တို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ၂၀၁၁ ခုနှစ်က လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ကာ ၂၀၁၅ ခုနှစ်တွင် အဓိကလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ယခုအခါ အကြိုဖွင့်ပွဲနှင့် ရေနံပိုက်လိုင်းလုပ်ငန်းများ ကနဦး စတင်ဆောင်ရွက်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက်က ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ကျင်းပနိုင်ခဲ့ပြီဖြစ်ပါသည်။

အဆိုပါအခမ်းအနား၌ ဒုတိယသမ္မတဦးညဏ်ထွန်းက ယခုစီမံကိန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရေနံစိမ်းများပို့လွှတ်ပေးနိုင်ရန်သာမက ပြည်တွင်းသုံးစွဲမှုအတွက်ပါ ခွဲဝေပို့လွှတ်သွားမည်ဖြစ်သည့်အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုပေးနိုင်မည့်အပြင် စီမံကိန်းဆောင်ရွက်သည့် ဒေသရှိ ပြည်သူများကိုလည်း အကျိုးဖြစ်ထွန်းတိုးတက်စေမည်ဖြစ်၍ နိုင်ငံတော်နှင့် ဒေသခံပြည်သူများအတွက် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

မဒေကျွန်းရေနံတင်ဆိပ်ကမ်းကို အရှေ့တောင်အာရှရေနံစိမ်းပိုက်လိုင်းနှင့်ပူးပေါင်း၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုငွေပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၅၃၂ ဘီလီယံရင်းနှီးမတည်တည်ဆောက်ခဲ့ပြီး နိုင်ငံတော်မှအစုရှယ်ယာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၀၄ ဘီလီယံပါဝင်ထား၍ အကျိုးအမြတ်များ နိုင်ငံတော်မှ ခွဲဝေခံစားရရှိနိုင်မည်ဖြစ်ပါသည်။ ဤစီမံကိန်းနှင့်အတူ အချင်း ၃၂ လက်မ၊ အရှည် ၇၇ ကီလိုမီတာခန့်ရှိ ရေနံစိမ်းပိုက်လိုင်းစီမံကိန်းကို တည်ဆောက်ခဲ့ပြီး ရခိုင်ပြည်နယ် မဒေကျွန်းမှ စတင်ကာ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ပါဝင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လေးခုကို ဖြတ်သန်းကာ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့အထိ ဆက်သွယ်ဖောက်လုပ်ထားသည်။

ဤရေနံတင်ဆိပ်ကမ်းမှတစ်ဆင့် အရှေ့အလယ်ပိုင်းနိုင်ငံများမှ ရောက်ရှိလာသော ရေနံတင်သင်္ဘောများသည် ရေနံများသယ်ချသိုလှောင်ကာ ပိုက်လိုင်းအသုံးပြု၍ စီမံကိန်းကာလမှာနှစ် ၃၀ အတွင်းနှစ်စဉ် ရေနံစိမ်းတန်ချိန် ၂၂ သန်းခန့်ကို တရုတ်နိုင်ငံသို့ ပို့လွှတ်ပေးနိုင်မည့်အပြင် ပြည်တွင်းသို့လည်း ခွဲဝေပို့လွှတ်ပေးသွားမည်ဖြစ်ကြောင်း သိရပါသည်။ ယခုကဲ့သို့ မြန်မာနိုင်ငံ၌ ရေနံတင်ဆိပ်ကမ်းကို အောင်မြင်စွာဖွင့်လှစ်ပေးနိုင်ခြင်းဖြင့် မြန်မာနိုင်ငံအတွက် နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိလာမည်ဖြစ်သည့်အပြင် ရေနံတင်ချလုပ်ငန်းများနှင့် ပိုက်လိုင်းစောင့်ရှောက်မှုလုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ကာရေနံပိုက်လိုင်းဖြတ်သန်းရာ မြို့ရွာများတွင်လည်း ပိုမိုစည်ပင်ဖွံ့ဖြိုးအောင် ဖြည့်ဆည်းပေးနိုင်တော့မည် ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

## ၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အမျိုးသားရေး ဦးတည်ချက်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲဦးထိပ်ထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
၂။ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းမှုရရှိအောင် တိုင်းရင်းသားအားလုံး ပါဝင်ကြိုးပမ်းဆောင်ရွက်ရေး။
၃။ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ထာဝစဉ်တည်တံ့ခိုင်မြဲအောင်တည်ဆောက်ရေး။
၄။ ပြည်ထောင်စုအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက်အတူတကွပူးပေါင်းနေထိုင်ရေး။
၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တိုင်းရင်းသားပြည်သူ အားလုံး လက်တွဲပူးပေါင်းတည်ဆောက်ရေး။

## စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ရေးအလုပ်ရုံဆွေးနွေး

**မုံရွာ ဇန်နဝါရီ ၃၁**

စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်းနာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးဝင်းမြင့်၊ တိုင်းဒေသကြီး ဥပဒေချုပ်ဦးမောင်မောင်လင်း၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ် ဒေါ်ခင်မြင့်အေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံ စာကြည့်တိုက် အသင်းနာယက ဦးသိန်းလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ငွေက စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပရာ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းနာယက ဦးသိန်းလွင်က စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလုပ်အမှုဆောင် ဒေါ်ခင်လေးစိုးက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Partnership တည်ထောင်ခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အလုပ်အမှုဆောင် ဒေါ်မိမိက စာကြည့်တိုက်များကို လူအများသိရှိအသုံးပြုတတ်လာစေရန် ဆောင်ရွက်ခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၇ ရက်က ဆက်လက်ကျင်းပရာ တက်ရောက်လာကြသည့် စာကြည့်တိုက်မှူးများအား အစုအဖွဲ့(၃)စုခွဲ၍ ခေါင်းစဉ်(၃)ခုအား အစုအဖွဲ့အလိုက် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြန်/ဆက်ဝန်ထမ်း ၆၀၊ တက္ကသိုလ်၊ ကောလိပ်များမှ စာကြည့်တိုက်မှူးငါးဦး၊ ရပ်ကွက်/ ကျေးရွာစာကြည့်တိုက်မှူး ၃၅ ဦး၊ တိုင်းဒေသကြီးလွှတ်တော်စာကြည့်တိုက်မှူး တစ်ဦး၊ စုစုပေါင်း ၁၀၁ ဦး တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ ဂျပန်-မြန်မာစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဗဟိုဌာန (JMEIC) နှင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာန (SMEs) တို့ ပူးပေါင်း၍ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဆိုင်ရာဆွေးနွေးပွဲ (SMEs Business Seminar) ကို ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ UMFCCI Office Tower ၌ ကျင်းပသည်။ ဈေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် JMEIC ဥက္ကဋ္ဌ Mr. Noriyuki Yonemura တို့က အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံး ဒုတိယ သံအမတ်ကြီး Mr. Ichiro Maruyama နှင့် UMFCCI ဗဟိုအလုပ်အမှုဆောင် ဒေါ်ချိုသီရိမောင်တို့က နှုတ်ခွန်းစကားပြောကြားကြသည်။

ယင်းနောက် ဆွေးနွေးပွဲတွင် တက်ရောက်လာကြသူများက SMEs နှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး အဆိုပါဆွေးနွေးပွဲကို မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ အတွေ့အကြုံမျှဝေခြင်း၊ အနာဂတ် နှစ်နိုင်ငံအကြား SMEs လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် ရည်ရွယ်ကာ ကျင်းပခြင်းဖြစ်ပြီး ကျွမ်းကျင်သူများနှင့် လုပ်ငန်းရှင်များက စာတမ်းများနှင့် အမေးအဖြေများ ဆွေးနွေးကြသည်။

**ဥမ္မာသန့်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃၁-၁-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၈၅၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၀၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၇၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၅၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၆၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၇၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၃၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၃၅၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၅၀၀၀-၈၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၂၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၄၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၅၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၅၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၂၄-၁၀၂၉ |
| ဥရောပ | တစ်ယူရို | ၁၁၈၀-၁၁၉၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၆၅-၇၈၀ |
| ထိုင်း | တစ်ဘတ် | ၂၉.၆-၃၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၅ |
| တရုတ် | တစ်ယွမ် | ၁၆၃-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၅-၃၃၀ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် | တစ်အိတ် | ၁၇၅၀၀-၁၈၀၀၀ |
| မိုးဆန်သစ် (မနောသုခ) | တစ်အိတ် | ၁၅၆၀၀-၁၆၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၅၀၀၀-၂၉၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၀၈ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၁၆၀-၃၅၀ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၇၅၀-၂၆၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၄၂၀-၁၄၃၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၂၉၀-၆၈၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၅၀၀-၂၇၀၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၅၂၀၀-၅၆၀၀ |
| သကြား | တစ်ပိဿာ | ၈၁၅-၈၅၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ-စေ့ငုတင်ပြသည်။

* ရှေ့ဖုံးမှ

ခံစားနေရပြီဖြစ်ပါတယ်။ ဒီဖြစ်ထွန်းမှုတွေ နောက်တစ်ဆင့်တက်လှမ်းနိုင်ဖို့အတွက် နိုင်ငံရေးအာမခံချက်များရရှိအောင်လို့ ဖြစ်စဉ်တိုင်းမှာ အဆင့်ဆင့်တက်လှမ်းပြီး နိုင်ငံရေးသဘောတူညီချက်များရယူကြဖို့ ထပ်မံတိုက်တွန်းရင်း ဖေဖော်ဝါရီလအတွက် မိန့်ခွန်းကို အစပြုပြောကြားလိုပါတယ်။

၂၀၁၅ ခုနှစ်ဟာ နိုင်ငံရေးအရ ထူးခြားမှုတွေရှိမယ့်နှစ်ဖြစ်တယ်လို့ ကျွန်တော့်ရဲ့နှစ်သစ်ကူးမိန့်ခွန်းမှာ ပြောကြားခဲ့သလိုပဲ ဒီနှစ်သစ်ရဲ့ ပထမဦးဆုံးလဖြစ်တဲ့ ဇန်နဝါရီလအတွင်းမှာ နိုင်ငံရေးအရ ထူးခြားတဲ့ဖြစ်စဉ်တွေ ဖြစ်ပေါ်ခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီဖြစ်စဉ်တွေမှာ နိုင်ငံရေးအရ တိုးတက်မှုတွေပါဝင်နေသလို စိန်ခေါ်မှုတွေကိုလည်း တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုတွေဟာ ကျွန်တော်မကြာခဏပြောကြားခဲ့သလိုပဲ ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်တဲ့ နိုင်ငံများမှာကြုံတွေ့ရမြဲ ဖြစ်ရပ်တွေသာဖြစ်ပြီးတော့ ပေါ်ပေါက်လာတဲ့နိုင်ငံရေးဖြစ်စဉ်များနဲ့ လက်ရှိကျင့်သုံးနေတဲ့စနစ်တွေရဲ့အကျိုးဆက်တွေအရ ဖြစ်ပေါ်နေတာပဲဖြစ်ပါတယ်။ ရွေးကောက်ပွဲများကျင်းပမယ့်နှစ်ဖြစ်တဲ့အတွက်လည်း ပြည်သူလူထုနဲ့ နိုင်ငံရေးအင်အားစုများရဲ့မျှော်လင့်ချက်များ မြင့်တက်နေတဲ့ကာလမှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ စိန်ခေါ်မှုတွေကို ထပ်မံကြုံတွေ့ရဦးမှာဖြစ်တယ်ဆိုတာလည်း လက်သင့်ခံထားရမှာဖြစ်ပါတယ်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေးအောင်မြင်ဖို့နဲ့ ဒီမိုကရေစီ အခြေတည်ခိုင်မြဲရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ပွင့်လင်းလွတ်လပ်တဲ့လူ့အဖွဲ့အစည်းဆိုတဲ့ကိစ္စများဟာ ကျွန်တော်တို့ လူ့အဖွဲ့အစည်းရည်မှန်းထားတဲ့၊ အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့၊ ရယူပိုင်ဆိုင်လိုတဲ့ အောင်မြင်မှုပဲဖြစ်ပါတယ်။ ဒီအောင်မြင်မှုရရှိဖို့အတွက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆောင်ရွက်ရာမှာ ကြုံတွေ့ရလေ့ရှိတဲ့ အခက်အခဲနဲ့ စိန်ခေါ်မှုများကို မဖြစ်မနေကျော်လွှားကြရမှာလည်း ဖြစ်ပါတယ်။ ဒီလိုကျော်လွှားရတာ ခက်ခဲတယ်ဆိုတာ နိုင်ငံတကာမှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကြိုးပမ်းခဲ့ကြတဲ့ နိုင်ငံများရဲ့ ဥပမာတွေက သက်သေထူနေသလို လက်ရှိကျွန်တော်တို့အားလုံးကြုံတွေ့နေရတဲ့အခြေအနေများအရလည်း မြင်သာနိုင်မှာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကျွန်တော် အထက်မှာဆိုခဲ့သလိုပဲ ကျွန်တော်တို့အနေနဲ့ အောင်မြင်မှုကို ရယူနိုင်ဖို့ ကြုံတွေ့လာရမယ့်အခက်အခဲနဲ့ စိန်ခေါ်မှုတွေကို မဖြစ်မနေကျော်လွှားကြရမှာပဲဖြစ်ပါတယ်။ ဒီလိုကျော်လွှားတဲ့အခါမှာလည်း အစိုးရတစ်ရပ်အနေနဲ့သာမက နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအင်အားစုများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများအားလုံးသာမကဘဲ ပြည်သူတစ်ဦးချင်းစီကပါ ချောမွေ့ညင်သာတဲ့ အသွင်ကူးပြောင်းရေးကိုဆိုတဲ့အောင်မြင်မှုကို အချင်းချင်းအပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ စိတ်ရှည်သည်းခံမှုများကိုအခြေခံပြီး လုပ်ဆောင်ကြမယ်ဆိုတဲ့ သန္နိဋ္ဌာန်ချမှုမျိုးလိုအပ်ကြောင်း တိုက်တွန်းပြောကြားလိုပါတယ်။

မြန်မာတစ်မျိုးသားလုံး တစ်စုတစ်စည်းတည်း ကြိုးပမ်းမှုရဲ့ပြယုဂ်ဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးနေ့ဟာ ဇန်နဝါရီလရဲ့ ပထမဦးဆုံးအပတ်မှာဖြစ်ပါတယ်။ ဒီနှစ်ကျင်းပတဲ့ လွတ်လပ်ရေးနေ့အခမ်းအနားဟာ ထူးခြားမှုတွေများစွာရှိခဲ့ပါတယ်။ လွတ်လပ်ရေးအောင်ပွဲများကို ခေတ်စနစ်အလိုက် ပုံစံမျိုးစုံကျင်းပပြုလုပ်ခဲ့တဲ့အနက် နှစ်ပေါင်းများစွာအတွင်း ပြန်လည်ကျင်းပနိုင်ခဲ့တဲ့ ဗိုလ်ရှုသဘင်အခမ်းအနားဟာဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားစည်းလုံးညီညွတ်မှုကို ပြသနိုင်တာဖြစ်ပါတယ်။ ဒီအခမ်းအနားနဲ့ တစ်ဆက်တည်းမှာပဲ ကျွန်တော်တို့တိုင်းပြည်အတွက် အရေးတကြီးလိုအပ်နေတဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် အဓိကကျတဲ့ နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ခေါင်းဆောင်များနဲ့ ဆွေးနွေးနိုင်ခဲ့ပါတယ်။

နိုင်ငံရေးအင်အားစုများအကြားမှာ တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းနည်းလမ်းနဲ့ အဖြေရှာခြင်းသည်သာလျှင် နည်းလမ်းမှန်ဖြစ်တယ်လို့ ကျွန်တော်မကြာခဏပြောကြားခဲ့ပါတယ်။ နိုင်ငံရေးအင်အားစုများအကြား တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်ဖို့အတွက် ဇန်နဝါရီလ ၁၂ ရက်နေ့မှာ အစိုးရ၊ လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအင်အားစုများနဲ့ တပ်မတော်တို့ပါဝင်တဲ့တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ပြုလုပ်ခဲ့ပါတယ်။ ဒီတွေ့ဆုံဆွေးနွေးပွဲဟာ ပြီးခဲ့တဲ့နှစ် အောက်တိုဘာ ၃၀ ရက်က ပြုလုပ်တဲ့ နိုင်ငံရေးခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲမှာ ထပ်မံတွေ့ဆုံဖို့ သဘောတူခဲ့တဲ့အချက်အရ ပြုလုပ်တာလည်း ဖြစ်ပါတယ်။ ဒီတစ်ခေါက်မှာတော့ ကိုယ်စားပြုမှုတွေကို ပိုမိုကျယ်ပြန့်စေဖို့နဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေရဲ့အသံတွေပါ ထည့်သွင်းဆွေးနွေးနိုင်ဖို့အတွက် ရွေးကောက်တင်မြှောက်ခံ တိုင်းရင်းသားရေးရာဝန်ကြီး ၂၉ ဦးကို ဖိတ်ကြားဆွေးနွေးစေခဲ့ပါတယ်။

ဆွေးနွေးပွဲမှာ ပါဝင်ခဲ့ကြတဲ့ နိုင်ငံရေးအင်အားစုအသီးသီးမှာ မတူညီတဲ့ သဘောထားအမြင်တွေနဲ့ ရှုထောင့်ကိုယ်စီရှိကြပေမယ့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအောင်မြင်ဖို့၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့နဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများ အောင်မြင်ချောမွေ့စွာကျင်းပနိုင်ဖို့ဆိုတဲ့ ရည်မှန်းချက်များကတော့ အတူတူပဲဖြစ်ပြီးတော့ ဒီအချက်တွေအပေါ်မှာ မိမိတို့ရဲ့ကိုယ်ပိုင်ရပ်တည်ချက်များနဲ့ ဆွေးနွေးခဲ့ကြတာလည်း ဖြစ်ပါတယ်။ အခုလို ဆွေးနွေးပွဲတွေကို ထပ်မံပြုလုပ်သွားကြဖို့လည်း သဘောတူညီခဲ့ကြပါတယ်။

တစ်ဆက်တည်းမှာပဲ ပြည်ထောင်စုလွှတ်တော်ရဲ့ ခြောက်ပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ အနည်းငယ်ပြောကြားလိုတာ ရှိပါတယ်။ ကျွန်တော်တို့ အစိုးရလက်ထက်မှာ ဖန်တီးဖော်ဆောင်ခဲ့တဲ့ နိုင်ငံရေးယဉ်ကျေးမှုသစ်အရ နိုင်ငံရေးအင်အားစုများအကြား တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာမှုဟာ ကြိုဆိုရမယ့်ကိစ္စဖြစ်တဲ့အတွက် ပြည်ထောင်စုလွှတ်တော်ရဲ့ တိုက်တွန်းမှုကို ကျွန်တော့်အနေနဲ့ ကြိုဆိုကြောင်း တရားဝင်ပြန်ကြားခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်ကပေးပို့လာတဲ့ အဓိကနှစ်ချက်ထဲက တစ်ချက်ဖြစ်တဲ့ ခေတ်စနစ်၊ အချိန်အခါအခြေအနေနဲ့ညီညွတ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာရေးဆိုတဲ့အချက်ဟာ ကျွန်တော်အစဉ်တစိုက် ပြောဆိုခဲ့တဲ့ မိမိနိုင်ငံ၊ မိမိလူ့အဖွဲ့အစည်းအတွက် ဖွဲ့စည်းပုံကို အခြေအနေအချိန်အခါအလိုက် ပြင်ဆင်ရေးသားရမှာဖြစ်တယ်ဆိုတဲ့အချက်နဲ့ တူညီပါတယ်။ ဒီလိုပြင်ဆင်တဲ့အခါမှာလည်း နိုင်ငံသားများရဲ့ ပြည်လုံးကျွတ် သဘောထားဆန္ဒခံယူမှုများနဲ့ ပြုလုပ်ရမယ့်ကိစ္စရပ်တွေပါဝင်တဲ့အတွက် လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားတဲ့အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး နည်းလမ်းများနဲ့ အညီ ပြင်ဆင်ခြင်းကသာလျှင် နည်းလမ်းမှန်ဖြစ်ကြောင်းလည်း ပြန်ကြားခဲ့ပါတယ်။

ဒုတိယတစ်ချက်ဖြစ်တဲ့ ပစ္စုပ္ပန်နဲ့ အနာဂတ်မြန်မာနိုင်ငံတည်ဆောက်ရေးအတွက် အခြေအနေကောင်းများ ဖန်တီးလမ်းခင်းပေးရန်ဆိုတဲ့အချက်မှာလည်း အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ တပ်မတော်တို့သာမကဘဲ ပါဝင်သင့်ပါဝင်ထိုက်သူတွေပါဝင်ဖို့ လိုအပ်တယ်လို့ ရှုမြင်မိပါတယ်။ ဒါကြောင့်လည်း ဇန်နဝါရီလ ၁၂ ရက်နေ့ တွေ့ဆုံဆွေးနွေးပွဲမှာ တိုင်းရင်းသားရေးရာဝန်ကြီးများကို ထည့်သွင်းဖိတ်ကြားခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအတွက် ဆွေးနွေးစရာကိစ္စတွေ များပြားနိုင်ပါတယ်။ ကျယ်ပြန့်တဲ့ပါဝင်မှုတွေလည်း လိုအပ်တဲ့အတွက် အချိန်တွေလည်းလိုအပ်မှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ပြည်ထောင်စုလွှတ်တော်ရဲ့တိုက်တွန်းမှုကို ငြင်းပယ်တာမဟုတ်ဘဲ တွေ့ဆုံမှုတွေကို ပုံစံမျိုးစုံနဲ့ ပြုလုပ်သွားရမှာဖြစ်ပြီး ကျယ်ပြန့်တဲ့ပါဝင်မှုတွေဖြစ်အောင်လည်း လုပ်ဆောင်ရမှာဖြစ်တယ်ဆိုတဲ့ ရပ်တည်ချက်ကို ဆုပ်ကိုင်ထားရှိပါတယ်။ ပေးအပ်လာတဲ့အခြေအနေအတွင်းမှာ တွေ့ဆုံမှုတွေကို ပုံစံမျိုးစုံနဲ့ လုပ်ဆောင်သွားမှာဖြစ်တဲ့အကြောင်းလည်း အသိပေးပြောကြားလိုပါတယ်။

အမျိုးသားပညာရေးဥပဒေနဲ့ပတ်သက်ပြီး ကျောင်းသားများရဲ့ လိုလားချက်တွေကို ဆန္ဒဖော်ထုတ်ကြတဲ့ကိစ္စတွေဖြစ်ခဲ့ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်တွေကို ဆွေးနွေးဖို့အတွက် ဇန်နဝါရီလ ၂၈ ရက်နေ့မှာ ပြည်ထောင်စုဝန်ကြီးများဦးဆောင်တဲ့ အစိုးရတာဝန်ရှိသူများနဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ ကျောင်းသားအဖွဲ့များနဲ့ အကြိုတွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အမျိုးသားပညာရေးဥပဒေနဲ့ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးအဖြေရှာကြဖို့ သဘောတူနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။ လက်ရှိကာလဟာ စာမေးပွဲရာသီဖြစ်တဲ့အတွက် ကျောင်းတွင်းတည်ငြိမ်အေးချမ်းမှု ပျက်ပြားပြီး စာမေးပွဲများရွှေ့ဆိုင်းရခြင်း၊ ကျောင်းများပိတ်ရခြင်းများ ဖြစ်ပေါ်လာမှာကို ကျောင်းသားမိဘများအနေနဲ့ စိုးရိမ်ပူပန်မှုရှိနေကြတာကိုလည်း ကြားသိရပါတယ်။ အခုအချိန်မှာဆိုရင် ဆန္ဒပြချီတက်မှုများကို ရပ်တန့်ပြီး ဆွေးနွေးမှုတွေကို ခိုင်ခိုင်မာမာ စတင်ကြရမှာလည်း ဖြစ်ပါတယ်။ ဆွေးနွေးညှိနှိုင်းရေးနည်းလမ်းသာလျှင် လက်တွေ့ကျတဲ့အဖြေဖြစ်တယ်ဆိုတာကို ဆုပ်ကိုင်ထားဖို့ လိုအပ်ပါတယ်။ ကျောင်းသားများရဲ့ လိုလားချက်တွေ ဖြည့်ဆည်းနိုင်ရေးအတွက် ဆက်လက်ဆွေးနွေးလုပ်ဆောင်သွားရမယ့် လုပ်ငန်းစဉ်များကို ညှိနှိုင်းလုပ်ဆောင်နေပြီလည်း ဖြစ်ပါတယ်။ စာမေးပွဲများလည်း နီးကပ်လာနေပြီဖြစ်တဲ့အတွက် ဆန္ဒပြကျောင်းသားအချို့အနေနဲ့ တောင်းဆိုချက်တွေကို မြန်မြန်ဆန်ဆန်ညှိနှိုင်းကြပြီးတော့ အမျိုးသားပညာရေးဥပဒေပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးကို အချိန်တိုအတွင်း ဖြည့်ဆည်းဆောင်ရွက်နိုင်မယ့်နည်းလမ်းများရှာဖွေပြီး ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ခေတ်စနစ်အဆက်ဆက်မှာ အဘက်ဘက်က ယိုယွင်းခဲ့တဲ့ လုပ်ထုံးလုပ်နည်းတွေကနေ အကျေအလည် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်းဆိုတဲ့ အလေ့အထကို ပိုင်ဆိုင်နိုင်ခြင်းမရှိခဲ့တာဟာ ကျွန်တော်တို့နိုင်ငံအတွက် စိတ်မကောင်းစရာ ကိစ္စတစ်ခုဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်မယ့်အခွင့်အလမ်းမရှိခဲ့လို့ ပေါ်ပေါက်လာတဲ့စိန်ခေါ်မှုတွေမှာလည်း တချို့သောကိစ္စရပ်များမှာ ခက်ခက်ခဲခဲဖြတ်ကျော်ရင်း ကျော်လွှားနိုင်ခဲ့တာတွေကို ကျွန်တော်တို့အားလုံး ကြုံတွေ့ခဲ့ရပြီးဖြစ်ပါတယ်။ ဒီလိုကျော်လွှားနိုင်ခဲ့တာဟာလည်း စိတ်ရှည်သည်းခံနိုင်မှုနဲ့ ထိန်းသိမ်းနိုင်မှုတွေကြောင့်ပဲဖြစ်တယ်လို့ ရှုမြင်မိပါတယ်။ ဒီမိုကရေစီရဲ့အနှစ်သာရဖြစ်တဲ့ ဆွေးနွေးညှိနှိုင်းမှုတွေမှာ ပါဝင်မှုတွေကို၊ ကိုယ်စားပြုမှုတွေ ပိုမိုရရှိနိုင်ဖို့၊ ဆွေးနွေးညှိနှိုင်းအဖြေရှာတဲ့ အလေ့အထ အသက်ဝင်လာဖို့နဲ့ ရလဒ်ထွက်ပေါ်တဲ့လုပ်ငန်းစဉ်တွေဖြစ်ဖို့ ကြိုးပမ်းရမှာဖြစ်ပြီး လက်ရှိဖြစ်ထွန်းနေတဲ့ နိုင်ငံရေးအရ အခွင့်အလမ်းပွင့်လန်းမှုတွေကို အားလုံးက အမိအရဆုပ်ကိုင်အသုံးချရမှာလည်း ဖြစ်ပါတယ်။ လက်ရှိအခြေအနေတွေမှာ ဖြစ်ထွန်းတိုးတက်မှုတွေ၊ စိန်ခေါ်မှုတွေနဲ့အပြိုင် မရေရာမသေချာတဲ့အခြေအနေတွေကို စွန့်စားကျော်ဖြတ်နေရတာကိုလည်း ကျွန်တော်တို့အားလုံးလက်ခံရမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အဓိကပြောကြားလိုတာကတော့ ကျွန်တော်တို့အားလုံးအနေနဲ့ သဘောထားမတူညီနိုင်တဲ့ကိစ္စတွေကို အငြင်းပွားနေမယ့်အစား သဘောတူနိုင်မယ့် နည်းလမ်းတွေကို ပိုမိုရှာဖွေကြဖို့ပဲဖြစ်ပါတယ်။ စိတ်ရှည်သည်းခံမှုကို နိုင်ငံရေးတန်ဖိုးများအနေနဲ့ ထားရှိပြီး ပြည်သူလူထုလိုလားတောင့်တနေတဲ့ အပြောင်းအလဲတွေဖန်တီးပေးနိုင်ဖို့အားလုံးမှာ တာဝန်ရှိတယ်ဆိုတဲ့ ခံယူချက်မျိုးထားရှိဖို့ အရေးကြီးကြောင်းလည်း အထူးပြုပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့ စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင်၊ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

မိဘပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

# ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ်
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ်
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏
ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁ ။)**
**၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်**
**(၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

၃။ နောင်တွင် အဆိုပါဥပဒေဟု ရည်ညွှန်းသည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ (က) တွင်ပါရှိသော "ကျပ်သုံးသိန်း" ဆိုသည့်စကားရပ်ကို "ကျပ်တစ်ဆယ်သိန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ခ ) ပုဒ်မခွဲ (ခ) တွင် ပါရှိသော "ကျပ်နှစ်သိန်း" ဆိုသည့်စကားရပ်ကို "ကျပ်ငါးသိန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ဂ ) ပုဒ်မခွဲ (ဂ)တွင် ပါရှိသော "ကျပ်နှစ်သိန်း" ဆိုသည့်စကားရပ်ကို "ကျပ်ငါးသိန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မခွဲ (ဃ)တွင်ပါရှိသော "ကျပ်တစ်သိန်း" ဆိုသည့်စကားရပ်ကို "ကျပ်သုံးသိန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ အဆိုပါဥပဒေပုဒ်မ ၆ တွင်ပါရှိသော "ကျပ် ၂၀၀၀" ဆိုသည့်စကားရပ်နှင့် "ကျပ် ၃၀၀၀" ဆိုသည့် စကားရပ်တို့ကို " ကျပ် ၅၀၀၀" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ အဆိုပါ ဥပဒေပုဒ်မ ၈ တွင်ပါရှိသော "ကျပ် ၅၀၀၀" ဆိုသည့်စကားရပ်ကို "ကျပ်တစ်သောင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အဆိုပါဥပဒေပုဒ်မ ၁၂ ၏ နောက်တွင် ပုဒ်မ ၁၂-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

" ၁၂-က။ လွှတ်တော်ကိုယ်စားလှယ်များသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃) နှင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄) တို့တွင်ပါရှိသော ပုဒ်မ ၉၊ ပုဒ်မခွဲ (c) နှင့် (စ) တို့ပါ လုပ်ငန်းတာဝန်များထမ်းဆောင်ခြင်း၊ ပုဒ်မခွဲ (ဆ) ပါ လုပ်ငန်းတာဝန်ဆောင်ရွက်ရန် အချက်အလက်ရှာဖွေခြင်းနှင့် ပုဒ်မခွဲ (ဇ) ပါ လွှတ်တော်ကပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ခြင်းပြုသည့်အခါ၌လည်း ဤဥပဒေပုဒ်မ ၆ နှင့် ၈ တို့အရ ပြဋ္ဌာန်းထားသော စရိတ်များကို ခံစားခွင့်ရှိသည်။ သို့ရာတွင် ရွေးကောက်ခံမဟုတ်သော လွှတ်တော်ကိုယ်စားလှယ်များသည် ယင်းပုဒ်မ ၉၊ ပုဒ်မခွဲ (ဇ) အတွက်သာ ခံစားခွင့်ရှိသည်။"

၇။ အဆိုပါဥပဒေပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၄။ ဤဥပဒေအရ ခံစားခွင့်ပြုသည့် ချီးမြှင့်ငွေအပေါ် ဝင်ငွေခွန်ကောက်ခံရမည်။ သို့ရာတွင် စရိတ်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်။"

---

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပုဒ်မ ၁၀၆ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၁၀၇ တို့အရ ဤဥပဒေကို ထုတ်ပြန်သည်။**

နိုင်ငံတကာသတင်း

# အိုင်အက်စ်ဓာတုလက်နက်ကျွမ်းကျင်သူ လေကြောင်းတိုက်ခိုက်မှုအတွင်းသေဆုံး

**ဝါရှင်တန် ဇန်နဝါရီ ၃၁**

အီရတ်နိုင်ငံရှိ အိုင်အက်စ်စစ်သွေးကြွအုပ်စုနှင့်အတူ အလုပ်လုပ်နေသော ဓာတုလက်နက်ကျွမ်းကျင်သူတစ်ဦးသည် ညွန့်ပေါင်းအဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ပြောသည်။

အဘူမာလစ်ဆိုသူသည် အိုင်အက်စ်တို့အတွက် လက်နက်ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်နေသူဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ ၎င်းသည် အယ်လ်ခိုင်ဒါနှင့် အိုင်အက်စ်သို့မဝင်ရောက်မီ ယခင် အီရတ်သမ္မတဟောင်း ဆက်ဒန်ဟူစိန်လက်ထက်၌ ဓာတုလက်နက်အင်ဂျင်နီယာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း အမေရိကန်က ပြောသည်။

အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့သည် အိုင်အက်စ်တို့အား ပစ်မှတ်ထားလျက် အကြိမ်ပေါင်း ၂၀၀၀ နီးပါးလေကြောင်းမှ တိုက်ခိုက်ခဲ့သည်။ မစ္စတာ မာလစ်သည် ဇန်နဝါရီ ၂၄ ရက်က အမေရိကန်လေကြောင်းတိုက်ခိုက်စဉ် သေဆုံးခဲ့ကြောင်း အမေရိကန်တို့က ဆိုသည်။

၎င်းသေဆုံးမှုသည် အိုင်အက်စ်တို့အတွက် ဓာတုလက်နက်ထုတ်လုပ်အသုံးပြုရန် အင်အားချည့်နဲ့သွားလိမ့်မည်

ဟု မျှော်လင့်ထားသည်။ အိုင်အက်စ်တို့သည် ကလိုရင်းဓာတ်ငွေ့အသုံးပြုတိုက်ခိုက်နေသည်ဟု မကြာခဏသတင်းထွက်ပေါ်ခဲ့သည်။ သို့သော်လည်း အထောက်အထားမတွေ့ရဟု အမေရိကန်တို့ကဆိုသည်။ **(ဘီဘီစီ)**

# အင်္ဂလန်နိုင်ငံတွင် ကလေးသုံးယောက်လျှင် တစ်ယောက်မှာ အဝလွန်ရောဂါဖြစ်နေ




**လန်ဒန် ဇန်နဝါရီ ၃၁**

ကလေးသုံးယောက်လျှင် တစ်ယောက် အဝလွန်မှု မြင့်တက်လာခြင်းသည် အသက် ၁၀ နှစ်အောက်တွင် စတင်ရပ်တန့်နိုင်ကြောင်း လေ့လာမှုတစ်ခုက ဆိုထားသည်။

၁၉၉၄ ခုနှစ်မှ ၂၀၀၃ ခုနှစ်ထိ အင်္ဂလန်နိုင်ငံတွင် ကလေးအဝလွန်မှုအချိုးသည် တဖြည်းဖြည်း မြင့်တက်လာကြောင်း တွေ့ရှိခဲ့သည်။ သို့သော်လည်း လွန်ခဲ့သော ၁၀ စုနှစ်တွင် ကလေးအဝလွန်မှု အချိုးသည် ၃၀ ရာခိုင်နှုန်းခန့်သာ ရှိသည်။

လန်ဒန်ဘုရင့် ကောလိပ်မှ သုတေသနပညာရှင်များက အများအားဖြင့် အသက် ၁၁ နှစ်မှ ၁၅ နှစ်အရွယ်ရှိသူများသည် အဝလွန်မှု မြင့်တက်နေကြောင်း ထပ်မံတွေ့ရှိခဲ့သည်။ ထို့ပြင် အင်္ဂလန်ပြည်သူ့ကျန်းမာရေးဌာနက အဝလွန်ခြင်းနှင့် ပတ်သက်ပြီး အားရကျေနပ်မှု မရှိကြောင်း ဖော်ပြခဲ့သည်။

နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အချို့ ကင်ဆာရောဂါများနှင့် မြို့ခြင်းကဲ့သို့ များပြားသော ကျန်းမာရေးပြဿနာများနှင့် အဝလွန်ခြင်းသည် သိသာစွာ ဆက်နွယ်မှုရှိကြောင်း ကျွမ်းကျင်သူများက ယုံကြည်ထားသည်။

အင်္ဂလန်နိုင်ငံတွင် အဝလွန်သူများသည် လွန်ခဲ့သော ၂၅ နှစ်ကထက် သုံးဆမြင့်တက်လာခဲ့သည်။

ထိုနှစ်အတွင်း ကလေးများကြား အဝလွန်မှုသည်လည်း မြင့်တက်လာခဲ့သည်။ အင်္ဂလန်နိုင်ငံတွင် ကလေးသုံးယောက်လျှင် တစ်ယောက်မှာ ကိုယ်အလေးချိန်မြင့်တက်နေပြီး ငါးယောက်လျှင် တစ်ယောက်မှာ အဝလွန်လာကြောင်း သိရသည်။

အခြားရင်းမြစ်များမှ သတင်းအချက်အလက်များက ကလေးအဝလွန်မှုသည် ရပ်တန့်နေကြောင်း သို့မဟုတ် တဖြည်းဖြည်းကျဆင်းလာကြောင်း ဆိုသည်။

လေ့လာမှုက အဝလွန်ခြင်းသည် ကိုယ်ခန္ဓာအချိုးအစား ညွှန်းကိန်း BMI နှင့် ညီမျှကြောင်း ဖော်ပြထားသည်။

ကလေးအများစုမှာ မွေးစတွင် အဝလွန်ခြင်းမဖြစ်ဘဲ မူလတန်းပြီးဆုံးချိန်တွင် အဝလွန်လာခြင်းမှာ စိတ်ပျက်စရာကောင်းကြောင်း၊ အသက်ငယ်ရွယ်သော အုပ်စုများကို ထိုကဲ့သို့ အဝလွန်မှု မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ခြင်းသည် ပိုမိုကောင်းမွန်ကြောင်း၊ ထို့ကြောင့် မိမိတို့သည် ကယ်လိုရီလျှော့ချရေးကို ဦးတည်ရမည်ဖြစ်ပြီး တက်ကြွလှုပ်ရှားပြီး ကျန်းမာကြံ့ခိုင်သော ဘဝများကို ပိုင်ဆိုင်ရန် ကလေးများကို အသိပညာပေးရမည်ဖြစ်ကြောင်း တော်ဝင်ကောလိပ်၏ ကလေးသူငယ်ရောဂါဆိုင်ရာ ဆေးပညာနှင့် ကလေးသူငယ် ကျန်းမာရေးဌာန အာဟာရဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ကောလင်းမီချီက ဆိုသည်။ **(ဘီဘီစီ)**

# ပါကစ္စတန် တောင်ပိုင်းဗလီတိုက်ခိုက်မှု အနည်းဆုံးလူ ၄၀ သေဆုံး

**အစ္စလမ္မာဘတ် ဇန်နဝါရီ ၃၁**

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ရှီးယိုက်ဗလီတစ်ခုကို ဗုံးခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး လူ ၄၀ သေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောသည်။ ဆင်းပြည်နယ်ရှိ ရှီခါပါခရိုင်၌ သောကြာနေ့ဆုတောင်းပွဲအပြီး တိုက်ခိုက်ခဲ့ရာ လူဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့ပြီး သေဆုံးသူအရေအတွက် မြင့်တက်လာလိမ့်မည်ဟု မျှော်လင့်ရသည်။

ပါကစ္စတန်တာလီဘန်နှင့်ဆက်နွယ်သော ဆွန်နီစစ်သွေးကြွများက ယင်းတိုက်ခိုက်မှုသည် ယင်းတို့၏လက်ချက်ဖြစ်သည်ဟု ပြောဆိုလိုက်သည်။ ယင်းတိုက်ခိုက်မှုသည် အသေခံတိုက်ခိုက်မှုဖြစ်နိုင်ကြောင်း၊ သို့သော်လည်း ရဲတပ်ဖွဲ့က စုံစမ်းနေဆဲဖြစ်ကြောင်း ဒေသမီဒီယာများက ပြောသည်။

လွန်ခဲ့သည့်နှစ်များအတွင်း ပါကစ္စတန်၌ အကြမ်းဖက်တိုက်ခိုက်မှုများ မြင့်တက်ခဲ့သည်။ ဆွန်နီစစ်သွေးကြွအုပ်စုက လူနည်းစု ရှီးယိုက်တို့အား ပစ်မှတ်ထား တိုက်ခိုက်လျက်ရှိသည်။

ပြင်းထန်သောပေါက်ကွဲမှုကြောင့် ဗလီအမိုးပြိုကျခဲ့ရာ လူအများအပြားပိတ်မိနေကြောင်း ဒေသမီဒီယာက ဆိုသည်။ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လူရာပေါင်းများစွာထွက်ပြေးကြကြောင်း မျက်မြင်တွေ့ရှိသူ ဇာဟစ်ဇွန်းက ပြောသည်။ သေဆုံးသူများတွင် ကလေးလေးဦးပါဝင်ကြောင်း ရဲအရာရှိ ကယ်ဝါက ပြောကြားသည်။ ဒဏ်ရာရသူအများစုကို လာကာနာနှင့် ဆူကာ ဆေးရုံများသို့ တင်ပို့ခဲ့သည်ဟုဆိုသည်။ **(ဘီဘီစီ)**

# အရိုးစုအိတ်များတွေ့ရှိခြင်းကြောင့် အိန္ဒိယရဲများ ဦးနှောက်ခြောက်

**နယူးဒေလီ ဇန်နဝါရီ ၃၁**

အရိုးစုများနှင့် ပုပ်သိုးဆွေးမြည့်နေသော ခန္ဓာကိုယ်အစိတ်အပိုင်းများကို အိန္ဒိယရဲစခန်းအဆောက်အအုံ၏ အသုံးမပြုသောအခန်းတစ်ခုထဲတွင် တွေ့ရှိခဲ့သည်။ ဥတ္တရာပရာဒေ့ရှ်ပြည်နယ် အန်နော်ရှိ ရဲစခန်းတွင် လုပ်ကိုင်ကြသော အလုပ်သမားများက လူခန္ဓာကိုယ်အစိတ်အပိုင်းများထည့်ထားသော အိတ်များကို တွေ့ရှိခဲ့ကြသည်။ ဤအလောင်းများသည် မည်ကဲ့သို့ အဆောက်အအုံအတွင်း ရောက်ရှိနေသည်ကိုမူ ရဲများက ရှင်းပြနိုင်ခြင်းမရှိပေ။ သို့သော် ၂၀၀၈ ခုနှစ်အထိ ဤအဆောက်အအုံကို ရင်ခွဲရုံအဖြစ်အသုံးပြုခဲ့သည်ဟု ယူဆရကြောင်း ရဲများက ပြောခဲ့သည်။ ဒေသဆိုင်ရာအာဏာပိုင်များက အဘယ်ကြောင့် ဤအလောင်းများအား စွန့်ပစ်ခြင်းမပြုသည်ကို စုံစမ်းရန် DNA စစ်ဆေးခြင်း များ ပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အန်နော်ရဲဌာနအကြီးအကဲ မဟိန္ဒြာပါဆင်းက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်အတွက် အလောင်း ၁၀၀ ကျော်ကို ရဲစခန်းတွင် သိမ်းဆည်းထားကြောင်း အိန္ဒိယတိုင်း(မ်)ကို ပြောကြားခဲ့သည်။ အချက်အလက်များ တိကျမှန်ကန်စေရေးအတွက် ကောင်းမွန်သောစမ်းသပ် ကိရိယာများနှင့် DNA စစ်ဆေးမှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောခဲ့သည်။ အန်နော်ခရိုင်မှ အာဏာပိုင်များက မကြာသေးမီက ဂင်္ဂါမြစ်အတွင်း တွေ့ရှိခဲ့သောအလောင်း ၁၀၀ ကျော်ကိုလည်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

အဆိုပါအလောင်းများသည်သင်္ဂြိုဟ်စရိတ်မတတ်နိုင်သော ဆင်းရဲသည့် မိသားစုများမှ စွန့်ပစ်ထားသည့်အလောင်းများဖြစ်သည်ဟုလည်း ယူဆကြသည်။ **(ဘီဘီစီ)**

# လေယာဉ်များတွင် ခြေရာခံကိရိယာသစ် တပ်ဆင်နိုင်တော့မည်

**နယူးယောက် ဇန်နဝါရီ ၃၁**

ပျက်ကျလေယာဉ်များကို ကယ်ဆယ်ရေးအဖွဲ့များ ရှာဖွေရာတွင် လွယ်ကူစေရန်အတွက် မိနစ်တိုင်းတွင် အရေးပေါ်အသံလှိုင်းကို ပို့ပေးနိုင်မည့် ထုတ်လွှင့်စက်များကို ကမ္ဘာတစ်ဝန်းရှိ ပုဂ္ဂလိက လေကြောင်းလိုင်းများတွင် မကြာမီ တပ်ဆင်နိုင်တော့မည်ဖြစ်ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြထားသည်။ လုပ်ငန်းစဉ်အသစ်များကို ယခုနှစ်ကုန်ပိုင်းတွင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း နိုင်ငံတကာလေကြောင်းထိန်းသိမ်းရေးအဖွဲ့(အိုင်စီအေအို)က ပြောခဲ့သည်။

ခြေရာခံကိရိယာ အသစ်ကို တပ်ဆင်သော လေယာဉ်များသည် လေကြောင်းလိုင်း ဦးတည်ရာလမ်းကြောင်း လွဲမှားခြင်းကဲ့သို့သော မမျှော်လင့်သော အခြေအနေမျိုးဖြစ်ပေါ်ပါက မိနစ်တိုင်းသတင်းပို့မှုကို လုပ်ဆောင်ပေးနိုင်မည်ဖြစ်သည်။

အဆိုပါစနစ်ကို အသုံးပြုထားသော လေယာဉ်များသည် ပျံသန်းနေသည့် သာမန်အခြေအနေတွင် ၁၅ မိနစ်ခြားတစ်ခါ ၎င်းတို့၏ တည်နေရာကို သတင်းပေးပို့မည်ဖြစ်ပြီး ကယ်ဆယ်ရေးအဖွဲ့များသည် ယင်းအသံလှိုင်း၏ ဖော်ပြချက်အရ နောက်ဆုံးသိရသော အနေအထားဖြင့် ရေမိုင်ခြောက်မိုင်အတွင်း ခြေရာခံနိုင်မည်ဖြစ်သည်။

လက်ရှိအခြေအနေတွင် လေယာဉ်များကိုရေဒါဖြင့် ခြေရာခံလိုက်ကြရသည်။ ရေထဲသို့ ပျက်ကျခဲ့သော လေယာဉ်ကို အလွယ်တကူရှာဖွေနိုင်ရန်နှင့် ရေထဲတွင် ပေါ်လောပေါ်နိုင်ပြီး လေယာဉ်မှ ကန်ထွက်နိုင်သည့် လေယာဉ်ပျံသန်းမှုမှတ်တမ်းများကို လေကြောင်းလိုင်းများတွင် တပ်ဆင်ရန်တောင်းဆိုခဲ့ကြသည်။

၂၀၁၂ ခုနှစ်တွင်ထုတ်လုပ်မည့် လေယာဉ်များကို ကနေဒါနိုင်ငံ မွန်ထရီရယ်မြို့၌ ဖေဖော်ဝါရီ ၂ ရက်မှ ၅ ရက်အထိ ကျင်းပမည့် အိုင်စီအေအိုအဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးတွင် တင်ပြမည်ဖြစ်သည်။

ပဏာမခြေလှမ်းအနေဖြင့် အိုင်စီအေအိုအဖွဲ့ဝင်နိုင်ငံများ၏ တစ်ညီတစ်ညွတ်တည်း ထောက်ခံမှုလိုအပ်ကြောင်း စက်မှုကျွမ်းကျင်ပညာရှင်များက ဆိုခဲ့သည်။

နောက်ဆုံး အဆိုပြုချက်ကို အတည်ပြုနိုင်ရေးအတွက် အိုင်စီအေအိုကောင်စီသို့ခြောက်လအတွင်း တင်ပြမည်ဖြစ်သည်။ **(ပရက်စ်တီဗွီ)**

# တရုတ်တွင် ကျောက်မီးသွေးတွင်းပြို ခုနစ်ဦးသေဆုံး

**ဟေဖေး ဇန်နဝါရီ ၃၁**

တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟွီပြည်နယ် ကျောက်မီးသွေးတွင်းပြိုကျမှုကြောင့် လူခုနစ်ဦးသေဆုံးခဲ့ပြီး အလောင်းတစ်လောင်းကို ကယ်ဆယ်သူများက စနေနေ့က ပြန်လည်ရရှိခဲ့ကြသည်ဟု သိရသည်။ အဆိုပါ မတော်တဆမှုသည် စူကျိုးမြို့တော်ရှိ ကျူရှန်ကျောင်း ကျောက်မီးသွေးတွင်း၌ ညနေ ၆ နာရီ ၅၅ မိနစ်က ဖြစ်ပွားခဲ့သည်။

သောကြာနေ့က သတ္တုတွင်းအလုပ်သမား ၃၄ ဦးသည် မြေအောက်တွင် အလုပ်လုပ်နေစဉ် ပြိုကျခဲ့ခြင်းဖြစ်သည်။ ခုနစ်ဦးမှာ ကျောက်မီးသွေးတွင်းပြိုကျရာတွင် ပိတ်မိနေခဲ့ပြီး ၂၇ ဦးမှာ လွတ်မြောက်သွားသည်ဟု ဟွီဘေးသတ္တုတွင်းအဖွဲ့ကုမ္ပဏီလီမိတက်မှ ကျောက်မီးသွေးတွင်းပိုင်ရှင်ဖြစ်သူက ပြောသည်။ ကျူရှန်ကျောင်း ကျောက်မီးသွေးတွင်းသည် ၁၉၈၀ ခုနှစ်များအတွင်း စတင်စီမံလုပ်ဆောင်ခဲ့သော နိုင်ငံပိုင်ကျောက်မီးသွေးတွင်း ဖြစ်သည်။ ကျောက်မီးသွေးတွင်းပြိုကျခဲ့သည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်ဟု သိရသည်။ **(ဆင်ဟွာ)**

# ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၃၁**

ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား ရှင်းလင်းဆွေးနွေးသည့် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုပေါင်းခန်းမတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်း တက်ရောက်ရှင်းလင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက တယ်လီကွန်းကဏ္ဍတွင် ယခင်က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတစ်ခုတည်းသာ ဆောင်ရွက်နေရာမှ ယခုပြည်တွင်း၊ ပြည်ပ အော်ပရေတာ(၄)ခုမှ ဆောင်ရွက်လာကြမည်ဖြစ်သဖြင့် အော်ပရေတာ(၄)ခုစလုံးအား လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး မျှမျှတတ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနအနေဖြင့် မူဝါဒပိုင်းကိုသာ အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့်လည်း အော်ပရေတာ (၁)ခုအနေဖြင့် ၎င်း၏ အစီအမံဖြင့် ဆောင်ရွက်နေပြီဖြစ်သော်လည်း နိုင်ငံတော်၏ ဆက်သွယ်ရေးစီမံကိန်းများနှင့် စပ်လျဉ်း၍ လိုအပ်သလို ကြီးကြပ်မှုများကို ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ပြည်တွင်းရှိ လူ့စွမ်းအားအရင်းအမြစ်များနှင့် အလုပ်အကိုင်အခွင့်အရေး ရရှိစေရေးကိစ္စရပ်ကိုလည်း တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ သို့ရာတွင် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်စံချိန်စံညွှန်းများထုတ်ပြန်ပြီး ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထိုသို့ စနစ်တကျဆောင်ရွက်နိုင်ရန် ဥပဒေ၊ နည်းဥပဒေများအား ကျေကျေညက်ညက် သိရှိနားလည် လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သဖြင့် ယခု ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ရှင်းလင်းပြောကြားချက်များအပေါ် သိရှိလိုသည်များ၊ မရှင်းလင်းသည်များရှိပါက ပွင့်ပွင့်လင်းလင်း မေးမြန်းသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဆက်သွယ်ရေးဆိုင်ရာ နည်းဥပဒေများ၊ အသစ်ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုလိုင်စင်များနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများ၊ လိုက်နာကျင့်သုံးရမည့် အချက်များအား အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသော လုပ်ငန်းရှင်များမှ သိရှိလိုသောအချက်များအပေါ် အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

**မိုးညို ဇန်နဝါရီ ၃၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် လျှပ်စစ်မှူး ဦးထွန်းထွန်းဦး ဦးဆောင်သော လျှပ်စစ်လိုင်းဝန်ထမ်းများနှင့်အဖွဲ့သည် ဇန်နဝါရီ ၂၇ ရက်က ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် မိုးညိုမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်တေဇလမ်းရှိ ၄၀၀ ဗို့ဓာတ်အားလိုင်းတွင် Short Link ပြုလုပ်၍ လိုင်းဆက်ကြိုး (Link connection) တပ်ဆင်ခြင်းနှင့်အတူ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆိုင်းဘုတ်များ စိုက်ထူခြင်းနှင့် လက်ကမ်း စာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြင့်နိုင်(ပြည်)**

## စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၃၁**

ဇန်နဝါရီ ၂၈ ရက်က မူးယစ်တပ်ဖွဲ့စု (၃၁) ဘားအံမှ တပ်ဖွဲ့ဝင်များသည် ဘားအံမြို့နယ် ရဲသာကျေးရွာအုပ်စု ကမော့ကစင်ကျေးရွာရှိ စောယဉ်ကျေး၏ နေအိမ်တွင် ဘားအံမြို့မရဲစခန်း၊ မူးယစ်အမှုမှ တရားခံပြေး မောင်ပိန်ရောက်ရှိနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ မောင်ပိန်ကိုတွေ့ရှိပြီး ၎င်းလွယ်ထားသော ပြောက်ကျားအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား တစ်ပြား၊ ပစ္စတိုသေနတ်တစ်လက်၊ ကျည်ကတ် တစ်ခု၊ ၎င်းကျည်သုံးတောင့်နှင့် (91) အမျိုးအစား လက်ပစ်ဗုံးတစ်လုံး (ဖြူ့စ်မပါ)နှင့် နေအိမ်အပေါ်ထပ်ရှိ စောယဉ်ကျေး၏ ဝဲဘက်လက်အတွင်းမှ အအေးစုပ်ပိုက်ဖြင့်ထည့်လျက် ဆေးပြား ၁၆ ပြား စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၇ ပြားတို့ကို သိမ်းဆည်းရမိသဖြင့် မောင်ပိန်(ခ) စောဇော်သန်း (၂၅နှစ်) (တရားခံပြေး) နှင့် စောယဉ်ကျေး (ခ) ကျော်ခိ(၂၉နှစ်)တို့ နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(မူးယစ်ဗဟို)**

## လားရှိုးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၃၁**

ဇန်နဝါရီ ၂၉ ရက်က မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ မြို့ရှောင်လမ်း အေးရှားဝေါလ် တိုးဂိတ်အနီးတွင် ကွတ်ခိုင်မြို့ဘက်မှ မန္တလေးမြို့ဘက်သို့ ကျော်သူရ (ခ) ရှိုးတီ မောင်းနှင်လာသည့် ယာဉ်အမှတ် YGN 11 -----(TOYOTA G-TOURING) ခဲရောင်ဆလွန်းယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်၏ ရှေ့ဝဲ/ ယာဖင်ထိုင်ခုံအောက် တစ်ဖက်စီ မှ ပလတ်စတစ်အထုပ်များဖြင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ သိမ်းဆည်းရမိသဖြင့် ကျော်သူရ (ခ) ရှိုးတီ (၃၉နှစ်) ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(မူးယစ်ဗဟို)**

## လောက်ကိုင်မြို့၌ သတင်းစာရှင်းလင်းပွဲကျင်းပ

**လောက်ကိုင် ဇန်နဝါရီ ၃၁**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် လောက်ကိုင်မြို့ သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က လောက်ကိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ အလုပ်အမှုဆောင် ဦးမြီရှောက်ချန်းက ဒေသဦးစီးအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းကိစ္စများနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် လောက်ကိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကောင်းမြတ်နိုင်က ခရိုင်ရဲတပ်ဖွဲ့၏လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းခြင်း၊ ရဲတပ်ဖွဲ့များမှ မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များအားရှင်းလင်းပြီး တက်ရောက်လာသူ ဌာနဆိုင်ရာများနှင့် ပြည်သူများမှသိရှိလိုသည်များ မေးမြန်းရာသက်ဆိုင်ရာမှ ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## မြင်းမူမြို့ ပုလဲတန်ရွာတွင် တစ်လက်မခန့်ရှိပျားကောင်များ အတုပ်ခံရသဖြင့် ရွာသူ ရွာသားတချို့ဆေးရုံတက်ရ

**မြင်းမူ ဇန်နဝါရီ ၃၁**

ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက မြင်းမူမြို့နယ် ပုလဲတန်ရွာဦး ကိုးတောင်ပြည့်စေတီဗုဒ္ဓပူဇနိယပွဲတရားနာ ရေစက်ချအချိန် ရွာလယ်လမ်းအရှေ့ဖျား လမ်း၏မြောက်ဘက်ရှိ ဦးရီနေအိမ်ဝင်းထဲမှ မန်ကျည်းပင်တွင် လှည်းဘီးအရွယ်ခန့်ရှိ ပျားအုံကြီးမှ အရွယ်အစားတစ်လက်မခန့်ရှိ ပျားကောင်များသည် ၎င်းနေရာ၏ တောင်ဘက် တစ်မိုင်ခန့်ဝေးသော ဧရာဝတီမြစ်ဆိပ်သို့ ရေသောက်ဆင်းအပြန်တွင် ကိုးတောင်ပြည့် ဘုရားဝိုင်းထဲရှိ သိမ်ထဲတွင်တရားနာနေသော ဒေါ်ကြည်၊ ဒေါ်ခင်ရှို၊ ဒေါ်ကြည်ငွေ၊ မဇင်မာဝင်း၊ သမီး ဇွန်ဖူး၊ ဒေါ်ခင်သက်(မြေး) ဖြိုးဖြိုးအား တုပ်ခဲ့ကြောင်း၊ ထို့နောက် ရွာထဲမှ ဒေါ်သန်းအေး၊ ဦးကျော်ဝ၊ ကိုစိုးမင်း၊ ကိုသောင်းနိုင်အေးတို့အား ပျားထပ်တုပ်ခဲ့ကြောင်း၊ ပျားတုပ်ခံရသူများအား မြင်းမူဆေးရုံသို့သွားရောက် ကုသမှုခံယူရကြောင်း၊ ကိုစိုးမင်းဆိုသူမှာ ဒူးခေါင်းမှ ဦးခေါင်းအထိ ပျားများတုပ်ခံရသဖြင့် ပျားဆိပ်သင့်မူးဝေ အိပ်ချင်လာ၍ ဆေးရုံ၌ နှစ်ရက်တက်ခဲ့ရကြောင်းသိရသည်။

ပြီးခဲ့သည့်နှစ်ဝါဆိုလအတွင်းကလည်း ဘုန်းကြီးကျောင်း၌ အလှူအတွက် ထမင်း၊ ဟင်းချက်သူများကို ပျားတုပ်ခဲ့သဖြင့် ဦးစံဟိန်း၊ ဦးစံတို့နှစ်ဦး ဆေးရုံတက်ခဲ့ရသည်။ ဒုတိယအကြိမ် ယင်းနှစ် သီတင်းကျွတ်လထဲတွင် ဘုန်းကြီးကျောင်းအလှူအတွက် ထမင်းဟင်းချက်နေစဉ် ဦးတင်မောင်ဝင်း၊ ဦးစိုးတို့နှစ်ဦး ပျားတုပ်ခံရ၍ ဆေးရုံ၌ ဆေးထိုးခဲ့ရကြောင်းသိရသည်။

(၀၇၉)

## မကွေးတိုင်းဒေသကြီးနယ်မြေအတွင်း ပြေးလေးပြေးဖမ်းဆီးရမိ

**မကွေး ဇန်နဝါရီ ၃၁**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မင်းလှမြို့မရဲစခန်းမှ နယ်ထိန်းအဖွဲ့ခေါင်းဆောင် ရဲအုပ်ဇော်မင်းနိုင်နှင့်အဖွဲ့သည် ဇန်နဝါရီ ၂၇ ရက် နံနက် ၈ နာရီခွဲက သဖန်းချောင်းကျေးရွာအတွင်း ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ပူးပေါင်း၍ လှည့်ကင်းဆောင်ရွက်နေစဉ် မင်းလှမြို့မရဲစခန်းက အမှုမှ တရားခံပြေး ဇော်ဝင်းထွန်း (၂၃ နှစ်) သဖန်းချောင်းကျေးရွာ မင်းလှမြို့နယ် နေသူကို သဖန်းချောင်းကျေးရွာ ရွာလယ်လမ်းမတွင် ဖမ်းဆီးရမိသဖြင့် မင်းလှမြို့မရဲစခန်းတွင် ချုပ်နှောင်ထားရှိပြီး တရားစွဲတင်ပို့ရန် ဆောင်ရွက်လျက်ရှိသည်။

မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့တွင် မှတ်ပုံတင်(၂၉) စာရင်းဝင်တရားခံပြေး ၁၂ ဦး၊ မှတ်ပုံတင် ၂၉ (ဂ)စာရင်းဝင်တရားခံပြေး ၂၃၄ ဦးရှိသည့်အနက် ဇန်နဝါရီ ၂၉ ရက်ထိ မှတ်ပုံတင် ၂၉ (က) စာရင်းဝင်တရားခံပြေး နှစ်ဦး၊ မှတ်ပုံတင် ၂၉(ဂ)စာရင်းဝင်တရားခံပြေး ၇၂ဦး စုစုပေါင်းစာရင်းဝင်တရားခံပြေး ၇၄ ဦး ဖမ်းဆီးရမိပြီးဖြစ်သဖြင့် ဖမ်းဆီးရမိမှု ရာခိုင်နှုန်း ၃၀ ဒသမ ၁ ရာခိုင်နှုန်းဖြစ်၍ သက်ဆိုင်ရာ တရားရုံးများသို့ တရားစွဲတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## လူကုန်ကူးမှုတိုက်ဖျက်ရေး လူတိုင်းကိုယ်စီသတင်းပေး

**SIM CARD**
**ဝယ်ယူမည့်ဈေးနှုန်းများ**
73**-90000
49**-150000
86**-100000
**Ph:09-252181818, 09-73000119**

**မြေကွက်များဝယ်လိုသည်**
ဒဂုံအရှေ့၊ ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်းမြို့နယ်များရှိမြေကွက်များ ဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။
**ဖုန်း-၀၉-၂၆၀၆၆၄၈၀၊**
**၀၉-၂၆၀၆၆၄၉၀**

ဗိုလ်ချုပ်အောင်ဆန်းနှစ်တစ်ရာပြည့် မွေးနေ့ဂုဏ်ပြုဆောင်းပါး

# တမ်းတတိုင်းဝယ် တမြည့်မြည့်

ဝေယံမောင်

**ဆယ့်သုံးဂဏန်းနှင့် မြန်မာ့လွတ်လပ်ပန်း**

ဆယ့်သုံးဂဏန်းကို အများစုက ကံမကောင်းသောဂဏန်းဟု ဆိုကြသည်။ ကျွန်တော့်အနေဖြင့်မူ ထိုဂဏန်းသည် မြန်မာ့လွတ်လပ်ပန်းကို ဆောင်ကြဉ်းပေးနိုင်သည့် မင်္ဂလာရှိသော ကိန်းဂဏန်းတစ်ခုအဖြစ် ရှုမြင်မိပါသည်။

"ဖေဖော်ဝါရီ ဆယ့်သုံးမှာ၊ ဗိုလ်ချုပ်မွေးနေ့ပါ တစ်ထောင့်ကိုးရာ တစ်ဆယ့်ငါး ရွှေနေဦးဖွာ သား"အစချီသော ကဗျာကို ကျွန်တော်တို့ မြန်မာနိုင်ငံသားတိုင်း အလွတ်ရွတ်ဆိုနိုင်ကြသည်။ ဗိုလ်ချုပ်ဟု ပြောလိုက်သည်နှင့် ဗိုလ်ချုပ်အောင်ဆန်းကို ဆိုလိုမှန်း အလိုလိုသိကြသည်။ ဗိုလ်ချုပ်ဟု ချိုမြိန်စွာခေါ်ရသည်က အားမာန်ကို မွေးဖွားစေသည်၊ ဗိုလ်ချုပ်ဟု ကြားရသည်က ကြားရသူအပေါင်း၌ အလွန်ပင် နားဝင်ပီယံရှိလှပါသည်။ ဗိုလ်ချုပ်ကဗျာကို ရွတ်ဆိုတိုင်းလည်း ဗိုလ်ချုပ်၏ဂုဏ် ကျေးဇူး အထူးထူးကို ရည်စူးအောက်မေ့ပြီး ကြည်ညိုလေးစားစိတ်များ အဖန်တလဲလဲ ကြည်နူးစွာဖြစ်ရပါသည်။

**လူထဲကလူ သို့သော် အာဂလူ**

ဗိုလ်ချုပ်ကို မြန်မာနိုင်ငံမြေလတ်ဒေသရှိ နတ်မောက်မြို့တွင် သူလိုကိုယ်လိုပင် မွေးဖွားခဲ့ပြီး ငယ်နာမည်မှာ မောင်ထိန်လင်းဖြစ်ပါသည်။ သို့သော် အာဇာနည်သွေးမှာ မွေးကတည်းကပင် ပါခဲ့သည်ဟု ဆိုရပါမည်။ ငယ်စဉ်ကပင် အမှန်တရားကို ချစ်မြတ်နိုးသောစိတ်၊ မဟုတ်မခံတုံ့ပြန်လိုစိတ်၊ ပညာကို ကြိုးစားသင်ယူလိုသောစိတ် တို့နှင့်အတူ တိုင်းပြည်လွတ်လပ်ရေးကို စိတ်ဝင်တစားဖြင့် ထက်သန်ပြင်းပြစွာ ဆောင်ရွက်ခဲ့မှုတို့မှာ လူထဲကလူဖြစ်သော်ငြားလည်း အာဂလူတစ်ဦးအဖြစ် တောက်မည့်မီးခဲ တရဲရဲ ဖြစ်ခဲ့ပါသည်။

**ဘမျိုးဘိုးတူ**

ဗိုလ်ချုပ်၏ အဘိုးဖြစ်သူ ရွှေလရောင်ဘွဲ့ခံ မြို့လုလင်သူကြီး ဦးမင်းရောင်မှာ နယ်ချဲ့ဗြိတိသျှတို့ ၁၂၄၇ ခုနှစ် အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့စဉ်က သူ့ကျွန်မခံလိုသောစိတ်ဖြင့် ရရာလက်နက်ကိုင်ဆွဲကာ ဗြိတိသျှစစ်တပ်ကို အကြိတ်အနယ် အန်တုခုခံ တော်လှန်တိုက်ခိုက်ရင်း မြန်မာ့လွတ်လပ်ရေးအတွက် အသက်ပေးသွားခဲ့သော မျိုးချစ်သူရဲကောင်းကြီး တစ်ဦးဖြစ်ပါသည်။

ဗိုလ်ချုပ်မှာလည်း မြန်မာ့လွတ်လပ်ရေးအတွက် မဆုတ်မနစ်သော ဇွဲလုံ့လဖြင့် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ရင်း နယ်ချဲ့ဗြိတိသျှတို့၏ သွေးထိုးအကောက်ကြံမှုကြောင့် ဖြစ်ပေါ်လာရသည့် အမျိုးသားသစ္စာဖောက်များ၏ လုပ်ကြံမှုနှင့်အတူ အသက်ဆုံးရှုံးခဲ့ရလေရာ ဘမျိုးဘိုးတူ မျိုးချစ်သူရဲကောင်းတစ်ဦးအဖြစ် သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့ပါသည်။ တစ်နည်းအားဖြင့် ဗိုလ်ချုပ်သည် သူ့ကျွန်မခံသည့်၊ အင်္ဂလိပ်ကို ဆန့်ကျင်သည့် မျိုးရိုးဇာတိအစဉ်အလာကို ထိန်းသိမ်းခဲ့သူဖြစ်ပါသည်။

**မြန်မာ့လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့သည့် ဗိုလ်ချုပ်**

မြန်မာ့သမိုင်းတစ်ခေတ် အရိုင်းစစ်ကြောင့် **ထီးကျိုး စည်ပေါက် ကျွန်သပေါက်**ဘဝဖြင့် နှစ်ရာချီ၍ လူလုံးမလှ အပူလုံးကြွခဲ့ရသည့် မြန်မာပြည်ကို နယ်ချဲ့နှင့် ဖက်ဆစ်တို့၏ ဖိနှိပ်မှုအစုစုတို့အား **"လက်အောက်မှ လှန်၊ ရန်အောက်မှ ရန်း၊ နန်းအောက်မှ ဖောက်"** သူ့ကျွန်ဘဝမှ လွတ်မြောက်ပြီး မြန်မာ့အချုပ်အခြာအာဏာကို ပြန်လည်ရရှိရလေအောင် ဗိုလ်ချုပ်ကိုယ်တိုင်ဦးဆောင်၍ ဗိုလ်ချုပ်ထူထောင်ခဲ့သော တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးတို့၏ ကြိုးပမ်းအားထုတ်မှုတို့ဖြင့် ဆောင်ကြဉ်းပေးနိုင်ခဲ့ပါသည်။

ထို့ကြောင့်လည်း ယနေ့အခါ ကျွန်ုပ်တို့အားလုံး မြန်မာနိုင်ငံတော်အလံကို ဂုဏ်ယူဝင့်ကြွားစွာ လွှင့်ထူ၍ နိုင်ငံတော်သီချင်းကို ကြက်သီးတဖျန်းဖျန်းထအောင် သီဆိုနိုင်ခဲ့ကြပြီမဟုတ်ပါလော။

**စည်းလုံးမှုပြယုဂ် ပင်လုံစာချုပ်ကို အသက်သွင်းခဲ့သည့် ဗိုလ်ချုပ်**

ဗိုလ်ချုပ်ကစည်းလုံးညီညွတ်ရေး အရေးကြီးပုံကို ပြောပြခဲ့မှုအား ဗိုလ်ချုပ်၏ အပါးတော်မြဲဆောင်ရွက်ခဲ့သည့် ဗိုလ်ထွန်းလှက ရေးသားခဲ့သည်မှာ

"---- ဂျပန်ပြေးတာနဲ့ အင်္ဂလိပ်အစိုးရပြန်ဝင်လာပြီး မြန်မာနိုင်ငံဟာ မူလကအတိုင်း ကျွန်ဘဝပြန်ရောက်ဦးမယ် . . . ငါတို့ဟာ စစ်ရေးအရ ဗြိတိသျှအင်ပါယာကြီးကို နိုင်အောင်မတိုက်နိုင်ဘူး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအင်အားနဲ့မှ တိုက်လို့ရမယ်၊ မင်းတို့ မြဲမြဲမှတ်ထားဖို့က ငါတို့ရဲ့ အဓိကလက်နက် အထိရောက်ဆုံးလက်နက်ဟာ စက်သေနတ်တွေ အမြောက်တွေမဟုတ်ဘူး ယူနတီ (Unity)ဆိုတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုသာ ဖြစ်တယ်" ဟူ၏။

အပြောနှင့်အလုပ် တစ်ထပ်တည်းကျသည့် ဗိုလ်ချုပ်သည် ဗြိတိသျှတို့မှ မတတ်သာ၍ လွတ်လပ်ရေးပေးရတော့မည့်အချိန်တွင် ရှမ်းပြည်နယ်နှင့် တောင်တန်းဒေသများအား ၎င်းတို့၏အကျိုးစီးပွားအတွက် ဆက်လက်ချုပ်ကိုင်လိုသည့် သဘောထားရှိမှုကို သိရှိလာသည့်အခါ ၁၉၄၆ ခုနှစ် မတ်လမှ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလအထိ တိုင်းရင်းသားခေါင်းဆောင်များထံ ကိုယ်တိုင်ကိုယ်ကျ သွားရောက်တွေ့ဆုံညှိနှိုင်းခဲ့၍ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် အသက်တမျှ အရေးကြီးလှသည့် အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့ပြီး ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် သမိုင်းဝင် ပင်လုံစာချုပ်ကြီးကို တိုင်းရင်းသားအားလုံး သွေးစည်းချစ်ကြည်သော အထိမ်းအမှတ်အဖြစ် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ထိုပင်လုံစာချုပ်ဖြင့် မြန်မာ့လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့ပါသည်။

**ရှုထောင့်မျိုးစုံတွင် ချစ်ခင်လေးမြတ်ဖွယ်ဗိုလ်ချုပ်**

မည်သူမဆို အားနည်းချက်၊ အားသာချက်ဟူ၍ ရှိသည်သာဖြစ်ပါသည်။ ဗိုလ်ချုပ်မှာလည်း ပုထုဇဉ်တစ်ဦးပီပီ အားနည်းမှု၊ ချို့ယွင်းမှုရှိမည်သာ ဖြစ်ပါသည်။ သို့သော် ဗိုလ်ချုပ်၏ အားနည်းမှု၊ ချို့ယွင်းမှုများသည် တိုင်းပြည်ကို ကယ်တင်ရာတွင် အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်ရဲသော၊ အများပြည်သူ၏ လွတ်လပ်မှုလိုအင်ဆန္ဒကို အသက်နှင့်လဲ၍ ဖြည့်စွမ်းပေးခဲ့သော စိတ်စေတနာတို့အောက်ဝယ် အလိုလိုတိမ်မြုပ်ပျောက်ကွယ်သွားသည်ဟု ခံစားမိပါသည်။

ဗိုလ်ချုပ်က မြန်မာပြည်၌သာမက ကမ္ဘာမှာပင် ရှားမှရှားသော ပုဂ္ဂိုလ်ထူးဖြစ်ပါ၏။ မြန်မာနိုင်ငံတော်သမိုင်းကို ပြန်ပြောင်းကြည့်မည်ဆိုပါကလည်း အနော်ရထာမင်းသည် အေဒီ ၁၁ ရာစုတွင် ပထမမြန်မာနိုင်ငံတော်ကြီးကို စစ်ရေးမဟာဗျူဟာဖြင့်လည်းကောင်း၊ ဘုရင့်နောင်မင်းတရားကြီးသည် ၁၆ ရာစုတွင် ဒုတိယမြန်မာနိုင်ငံတော်ကြီးကို စစ်ရေးမဟာဗျူဟာဖြင့်လည်းကောင်း၊ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် ၁၈ ရာစုတွင် တတိယမြန်မာနိုင်ငံတော်ကြီးကို စစ်ရေးမဟာဗျူဟာဖြင့်လည်းကောင်း၊ ထူထောင်ခဲ့ကြရာ ဗိုလ်ချုပ်အောင်ဆန်းမှာမူ ၂၀ ရာစုတွင် စတုတ္ထမြန်မာနိုင်ငံတော်ကြီးကို စစ်ရေးနည်းအပြင် **ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်** ဟူသော အယူအဆဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတည်းဟူသော စည်းရုံးရေးနည်းကိုပါ တွဲဖက်၍ မဟာဗျူဟာ အမျိုးမျိုး ကျင့်သုံးထူထောင်နိုင်ခဲ့ပါသည်။ သတ္တိနှင့် ဗျတ္တိကို မှန်ကန်စွာ အသုံးချနိုင်ခဲ့သူဖြစ်ပါသည်။

**ပြည်သူအပေါ်၊ တိုင်းရင်းသားအပေါ် ချစ်ခင်လေးစားသည့် ဗိုလ်ချုပ်**

**ဗိုလ်ချုပ်ဦးဆောင်သည့် ရဲဘော်သုံးကျိပ်ဖြင့် စတင်ထူထောင်ခဲ့သည့် မြန်မာ့တပ်မတော်သည် ထိုစဉ်က ကမ္ဘာပေါ်တွင် အလွန်စစ်အင်အားကြီးမားသော ဗြိတိသျှတပ်မတော်ကိုလည်းကောင်း၊ အာရှတွင်စစ်အင်အားကြီးမားလှသည့် ဂျပန်စစ်တပ်ကိုလည်းကောင်း တိုက်ထုတ်နိုင်ခဲ့သည်အထိ အင်အားတောင့်တင်းခိုင်မာခဲ့ပါသည်။ သို့သော် ဗိုလ်ချုပ်သည် လူမျိုးစွဲ၊ ဝါဒစွဲတို့ဖြင့် အသီးသီးကွဲပြားနေသော တိုင်းရင်းသားတို့ကိုမူ အင်အားကို အသုံးပြု၍သိမ်းသွင်းခဲ့ခြင်းမပြုဘဲ တိုင်းရင်းသား ပြည်သူများအပေါ် ချစ်ခင်လေးစားစိတ်၊ စာနာကြင်နာစိတ်တို့ဖြင့် စည်းရုံးရေးမဟာဗျူဟာကို ကျင့်သုံးဆောင်ရွက်နိုင်ခဲ့ပါသည်။ ဤသည်ကား ဗိုလ်ချုပ်၏ မြင့်မြတ်သော စွမ်းဆောင်ရည်ပင်ဖြစ်ပါ၏။**

**မြန်မာ့သမိုင်းတွင် ထာဝစဉ်ရှင်သန်နေမည့် ဗိုလ်ချုပ်**

ဗိုလ်ချုပ်ကို လွတ်လပ်ရေး ဗိသုကာ၊ တပ်မတော်၏ဖခင်၊ မြန်မာပြည်သူတို့၏ အမျိုးသားခေါင်းဆောင်ကြီး စသည့် ဂုဏ်ထူးဝိသေသများဖြင့် ချီးကျူးဂုဏ်ပြုခေါ်ဝေါ်သုံးနှုန်းလေ့ရှိကြပါသည်။ ထိုထိုသော ဂုဏ်ဒြပ်များကလည်း ထပ်တူပြုရန် မရှိနိုင်သည့်၊ နှိုင်းယှဉ်ရန်မရှိသည့် ဝိသေသ လက္ခဏာများပင် ဖြစ်ပါသည်။

**သေသောသူ ကြာရင်မေ့**ဆိုသော်လည်း ဗိုလ်ချုပ်မှာမူ လူသေသော်လည်း နာမည်မသေဘဲ ယနေ့တိုင် မမေ့နိုင်စွာ ဂုဏ်ယူတသနေရပါသည်။ ထို့အတူ မြန်မာ့သမိုင်းတစ်လျှောက် မည်သည့်အခါမှ မေ့ပျောက်နိုင်တော့မည်မဟုတ်သည်မှာ အသေအချာပင်ဖြစ်ပါသည်။

**သီဖွဲ့မကုန် ကျော်သည့်ဂုဏ်**

**ဗိုလ်ချုပ်၏မွန်မြတ်လှသော ဂုဏ်ပုဒ်များက သီဖွဲ့၍မကုန်နိုင်ပေ။ ဖြောင့်မတ်ရိုးသားမှု၊ ကြိုးစားအားထုတ်မှု၊ ကိုယ်ကျိုးစွန့်လွှတ်အနစ်နာခံမှု၊ ကြင်နာသနားတတ်မှု၊ ခေါင်းဆောင်ပီသမှု၊ အမှန်တရားနှင့် တရားမျှတမှုကို လက်ကိုင်ထားမှု၊ ရိုးရှင်းသော ဘဝကိုမြတ်နိုးမှု၊ စာပေလေ့လာလိုက်စားမှု၊ သတ္တိ ဗျတ္တိရှိမှု၊ ရဲဘော်ရဲဘက်စိတ်ရှိမှု၊ မိမိအကျိုးထက် နိုင်ငံသား၏အကျိုးကို ရှေးရှုမှု၊ နိုင်ငံနှင့် လူမျိုးအကျိုးအတွက် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြင့် မဆုတ်မနစ်သော ဇွဲလုံ့လဖြင့် ကြိုးပမ်းဆောင်ရွက်မှု၊အပြန်အလှန်လေးစားတတ်မှု စသည့်မွန်မြတ်အတုယူဖွယ်ကောင်းသော၊ စံပြုဖွယ်ရာဖြစ်သော အမူအကျင့်နှင့် စိတ်ဓာတ်တို့ကို အနာဂတ်ဖန်တီးရှင်များဖြစ်သည့် နောင်လာ နောက်သား မျိုးဆက်သစ်လူငယ်များအကြားဝယ် ပြန့်ပွားစေချင်မိပါသည်။**

**ဗိုလ်ချုပ်ကို အားကျအတုယူပြီး သူ့လိုလူဖြစ်စေရန် အားထုတ်ကြိုးပမ်းကြမည်ဆိုပါလျှင် ဗိုလ်ချုပ်ကဲ့သို့သော လူငယ်ခေါင်းဆောင်ကောင်းများ အများအပြားပေါ်ထွက်လာမည်သာဖြစ်ပါ၏။**

**ဂုဏ်ယူနေရုံနှင့်မရ**

ဗိုလ်ချုပ်ကို ချစ်သလား၊ လေးစားသလား၊ ယုံကြည်သလားဟု မေးလာပါလျှင် လူတိုင်းက ချစ်ခင်လေးစားယုံကြည်ကြကြောင်း ပြောမည်မှာ မလွဲမသွေဖြစ်ပါ၏။ ထိုသို့ ချစ်ခင်လေးစား ယုံကြည်မှုကို အဖန်တလဲလဲ ဂုဏ်ယူနေရုံမျှဖြင့် ချစ်ရာမရောက်ဟု ဆိုရပါမည်။ ဗိုလ်ချုပ်မျှော်မှန်းခဲ့သည့် အမိမြန်မာပြည်ဖြစ်စေရန်မှာမူ ဗိုလ်ချုပ်လမ်းစဉ်နှင့် လုပ်ရပ်များကို သိရှိနားလည်ပြီး ကိုယ်တိုင်လိုက်နာ ကျင့်ကြံအားထုတ်ခြင်းဖြင့်သာလျှင် ဗိုလ်ချုပ်အပေါ် ချစ်ခင်လေးစားယုံကြည်မှုကို ပြသသင့်သည်ဟု ရိုးရှင်းစွာ ရှုမြင်မိပါသည်။

**ယနေ့မြန်မာ မျက်နှာစာ**

**ယနေ့အခါ မြန်မာနိုင်ငံသည် ဖြတ်သန်းခဲ့ရသော ခေတ်စနစ်အသီးသီး၏ သင်ခန်းစာများအရ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းခဲ့သော နိုင်ငံတော်သစ် တည်ဆောက်နိုင်ရေးအတွက် အမျိုးသားရေးတာဝန်အဖြစ် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။**

**လူထုရွေးချယ်မှုဖြင့် ပေါ်ပေါက်လာသည့် ဒီမိုကရေစီဖော်ဆောင်သော အစိုးရအနေဖြင့်လည်း ဒို့တာဝန်အရေးသုံးပါးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။**

**ပြည်သူကိုဗဟိုပြု၍ ပြည်သူ့အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် မဖြစ်မနေလိုအပ်သည်က တည်ငြိမ်မှုနှင့် အေးချမ်းမှုတို့ဖြစ်ပါ၏။ တိုင်းရင်းချစ်ကြည်တွဲလက်ညီစေရေးအတွက် နိုင်ငံတော်မှ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်ကို တိုင်းရင်းသားညီနောင်အချင်းချင်းအကြား အကျိုးမဲ့စွာ ဆုံးရှုံးမှုကို ဖြစ်စေမည့်နည်းလမ်းများကို ဖယ်ရှားပြီး ဆွေးနွေးတိုင်ပင်ညှိနှိုင်းခြင်းဖြင့်သာ လုပ်ဆောင်မည်ဟူသော ယုံကြည်ချက်၊ ခံယူချက်တို့ထားရှိကာ ကြိုးပမ်းလုပ်ဆောင်လျက်ရှိရာ ဤခရီး နီး၊ မနီးမှာမူ နိုင်ငံတော်အစိုးရ၏ အပြုသဘောဆောင်ရွက်ချက်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီး၌ ပါဝင်ဆောင်ရွက်သူများ၏ ဖြစ်ချင်စိတ်ပြင်းပြမှုနှင့်မှန်ကန်သော စိတ်စေတနာတို့အပေါ်တွင်သာ မူတည်မည်ဖြစ်ပါသည်။**

ပြည်သူတစ်ရပ်လုံးက လိုလားတောင့်တနေသည်က **"သားရွှေအိုးထမ်းလာသည်ကို ရှုမြင်ရသည့် ခံစားမှုမျိုး"** ဖြစ်ပါ၏။

**ထို့ကြောင့် မဏ္ဍိုင်အသီးသီး၏ မှန်ကန်မျှတသော လုပ်ဆောင်မှုများကလည်း အထူးအရေးပါလှသည်ကို သတိပြုရန် အထူးလိုအပ်လှပါသည်။ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲတို့၏ မှိုင်းအောက်ဝယ် လူလားမြောက်စ ဒီမိုကရေစီ ခရီးလမ်းကို ခရောင်းလမ်းအသွင်မဖြစ်စေချင်ပါ။ မှန်ကန်သော ရှုမြင်မှု၊ ဖြောင့်မတ်သော လုပ်ဆောင်မှုများဖြင့် အင်တိုက်အားတိုက် အတူတကွ ပူးပေါင်းဆောင်ရွက်ရမည့် အချိန်ကာလများကို အကျိုးမဲ့စွာ ဆုံးရှုံးမသွားစေချင်ပါ။**

**ဆန္ဒတွေ မျှော်လင့်ချက်တွေ**

ဩော် လက်ရှိအခြေအနေကို နိုင်ငံသားတစ်ဦးပီပီ မချင့်မရဲ ဖြစ်ရလေတိုင်း ယနေ့တိုင် အစားထိုးမရနိုင်သေးသည့် ကျွန်တော်တို့ဗိုလ်ချုပ်ကို သတိရမိပါသည်။ တစ်ဆက်တည်းပင် မျှော်လည်း မျှော်လင့်မိပါသည်။

လူအများက ကံမကောင်းသော ဂဏန်းဟု သတ်မှတ်ထားကြသော်လည်း ထိုဂဏန်းဖြင့် မွေးဖွားလာပြီး မြန်မာ့လွတ်လပ်ပန်းကို ဆောင်ကြဉ်းပေးနိုင်ခဲ့သည့် ဗိုလ်ချုပ်၏လမ်းစဉ်နှင့် မှန်ကန်မြင့်မြတ်သော လုပ်ဆောင်ချက်များနည်းတူ အကောင်အထည်ဖော်နိုင်ပါစေဟုသာ ဆန္ဒပြုမိပါသည်။ ။

# မြန်မာ-လာအို ချစ်ကြည်ရေးတံတားဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၁**

မြန်မာ-လာအို ချစ်ကြည်ရေး တံတားဆိုင်ရာ Ministerial Meeting ဆွေးနွေးပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် နံနက် ဒေသစံတော်ချိန် ၈ နာရီခွဲတွင် မြန်မာ-လာအိုချစ်ကြည်ရေးတံတားစီမံကိန်း (လာအိုဘက်ကမ်း စီမံကိန်းရှင်းလင်းဆောင်)၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ရှမ်းပြည်နယ်အစိုးရဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး လာအိုနိုင်ငံမှ ပြည်သူ့လုပ်ငန်းနှင့်ပို့ဆောင်ရေးဝန်ကြီး H.E. Dr. Bounchanh SINTHAVONG ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့များနှင့် တံတားစီမံကိန်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လာအိုနိုင်ငံမှ Mr.Saysongkharn က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ လာအိုနိုင်ငံပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီး H.E.Dr. Bounchanh SINTHAVONG က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က မြန်မာ-လာအို ချစ်ကြည်ရေးတံတားဆိုင်ရာ နှစ်နိုင်ငံ Ministerial Meeting ဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာ-လာအို ချစ်ကြည်ရေးတံတား တည်ဆောက်မှုနှင့်ပတ်သက်၍ လာအိုနိုင်ငံ တံတားတည်ဆောက်ရေးတာဝန်ခံက လာအိုနိုင်ငံဘက်မှ တာဝန်ယူဆောင်ရွက်သည့် တံတားတည်ဆောက်ရေး လုပ်ငန်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံ တံတားတည်ဆောက်ရေး တာဝန်ခံက မြန်မာနိုင်ငံဘက်မှ တာဝန်ယူဆောင်ရွက်နေသော တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ Power Point ဖြင့် အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာ-လာအို နှစ်နိုင်ငံဝန်ကြီးအဆင့် အပြန်အလှန်ဆွေးနွေးရာတွင် မြန်မာနိုင်ငံဘက်ခြမ်း Border Control Facilities လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လာအိုဘက်ခြမ်း Border Control Facilities လုပ်ငန်းများဆောင်ရွက်နေမှု၊ တံတားခံနိုင်ဝန်စမ်းသပ်မည့်အချိန်၊ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများ MoU လက်မှတ်ရေးထိုးနိုင်မည့်အခြေအနေ၊ တံတားတွင်အသုံးပြုရန်အတွက် လျှပ်စစ်ဓာတ်အား ရယူသုံးစွဲမှု၊ သံပေါင်တပ်ဆင်ရေးပစ္စည်းများ ခွဲဝေသုံးစွဲမည့်အခြေအနေ၊ Land Transport Agreement လက်မှတ်ရေးထိုးရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံတံတားဖွင့်ပွဲ ကျင်းပရေးကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး ဆွေးနွေးတင်ပြကြပြီး လာအိုနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီး H.E. Dr. Bounchanh SINTHAVONG က နိဂုံးချုပ်အမှာစကားပြောကြားကာ ဆွေးနွေးပွဲအခမ်းအနား ပထမပိုင်းကို ရပ်နားခဲ့သည်။

ထို့နောက် နှစ်နိုင်ငံဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် လာအိုနိုင်ငံဘက်တွင် Border Control Facilities တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း၊ လာအိုဘက်ကမ်း ချဉ်းကပ်လမ်းနှင့် မြန်မာ-လာအိုချစ်ကြည်ရေးတံတားမှ ဇင်းကုတ်အထိ လမ်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို လေ့လာကြည့်ရှုခဲ့သည်။

ဇင်းနောက် ဆွေးနွေးပွဲအစီအစဉ် ဒုတိယပိုင်း မြန်မာ-လာအို ချစ်ကြည်ရေးတံတားဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်နိုင်ငံ MOM လက်မှတ်ရေးထိုးပွဲအခမ်းအနားကို နံနက် ၁၁ နာရီခွဲတွင် ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်နှင့် လာအိုနိုင်ငံပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီး H.E. Dr. Bounchanh SINTHAVONG တို့က MOM လက်မှတ်ရေးထိုးပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကာ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး မြန်မာ-လာအို ချစ်ကြည်ရေး တံတားဆိုင်ရာ Ministerial Meeting ဆွေးနွေးပွဲအခမ်းအနားကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် တာဝန်ရှိသူများ လိုက်ပါလျက် မြန်မာ-လာအို ချစ်ကြည်ရေးတံတား ပင်မတံတား သံပေါင်တပ်ဆင်ပြီးစီးမှု၊ တံတားကြမ်းခင်းများခင်းရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုခဲ့သည်။

မြန်မာ-လာအို ချစ်ကြည်ရေး တံတားသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့နယ်နှင့်လာအိုနိုင်ငံ၊ လွမ်နမ်သာပြည်နယ်၊ ဇင်းကုတ်တို့ကိုဆက်သွယ်၍ မဲခေါင်မြစ်ကိုဖြတ်သန်းကာ တည်ဆောက်ထားသည့် တံတားတစ်စင်းဖြစ်ပြီး တံတားအမျိုးအစားမှာ သံမဏိသံပေါင်တံတား အမျိုးအစားဖြစ်၍ ပင်မတံတားအရှည် ၁၁၈၁ ပေ၊ ချဉ်းကပ်လမ်းနှစ်ဖက်အရှည် ၁၀၈၈ ပေ စုစုပေါင်းတံတားအရှည် ၂၂၆၉ ပေရှိကာ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေခြောက်လက်မစီပါရှိပြီး ရေလမ်းကင်းလွတ်အကျယ် ၃၆၀ ပေ၊ အမြင့် ၃၂ ပေရှိ၍ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

မြန်မာ-လာအို ချစ်ကြည်ရေး တံတား တည်ဆောက်ပြီးစီးပါက နှစ်နိုင်ငံ လမ်းပန်းဆက်သွယ်မှု လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလည်း တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# သံလွင်တံတား(ချောင်းဆုံ)မြစ်ကူးတံတားတည်ဆောက်ရေး မြေသန့်မင်္ဂလာအခမ်းအနားကျင်းပ

**ချောင်းဆုံ ဇန်နဝါရီ ၃၁**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကညော်ကျေးရွာ လယ်ပိုင်ရှင် ဦးမြင့်လွင်၏ လယ်ပေါ်တည်ဆောက်ရေးနေရာအမှတ် K-13 တွင် သံလွင်တံတား(ချောင်းဆုံ) မြစ်ကူးတံတား တည်ဆောက်ရေး မြေသန့်မင်္ဂလာ အခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် နံနက် ၆နာရီခွဲကကျင်းပရာ ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး ချောင်းဆုံမြို့နယ် သံဃနာယက အကျိုးတော်ဆောင် ဆရာတော်ဦးဝါယာမိန္ဒ အရှင်သူမြတ်ထံမှ ကိုးပါးသီလခံယူကြသည်။

ယင်းနောက် ဆရာတော်များထံမှ သံလွင်မြစ်အတွင်း တည်ဆောက်မည့် ရေလယ်တိုင်နေရာနှင့် မြေနေရာတို့အား အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်ခဲ့ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို တာဝန်ရှိသူများမှ ဆက်ကပ်လှူဒါန်းခဲ့သည်။ အကျိုးတော်ဆောင်ဆရာတော်မှ အနုမောဒနာမေတ္တာပို့ ရေစက်သွန်းချ အမျှပေးဝေခြင်းပြုလုပ်ပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားသို့ မြို့နယ်တာဝန်ခံဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ် ဦးဝင်းကြည်၊ ပြည်နယ်အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူး ဦးမင်းအေးလွင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးနှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀) ပြည့် မွေးနေ့အထိမ်းအမှတ် သံဖြူဇရပ်မြို့၌ ကျင်းပ

**သံဖြူဇရပ် ဇန်နဝါရီ ၃၁**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀) ပြည့် မွေးနေ့အကြို အထိမ်းအမှတ်အဖြစ် မြို့နယ်အဖွဲ့အစည်းပေါင်းစုံ ဖြစ်မြောက်ရေးကော်မတီမှ ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီမှစတင်ကာ သံဖြူဇရပ်မြို့ မွန်ဓမ္မာရုံ၌ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီ ပြိုင်ပွဲကိုကျင်းပမည်ဟု သိရသည်။

ဖြစ်မြောက်ရေးကော်မတီအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ ဖြစ်သည့် ဖေဖော်ဝါရီ ၁၃ ရက်နေ့မတိုင်မီ ယခုကဲ့သို့ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် ဗိုလ်ချုပ်မိန့်ခွန်းပြောပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၃ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀) ပြည့် မွေးနေ့အဖြစ် သံဖြူဇရပ်မြို့ မွန်ဓမ္မာရုံ၌ သံဃာတော်အရှင်သူမြတ်များအား ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း၊ ကျပန်း၊ ဉာဏ်စမ်းပဟေဠိ၊ မိန့်ခွန်းပြောပြိုင်ပွဲများမှ ဆုရရှိသူများအား ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀) ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ပန်းချီပြခန်း၊ ကာတွန်းပြခန်း၊ မူးယစ်ဆေးဝါးပြခန်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းပြခန်းနှင့် ကျန်းမာရေးဆိုင်ရာ World Vision ပြခန်းများကို ပြသသွားမည်ဖြစ်သည်။

လာရောက်ကြည့်ရှုသူများ အခမဲ့နိဗ္ဗာန်ဈေးစားသောက်ဖွယ်ရာများကို စားသောက်ရမည်ဖြစ်ပြီး မန္တလေးမြို့မှ မြန်မာ့ရိုးရာခြင်းအဖွဲ့က လာရောက်ခတ်ပြမည်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀) ပြည့်မွေးနေ့ အထိမ်းအမှတ်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဟု သံဖြူဇရပ်မြို့နယ် အဖွဲ့အစည်းပေါင်းစုံ ဗိုလ်ချုပ်မွေးနေ့ ဖြစ်မြောက်ရေးကော်မတီမှ သိရသည်။ **(၁၀၈)**

# လားရှိုးတက္ကသိုလ် ကျောင်းသားအဖွဲ့အစည်း ဖွဲ့စည်း

**လားရှိုး ဇန်နဝါရီ ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ လားရှိုးတက္ကသိုလ်တွင် ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၂ နာရီတွင် ကျောင်းသားအဖွဲ့အစည်း ဖွဲ့စည်းမှုတစ်ရပ်ကို ကမ္ဘောဇခန်းမဆောင်တွင်ကျင်းပရာ လားရှိုးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမောင်မောင်နှင့် ဒုတိယပါမောက္ခချုပ်၊ ဘာသာရပ်အသီးသီးတို့မှ ဌာနမှူး ပါမောက္ခများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၊ တွဲဖက်ပြည်နယ်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး၊ လားရှိုးမြို့ရှိ သတင်းမီဒီယာများမှ သတင်းထောက်များ တက်ရောက်ခဲ့ကြသည်။

ထိုကျောင်းသားအဖွဲ့အစည်း ဖွဲ့စည်းမှုတွင် လားရှိုးတက္ကသိုလ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်တက်ရောက်လျက်ရှိကြသော မေဂျာပေါင်းစုံမှ ကျောင်းသားကိုယ်စားလှယ်များ၊ မဟာတန်းတက်ရောက်လျက်ရှိကြသော ကျောင်းသားကိုယ်စားလှယ်များ၊ ဂုဏ်ထူးတန်းတက်ရောက်ကြသော ကျောင်းသားကိုယ်စားလှယ်များစုပေါင်းတက်ရောက်ခဲ့ကြပြီး ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ (၁)၊ ဒုဥက္ကဋ္ဌ(၂)၊ အတွင်းရေးမှူး(၁)၊ အတွင်းရေးမှူး(၂)၊ အတန်းလိုက် အတန်းကိုယ်စားလှယ်များကို တက်ရောက်လာသူ ကျောင်းသားများက မဲပေးကာ ရွေးကောက်တင်မြှောက်ကြသည်။

ထိုသို့ မဲပေးရွေးကောက်တင်မြှောက်ခဲ့ရာတွင် ဥက္ကဋ္ဌအဖြစ် မခိုင်မာရွှန်းလဲ့၊ ဒုဥက္ကဋ္ဌ(၁)ဘုန်းခန့်ထက်ဦး၊ ဒုဥက္ကဋ္ဌ(၂)မရွှေဟန်ဦး၊ အတွင်းရေးမှူး(၁)မောင်ပိုင်စိုးစံ၊ အတွင်းရေးမှူး (၂)မောင်ဇော်ဂန်နှင့် အတန်းလိုက် ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ **လင်းလင်း(လားရှိုး)**

### ❐ *ကျောဖုံးမှ*

မင်ဆန်၏သွင်းဂိုးဖြင့် သရေရလဒ် ယူထားနိုင်သည်။ အချိန်ပို မိနစ် ၃၀ ထပ်မံကစားခဲ့ရာ ပွဲချိန် ၁၀၅ မိနစ်တွင် ဂျိမ်းစ်ထရိုင်စီက ဂိုးသွင်းယူပေးပြီး ဩစတြေးလျတို့ အာရှဖလားကို သိမ်းပိုက်နိုင်ခဲ့သည်။

တတိယနေရာလုပွဲကို ဇန်နဝါရီ ၃၀ ရက် ညနေပိုင်းတွင် အီရတ်နှင့် ယူအေအီးတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ယူအေအီးအသင်း သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အာရှဖလား၂၀၁၅ ပြိုင်ပွဲတွင် အကောင်းဆုံး ကစားသမားဆုကို ဩစတြေးလျမှ မက်ဆီမိုလူအွန်ဂိုရရှိပြီး အကောင်းဆုံး ဂိုးသမားဆုကို မက်သရူးရိုင်ယန်ရရှိခဲ့သည်။ ဂိုးသွင်းအများဆုံးဆုကို ယူအေအီး ကစားသမား အလီမက်ကော့တ်က သွင်းဂိုးငါးဂိုးဖြင့် ရရှိခဲ့သည်။

အသန့်ရှင်းဆုံး အသင်းဆုကို ဩစတြေးလျ ထပ်မံရရှိခဲ့သည်။

# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့များ တွေ့ဆုံ

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်အဆင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့နှင့် တောင်ဥက္ကလာပမြို့နယ် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များ၊ ရပ်/ကျေးအဖွဲ့ဝင်များ တွေ့ဆုံဟောပြောပွဲကို ယနေ့မွန်းလွဲ ၂ နာရီက တောင်ဥက္ကလာပမြို့နယ် တောင်ဥက္ကလာပ စေတီအတွင်းရှိ မဟာမုနိဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးဟန်တင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အရှေ့ပိုင်းခရိုင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးမောင်က အမှာစကားပြောကြားပြီး ဗုဒ္ဓဘာသာကို အခြေခံ၍ ချစ်ကြည်ညီညွတ်ရေးအကြောင်းကို အရှေ့ပိုင်းခရိုင်ဥက္ကဋ္ဌ ဦးဇော်ဝင်းကလည်းကောင်း၊ အစ္စလာမ်ဘာသာကိုအခြေခံ၍ ချစ်ကြည်ညီညွတ်ရေးအကြောင်းကို ဥက္ကဋ္ဌ ဦးမောင်မောင်ထွန်းကလည်းကောင်း၊ ခရစ်ယာန်ဘာသာကို အခြေခံ၍ ချစ်ကြည်ညီညွတ်ရေးအကြောင်းကို ဥက္ကဋ္ဌ ဒေါက်တာယုယက လည်းကောင်း၊ ဟိန္ဒူဘာသာကိုအခြေခံ၍ ချစ်ကြည်ညီညွတ်ရေးအကြောင်းကို ခရိုင်ဥက္ကဋ္ဌ ဦးဘနီကလည်းကောင်း ဟောပြောကြသည်။ တောင်ဥက္ကလာပမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံညီညွတ်ရေးဥက္ကဋ္ဌ ဦးဟန်တင်တို့က ကျေးဇူးတင်စကားပြောကြားကာ တောင်ဥက္ကလာပမြို့နယ် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့သို့ အလှူငွေနှင့် ရင်ထိုးတံဆိပ်များ ပေးအပ်သည်။ **(၀၀၄)**

## ပြည်တွင်းသတင်း

❁ *ကျောဖုံးမှ*

မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် Rojana Industrial Park အတွင်းရှိ အသေးစား၊ အလတ်စားစက်ရုံများ တည်ဆောက်ထားရှိမှုနှင့် စက်ရုံများသို့ ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ စက်မှုဇုန်ကို ၁၉၈၈ ခုနှစ်တွင် စတင်တည်ထောင်ပြီး မြေဧက ၁၅၀၀၀ ကျယ်ဝန်းကာ အလုပ်သမားဦးရေ ၁၂၀၀၀၀ အလုပ်ပေးထားနိုင်ကြောင်း သိရသည်။ စက်မှုဇုန်တွင် ကားပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စက်ပစ္စည်းအမျိုးမျိုးနှင့် စားသောက်ကုန်များကိုလည်း ထုတ်လုပ်လျက်ရှိပြီး စက်မှုဇုန်အတွင်း လျှပ်စစ်မီး၊ ရေ၊ တယ်လီဖုန်းဆက်သွယ်ရေး၊ အိမ်ရာ၊ ဘဏ်၊ စားသောက်ဆိုင်များ၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ ထည့်သွင်း တည်ဆောက်ပေးထားကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် Panasonic Electric Works (Ayutthaya) Co, Ltd. သို့ရောက်ရှိကြရာ ဒါရိုက်တာ မစ္စတာ တာကူဂျီ ဆာဝါးဒါက စက်ရုံထုတ်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးနေမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး စက်ရုံအတွင်း လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်နေမှုကို လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် F&N Dairies (Thai Land)Co,Ltd. သို့ ရောက်ရှိကြရာ ကုန်ထုတ်လုပ်ရေးဌာနမှူး မစ္စတာ ဝါဒါဒီ ပတ်ပီတက်က နို့အချောထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေမှုတို့ကို ရှင်းလင်းတင်ပြပြီး စက်ရုံအတွင်း လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည့် KHAO C.P Co;Ltd. ဆန်အရည်အသွေးမြင့် စက်ရုံသို့ ရောက်ရှိကြရာ စက်ရုံဒုတိယဥက္ကဋ္ဌ မစ္စတာ ဆူရာချိုင်း ချိုင်ချက်နစီတီကန်က အရည်အသွေးမြင့်ဆန်တင်ပို့ရောင်းချနိုင်ရန်အဆင့်ဆင့် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြသပြီး စက်ရုံအတွင်း လိုက်လံရှင်းလင်းပြသသည်။

အဆိုပါအရည်အသွေးမြင့် ဆန်စက်ကို ၂၀၁၁ ခုနှစ်က တည်ဆောက်ထားပြီး တစ်နှစ်လျှင် ဆန်တန်ချိန် ၁ သန်း ၅ သိန်းကျော် အရည်အသွေးမြှင့်ပေးနိုင်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဒေသစံတော်ချိန် ည ၇ နာရီ မိနစ် ၂၀ တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိလေဆိပ်မှ မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ဓါတ်ပုံ)**

ဒုတိယသမ္မတနှင့်အတူ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြသည်။

**(သတင်းစဉ်)**

## ထားဝယ်အထူးစီးပွားရေးဇုန်နှင့်ဆက်စပ်စီမံကိန်းဧရိယာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တတိယအကြိမ် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့် ကော်မတီအစည်းအဝေးနှင့်ပတ်သက်၍ မြန်မာ-ထိုင်း နှစ်နိုင်ငံပူးတွဲ သတင်းထုတ်ပြန်ချက်

**ဗန်ကောက် ဇန်နဝါရီ ၃၁**

၁။ ထားဝယ်အထူးစီးပွားရေးဇုန်ဆိုင်ရာ တတိယအကြိမ် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီအစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့၌ ကျင်းပခဲ့ပါသည်။

၂။ အစည်းအဝေးကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် အမ်အာရ်ပရီဒီယသွန်း ဒိဗကုလတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဦးဆောင်ကျင်းပခဲ့ပါသည်။

၃။ အစည်းအဝေးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီးအတွင်းတည်ရှိသော ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားရန် နှစ်နိုင်ငံလုံးက ကတိကဝတ်ပြုခဲ့ကြပါသည်။ မြန်မာနိုင်ငံနှင့်ဒေသတစ်ခုလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို စဉ်ဆက်မပြတ် မြှင့်တင်ပေးရန် ရည်ရွယ်ထားသည့် စုစုပေါင်း စတုရန်းကီလိုမီတာ ၁၉၆ အကျယ်အဝန်းရှိသော ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းသည် မဟာဗျူဟာကျသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတစ်ရပ်ဖြစ်ပါသည်။

၄။ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် နှစ်နိုင်ငံအကြား ခိုင်မာသောဆက်ဆံရေးအတွက် ကတိကဝတ်ပြုမှုကိုပြသသည့်အနေဖြင့် ထိုင်း ဒုတိယဝန်ကြီးချုပ် အမ်အာရ်ပရီဒီယသွန်း ဒိဗကုလက "ထိုင်းနှင့် မြန်မာအကြား နှစ်နိုင်ငံဆက်ဆံရေးသည် လက်ရှိကာလတွင် အကောင်းဆုံးအခြေအနေသို့ရောက်ရှိနေကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း၏ ပမာဏအရွယ်အစားနှင့် စီးပွားရေးဝိသေသတို့ကြောင့် ၎င်းစီမံကိန်းအောင်မြင်စွာအကောင်အထည်ဖော်မှုသည် မိမိတို့နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို အဆင့်သစ်တစ်ခုသို့ မြှင့်တင်ပေးမည်ဖြစ်ပြီး ၎င်းရလဒ်သည် မိမိတို့နှစ်နိုင်ငံအတွက်သာမက ဒေသတစ်ခုလုံးအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

၅။ တတိယအကြိမ် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီ အစည်းအဝေး၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံအစည်းအဝေးတစ်ရပ်ကိုလည်း ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် ထားဝယ်အထူးစီးပွားရေးဇုန် ထူထောင်ရေးအတွက် ဘဏ္ဍာရေးနှင့် နည်းပညာအကူအညီများပေးအပ်ရန် ဂျပန်နိုင်ငံက ကမ်းလှမ်းခဲ့သည်။

၆။ ကာလတို အလုပ်အကိုင်ဖန်တီးပေးခြင်း၊ ဒေသခံပြည်သူများထံ စီမံကိန်း၏ အကျိုးကျေးဇူးများကို အသိပေးခြင်းနှင့် ထားဝယ်အထူးစီးပွားရေးဇုန် စတင်အကောင်အထည်ဖော်ခြင်းစသည့် ကနဦးအဆင့်လုပ်ငန်းများကို ဦးစွာဆောင်ရွက်သွားမည်ဖြစ်သည်။ ကနဦးအဆင့်တွင် ၂၀၁၅ ခုနှစ်အတွင်း ဆောက်လုပ်ရေးလုပ်ငန်းများကိုစတင်ရန် မျှော်မှန်းထားပြီး ၂၇ စတုရန်းကီလိုမီတာအထိ အကျယ်အဝန်းရှိမည့် စက်မှုကုန်ထုတ်လုပ်မှု ရပ်ကွက်၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ထိုင်းနိုင်ငံအကြား နှစ်လမ်းသွားကားလမ်း၊ အလုပ်သမားများနေထိုင်ရန် မြို့နယ် LNG ဓာတ်ငွေ့တင်ပို့ရေး ဆိပ်ကမ်း၊ မြေပြင်တယ်လီဖုန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ဆိပ်ကမ်းငယ်နှင့် ရေလှောင်ဆည်တို့ ပါဝင်မည်ဖြစ်သည်။

၇။ အဆိုပါ ကနဦးအဆင့်လုပ်ငန်းများ အကောင်အထည်ဖော်ရေးအတွက် သက်သာခွင့်ပေးရေး သဘောတူညီချက်များ (concession agreements)နှင့် ပတ်သက်၍ ထိုင်းလုပ်ငန်းစုတစ်ခုနှင့် လောလောဆယ်တွင် သီးခြားဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။

၈။ တစ်ပြိုင်နက်တည်းတွင် ထားဝယ်အထူးစီးပွားရေးဇုန်အတွက် ကာလရှည် မဟာစီမံကိန်းတစ်ရပ်ကိုလည်း ထိုင်းနိုင်ငံမှ အိမ်နီးချင်းနိုင်ငံများ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Neighbouring Countries Economic Development Cooperation Agency)၏ ကူညီပံ့ပိုးမှုဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါ ကာလရှည် မဟာစီမံကိန်းသည် ကနဦးအဆင့်လုပ်ငန်းများ အကောင်အထည်ဖော်မှုနှင့် လိုက်လျောညီထွေဖြစ်ကာ ယင်းစီမံကိန်းတွင် ပင်လယ်ရေနက်ဆိပ်ကမ်းတစ်ခုနှင့် ထားဝယ်အထူးစီးပွားရေးဇုန်အား ထိုင်းနိုင်ငံနှင့် ဆက်သွယ်မည့် အဝေးပြေး ကားလမ်းဖောက်လုပ်ခြင်းစသည့် အခြေခံအဆောက်အအုံစီမံကိန်းများ ပါဝင်သည်။ ယင်းမဟာစီမံကိန်းသည် ဆောင်ရွက်ဆဲ စက်မှုဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကိုလည်း မြှင့်တင်သွားမည်ဖြစ်သည်။

၉။ ထားဝယ်အထူးစီးပွားရေးဇုန် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် ထားဝယ်အထူးစီးပွားရေးဇုန်အား မြန်မာ-ထိုင်း နယ်စပ်နှင့် ဆက်သွယ်ပေးမည့် နှစ်လမ်းသွားကားလမ်းအတွက် ထိုင်းအစိုးရသည် မြန်မာနိုင်ငံသို့ ဘဏ္ဍာငွေအကူအညီပေးရန် ကမ်းလှမ်းမည်ဖြစ်ပါသည်။ ၎င်း ကားလမ်းသည် မြန်မာနိုင်ငံအပိုင်းရှိ တောင်ဘက်စီးပွားရေး စင်္ကြံကို ပြီးပြည့်စုံစေခြင်းဖြင့် ဒေသတွင်းဆက်နွှယ်ဆက်စပ်မှုကို တိုးမြှင့်ပေးမည်သာမက အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများ၏ ထားဝယ်အထူးစီးပွားရေးဇုန်ပေါ် ယုံကြည်စိတ်ချမှုကိုလည်း မြှင့်တင်ပေးမည်ဖြစ်သည်။ အဆိုပါ အကူအညီမျိုး ရရှိနိုင်ရေးအတွက် ဂျပန်နိုင်ငံအား ဘဏ္ဍာငွေပံ့ပိုးကူညီသူတစ်ဦးအနေဖြင့် ထည့်သွင်းနိုင်မည့်ဖြစ်နိုင်ခြေကို ဆက်လက်ရှာဖွေသွားရန် နှစ်နိုင်ငံစလုံးက သဘောတူညီခဲ့ကြသည်။

၁၀။ မြန်မာနှင့်ထိုင်း နှစ်နိုင်ငံအစိုးရတို့သည် ထားဝယ်အထူးစီပွားရေးဇုန် အကောင်အထည်ဖော်ရေးအတွက် ကတိကဝတ်ပြုကြောင်းနှင့် စီမံကိန်းအား အပြည့်အဝထောက်ခံကြောင်း ဖော်ပြခဲ့ကြပါသည်။ ဒုတိယသမ္မတ ဦးညဏ်ထွန်းက "ထားဝယ်အထူးစီးပွားရေးဇုန်သည် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သည့် အကောင်းဆုံး ဆောင်ရွက်မှုစံချိန်စံညွှန်းနှင့်အညီဖြစ်စေကာ၊ အလုပ်အကိုင်များနှင့် ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးရင်း မြန်မာနှင့် အာဆီယံဒေသတစ်ခုလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို သိသာစွာမြှင့်တင်ပေးမည်ဖြစ်ပြီး ဒေသတွင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း" နိဂုံးချုပ်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

◆ *ကျောဖုံးမှ*

မြန်မာနိုင်ငံ Journey Adventure Travelling Co., Ltd. အစီအစဉ်ဖြင့် ဂျာမနီနိုင်ငံသား Mr. Jom Sehlag နှင့် အဖွဲ့ဝင်များ၏ ယာဉ်များဖြစ်ပြီး ဇန်နဝါရီ ၂၄ ရက်တွင် မိုးရေး-တမူး နယ်စပ်ဂိတ်မှတစ်ဆင့် မြန်မာနိုင်ငံ ကလေးမြို့သို့ ကားလမ်းအတိုင်း ဝင်ရောက်ခဲ့ပြီး ကလေးမြို့မှ ဂန့်ဂေါ၊ မုံရွာ၊ ပခုက္ကူ ပုဂံမြို့များသို့ လည်ပတ်ကာ ဇန်နဝါရီ ၃၀ ရက်တွင် ပုဂံမြို့မှ မန္တလေးမြို့သို့ ရောက်ရှိခဲ့ကြသည်။

အဆိုပါ ခရီးစဉ်တွင် တစ်ကိုယ်တော်မောင်းနှင်ခဲ့သော ဂျာမနီနိုင်ငံသား မစ္စတာမိုက်ကယ်က "ကျွန်တော်တို့အဖွဲ့ယာဉ်တန်းမှာ ယာဉ် ၁၇ စီးနှင့်အတူ အဖွဲ့ဝင် ၃၇ ဦး ပါဝင်ပါတယ်။ အဖွဲ့ဝင်တွေက ဂျာမနီ၊ ပြင်သစ်၊ နယ်သာလန်၊ ဆွစ်ဇာလန်၊ အက်စတိုးနီယား နိုင်ငံသားတွေဖြစ်ကာ အက်စတိုးနီးယားနိုင်ငံသား ရှစ်ဦး၊ ပြင်သစ်နိုင်ငံသား နှစ်ဦး၊ နယ်သာလန်နိုင်ငံသား နှစ်ဦး၊ ဆွစ်ဇာလန်နိုင်ငံသား လေးဦးဖြစ်ပြီး ကျန်အဖွဲ့ဝင်တွေက ဂျာမနီနိုင်ငံသားတွေဖြစ်ပါတယ်၊ ဂျာမနီနိုင်ငံမှ အာမေးနီးယား၊ ပါကစ္စတန်၊ နီပေါ၊ အိန္ဒိယ၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူ၊ တရုတ် စသည့်နိုင်ငံတွေကို ဖြတ်သန်းပြီး ဂျော်ဒန်နိုင်ငံမှာ ခရီးဆုံးမှာဖြစ်ပါတယ်၊ အိန္ဒိယဘက်လမ်းတွေက အနည်းငယ်ဆိုးသော်လည်း မြန်မာနိုင်ငံဘက်ကတော့ မောင်းလို့ကောင်းပါတယ်၊ အခုအချိန်ထိ အခက်အခဲမရှိဘဲ ခရီးစဉ်ကအောင်မြင်ပါတယ်၊ ယာဉ်မောင်းအတွေ့အကြုံအများကြီးရှိတာကြောင့် အခက်အခဲမရှိပါဘူး" ဟု ပြောကြားသည်။

အဆိုပါ ခရီးစဉ်ကို လမ်းညွှန်အဖြစ် ဦးဆောင်ခဲ့သော ခရီးစဉ်မန်နေဂျာ ဦးဇင်ဝင်းဌေးက " ကျွန်တော်တို့ ကုမ္ပဏီအနေဖြင့် အခုလိုကမ္ဘာလှည့်ခရီးသွားယာဉ်တန်း အစီအစဉ်ကို ဆောင်ရွက်ပေးခဲ့တာ သုံးနှစ်ရှိပြီဖြစ်ပါတယ်၊ ဒုတိယနှစ်မှာ ခရီးစဉ်အဝင်အထွက်နှစ်ခုကို စီစဉ်နိုင်ခဲ့ပါတယ်၊ ဇန်နဝါရီ ၃၁ ရက်မှာ မန္တလေးမြို့ပတ်ဝန်းကျင်ရှိ ရှေးဟောင်းယဉ်ကျေးမှု ဒေသများသို့ သွားရောက်လည်ပတ်ကာ ဖေဖော်ဝါရီ ၁ ရက်မှာ မန္တလေးမြို့မှ ပြန်လည်ထွက်ခွာမှာဖြစ်ပြီး ကလော၊ ညောင်ရွှေ၊ အင်းလေးဒေသမှတစ်ဆင့် နေပြည်တော်၊ ရန်ကုန်၊ ကျိုက်ထို၊ မော်လမြိုင်၊ ဘားအံ၊ မြဝတီမြို့များကို ဆက်လက်လည်ပတ်ပြီး ဖေဖော်ဝါရီ ၁၂ ရက်မှာ မဲဆောက်မြို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ထွက်ခွာမှာဖြစ်ပါတယ်။ အခုခရီးစဉ်အောင်မြင်ရေးအတွက် ကူညီပေးခဲ့ကြသည့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတို့ကို ကျေးဇူးတင်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

## ရွှေးကောက်ပွဲကော်မရှင် ကိုယ်စားလှယ်အဖွဲ့ အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၃၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်မြင့်ကြည်နှင့် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဒေါ်မေမေနီတို့သည် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် ရွေးကောက်ပွဲဆိုင်ရာဆွေးနွေးပွဲနှင့် BRIDGE သင်တန်းသို့ တက်ရောက်ခဲ့ပြီး ယနေ့ ညနေပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံမှ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုနှင့် အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်း

# ရန်ကုန်တက္ကသိုလ် ရူပဗေဒအထူးပြု ကျောင်းသားကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန်တက္ကသိုလ် ရူပဗေဒအထူးပြု ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပစဉ်။(သတင်းစဉ်)

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်တက္ကသိုလ် ရူပဗေဒ ဘာသာရပ်အထူးပြု ပညာသင်နှစ်အားလုံးမှ ကျောင်းသားကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ယနေ့ ညနေ ၃နာရီခွဲတွင် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားသို့ အသက်(၆၅)နှစ်အထက် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး ၁၀၀ ကျော်နှင့် ရန်ကုန်တက္ကသိုလ် ရူပဗေဒဘာသာရပ်အထူးပြု ကျောင်းသားဟောင်းများဖြစ်သည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦး၊ ပညာသင်နှစ်အားလုံးမှ ရူပဗေဒဘာသာရပ်အထူးပြု ကျောင်းသားကျောင်းသူဟောင်း ၁၅၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ ရူပဗေဒကျောင်းသားကျောင်းသူဟောင်းများက အဖွင့်သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ဆီမီးထွန်းညှိပူဇော်ပြီး ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူများက ပူဇော်ကန်တော့ကြကာ ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာကြီး ဒေါက်တာ တင်အောင်က သြဝါဒစကားပြောကြားသည်။

ဆက်လက်၍ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီမှ ရန်ကုန်တက္ကသိုလ်သို့ ငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းရာ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက လက်ခံရယူသည်။

ထို့နောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင့်လွင်က အာစရိယပူဇော်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တက်ရောက်လာသော ကျောင်းသား ကျောင်းသူဟောင်းများကိုယ်စား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ရူပဗေဒအသင်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ပူဇော်ပွဲကျင်းပရေးကော်မတီနာယက ဦးမောင်မောင်ကိုက လည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးတင်လှိုင်က လည်းကောင်း ရှင်းလင်းဖတ်ကြားသည်။

အာစရိယပူဇော်ပွဲအခမ်းအနားအပြီးတွင် မိတ်ဆုံ ညစာစားပွဲကို ညနေ ၆ နာရီတွင် ရန်ကုန်တက္ကသိုလ် ပရဝဏ်အတွင်းရှိ အထင်ကရဖြစ်သော သစ်ပုပ်ပင်အောက်ရှိ မြက်ခင်းပြင်၌ ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများနှင့် သစ်လွင်ကျောင်းသား ၉၀၀ ကျော်ဝန်းရံလျက် တေးသီချင်းများ သီဆိုဖျော်ဖြေကာ ပျော်ရွှင်စွာ ကျင်းပခဲ့ကြသည်။

ရန်ကုန်တက္ကသိုလ် စတင်တည်ထောင်သည့် ၁၉၂၀ ခုနှစ်မှ စတင်ပြီး ရူပဗေဒဌာနကို တည်ထောင်ခဲ့ရာ ပညာသင်နှစ်အားလုံးမှ ကျောင်းသား ကျောင်းသူဟောင်းများစုပေါင်း၍ အာစရိယပူဇော်ပွဲများ ကျင်းပခဲ့သည်မှာ လေးကြိမ်ရှိပြီဖြစ်ကြောင်း၊ ယခင်က ရန်ကုန်တက္ကသိုလ် ဓမ္မာရုံနှင့် အပန်းဖြေရိပ်သာRC တို့တွင် နှစ်ကြိမ်စီ ကျင်းပခဲ့ကြောင်း၊ ယခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ပရဝဏ်အတွင်းရှိ အထင်ကရ အမှတ်အသားတစ်ခုဖြစ်သည့် သစ်ပုပ်ပင်အောက်ရှိ မြက်ခင်းပြင်တွင် မိတ်ဆုံညစာစားပွဲကို ပထမဆုံးအကြိမ်ထူးခြားစွာ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

ရန်ကုန်တက္ကသိုလ်ရူပဗေဒအထူးပြု ကျောင်းသား ကျောင်းသူဟောင်းများ သစ်ပုပ်ပင်အောက်ရှိ မြက်ခင်းပြင်တွင် မိတ်ဆုံညစာစားပွဲကျင်းပစဉ်။
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

**※ ရှေ့ဖုံးမှ**

ပတ္တမြား FM၊ FM ပုဂံနှင့် သဇင်အသံလွှင့်ဌာနတို့မှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ ရက်နေ့တို့၌ နံနက် ၇ နာရီ၊ နံနက် ၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် တစ်ရက်လျှင် လေးကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# စင်ကာပူနိုင်ငံသားများအသင်း (၁၄)ကြိမ်မြောက် လှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၁**

မြန်မာနိုင်ငံရောက် စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များဖြင့် ဖွဲ့စည်းထားသည့် စင်ကာပူနိုင်ငံသားများအသင်းက စုပေါင်းလှူဒါန်းသည့် (၁၄)ကြိမ်မြောက် လှူဒါန်းပွဲကို ဇန်နဝါရီ ၂၉ ရက် မွန်းလွဲပိုင်းက စင်ကာပူသံရုံး ဧည့်ခန်းဆောင်၌ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ် Mr. Robert Chua က လှူဒါန်းသည့်အတွက် ဝမ်းမြောက်စကားနှင့် လှူဒါန်းသည့် အလှူရှင်များက လှူဒါန်းမှုဖြစ်ပေါ်လာရခြင်းနှင့် ရည်ရွယ်ချက်များကို ပြောကြားသည်။

အဆိုပါလှူဒါန်းပွဲတွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှဖွင့်လှစ်ထားသည့် မသန်စွမ်းကလေးများစာသင်ကျောင်းနှင့် မျက်မမြင်စာသင်ကျောင်းအပါအဝင် အစိုးရအသိအမှတ်ပြု မိဘမဲ့ကလေးများ ဂေဟာ၊ ခရစ်ယာန်သီလရှင်ကျောင်း၊ ဗုဒ္ဓဘာသာသီလရှင်ကျောင်း၊ လူငယ်ဖွံ့ဖြိုးရေး ဂေဟာ၊ အမျိုးသမီးများ ဖွံ့ဖြိုးရေးစောင့်ရှောက်မှုဂေဟာ၊ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းအစရှိသည့်နေရာ ၁၃ ခုသို့ အလှူငွေကျပ် သိန်း ၁၃၀ နှင့်အာဟာရမုန့်ထုပ် တစ်ဘူးစီလှူဒါန်းရာ ကိုယ်စားလှယ်များက လက်ခံယူခဲ့ပြီး လှူဒါန်းမှုအတွက် ဝမ်းမြောက်စကားပြောကြား ခဲ့ကြောင်း သိရသည်။

**မြတ်စန္ဒီသင်းဇော်**

# ရင်ခုန်သံများနှင့် စည်ကားသိုက်မြိုက်လှသည့် ရန်ကုန်တက္ကသိုလ် သစ်ပုပ်ပင်အောက်မှ ရူပဗေဒမိသားစု မိတ်ဆုံစားပွဲ

**ရန်ကုန် ဇန်နဝါရီ ၃၁**

မြန်မာ့ ပညာရေးသမိုင်း၏ အထင်ကရ ရန်ကုန်တက္ကသိုလ်ရှိ သစ်ပုပ်ပင်ကြီးမှာ မီးရောင်စုံများ လင်းလက်တောက်ပလျက်ရှိပြီး ပိုမိုကျက်သရေရှိစွာ လှပလျက်ရှိပါသည်။ ပြန်လည်သက်ဝင်လာပြီဖြစ်သော ရန်ကုန်တက္ကသိုလ်ကြီးမှာလည်း ရူပဗေဒကျောင်းသားဟောင်းတစ်ထောင်ကျော်၏ စုစည်းမှု၊ ချစ်ခင်ရင်းနှီးမှုများကြောင့် ဂုဏ်ယူနေသယောင်ထင်ရသည်။

ယနေ့မွန်းလွဲ၃နာရီခွဲက ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာန၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ရန်ကုန်တက္ကသိုလ်အပန်းဖြေရိပ်သာတွင် ကျင်းပခဲ့ပြီးနောက် ညနေ ၆ နာရီတွင် ရူပဗေဒမိသားစုဝင်များ၏ မိတ်ဆုံစားပွဲကို သစ်ပုပ်ပင်အောက်တွင် ကျင်းပခဲ့သည်။

တက်ရောက်သူများမှာ တည်ငြိမ်သောအပြုံး၊ ရင့်ကျက်သော အမူအရာများဖြင့် ရူပဗေဒပညာရပ်များကို သင်ကြားလာခဲ့သူ ပညာရှင်များ၊ တက်ကြွသော စုစည်းညီညွတ်သော လူငယ်များနှင့် ဆရာကြီး၊ ဆရာမကြီးများအပါအဝင် ရူပဗေဒပညာသင်ကြားခဲ့သူ အစ်ကိုအစ်မများကို အားကျလေးစားသည့် ကျောင်းသားကျောင်းသူများ အားလုံးစုံလင်စွာ တွေ့ရသည်။

နှစ်ပေါင်းများစွာ ဝေးကွာနေခဲ့ရသည့် အမိတက္ကသိုလ်မြေ၏ သစ်ပုပ်ပင်ကြီးခြေရင်းတွင် ပထမဆုံးအကြိမ် ကျင်းပခွင့်ရရှိခဲ့သော မိတ်ဆုံစားပွဲမှသည် ဆရာဟောင်းများနှင့် ကျောင်းသားဟောင်းများ၏ ခံစားမှုများကို စုစည်းတင်ဆက်လိုက်ပါသည်။

**ဒေါက်တာကိုကိုဦး**
**ပြည်ထောင်စုဝန်ကြီး**
**(သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**

ကျွန်တော့်အတွက် အက်စ် ၃၉ နဲ့ သစ်ပုပ်ပင်ကြီးက မမေ့နိုင်စရာပါ။ ၁၉၈၂ ခုနှစ်မှာ နောက်ဆုံးနှစ် အက်စ် ၃၉ မှာ တက်ခဲ့ရတော့ အနီးဆုံးမှာရှိတဲ့ သစ်ပုပ်ပင်ကြီးအောက်က နေ့စဉ်ဖြတ်သန်းခဲ့ကြတဲ့ ငယ်ဘဝတွေကို ပြန်သတိရတယ်။ မာစတာတက်တော့လည်း ဒီမှာပဲ။ နျူကလီးယားအင်ဂျင်နီယာ ဘာသာရပ်နဲ့ အဆင့်ဆင့် ပညာဆည်းပူးရင်း ဆရာအဖြစ်နဲ့လည်း ဒီနေရာတွေမှာ ခြေရာတွေထပ်ခဲ့တယ်။ ငယ်ငယ်ကတည်းက အခုလို အမိသစ်ပုပ်ပင်အောက်မှာ ပွဲတွေကျင်းပခွင့်ရဖို့ စိတ်ကူးယဉ်ခဲ့ဖူးတယ်။ ဆောင်ရွက်ခွင့်ရပြီဆိုတော့ နောင်လာ နောက်သား မျိုးဆက်သစ်ကျောင်းသားတွေအတွက် ပညာရေးအဆင့်မြှင့်တင်နိုင်ဖို့ ခြေလှမ်းစပြီလို့ ယူဆမိတယ်။ ၂၀၀၀ ပြည့်နှစ်မှာ ကျောင်းဆရာဘဝကနေ အစိုးရအဖွဲ့ဝင်ဖြစ်လာတယ်။ အခုလို ပြည်ထောင်စုဝန်ကြီးဖြစ်လာတဲ့အထိ ရန်ကုန်တက္ကသိုလ်ဟာ ကျွန်တော့်အတွက်တော့ မမေ့နိုင်တဲ့ နေရာတစ်ခုဖြစ်သလို ကျွန်တော်တို့လို ကျောင်းသားတွေအတွက်လည်း အခုလိုတက်ရောက်ခွင့်ရခြင်းအပေါ်မှာ တာဝန်တစ်ရပ်လို ခံယူပြီး တိုင်းပြည်အတွက် ကိုယ်သင်ယူတတ်မြောက်ထားတဲ့ ပညာရပ်တွေကို ပြန်လည်အသုံးချပါလို့ တိုက်တွန်းလိုပါတယ်။ အရင်က အခက်အခဲတွေ အတားအဆီးတွေ အခြေအနေ အရပ်ရပ်တွေကြောင့် ပညာရေးဟာ အားနည်းခဲ့ရပေမယ့် အခုအချိန်မှာ ကလေးတွေအတွက် အခွင့်အလမ်းတွေ ယခင်ထက် တိုးလာနေပြီဆိုတဲ့ ပြယုဂ်ဖြစ်တယ်။ ဆရာတွေရဲ့ ကျေးဇူးကို အောက်မေ့မိသလို ကိုယ့်တပည့်တွေနဲ့ အပေါင်းအသင်းတွေနဲ့ ပြန်တွေ့ခွင့်ရတဲ့အတွက် ငယ်ငယ်က ကျောင်းသားဘဝကို ပြန်ရောက်သွားတယ်။ သင်ကြားရေးပိုင်းမှာဆိုလည်း နိုင်ငံတကာအဆင့်မီ သင်ကြားရေးအထောက်အကူတွေ ရှိနေတယ်။ နျူထရွန်ဂျန်နရေတာ တပ်ဆင်ထားတဲ့အတွက် သုတေသနကျောင်းသားတွေအများကြီး အကျိုးရှိတာတွေ့ရတယ်။ ငယ်ငယ်က ဆန္ဒဖြစ်တဲ့ ဆရာသမားတွေ၊ သူငယ်ချင်းတွေ၊ တပည့်တွေနဲ့ အတူတူ သစ်ပုပ်ပင်အောက်မှာ တပျော်တပါးရှိခွင့်ရလို့ ဆန္ဒပြည့်သွားပြီ။

ဒေါက်တာကိုကိုဦး
ပြည်ထောင်စုဝန်ကြီး
(သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)

**အမေး၊ အရေး**
**ခင်ရတနာ(မြန်မာ့အလင်း)၊**
**ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)**

**ဒေါက်တာ တင်လှိုင်**
**(ကလောင်အမည်-ဘိုးလှိုင်)**
**အဏုမြူစွမ်းအင်ဦးစီးဌာန**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**

ဝမ်းသာမှုကတော့ အတောမသတ်နိုင်ဘူးဗျာ။ ကျွန်တော့်ဘဝဆယ်စုနှစ်တစ်ခုကို ရန်ကုန်တက္ကသိုလ် သစ်ပုပ်ပင်ကြီးဘေးက အက်စ် ၃၉ ရူပဗေဒဆောင်မှာ ပညာဝေမျှခဲ့တယ်။တက္ကသိုလ်ကြီးရဲ့ အနှစ်သာရ၊ အငွေ့အသက်တွေကို အခုကလေးတွေ ပြန်ရပြီ။ ဒါကကျွန်တော့်

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*

ပြည်တွင်းသတင်း

# နေရာလွဲ၊ အဓိပ္ပာယ်လွဲ

မောင်ခင်မင်(ဓနုဖြူ)

"ဟေ့. . . ဒါဆိုရင် ဂုဏ်ပြုလက်ဆောင်တွေအားလုံးငါ့ကိုပေးမှာပေါ့။ ပေး. . ပေး. . . ငါအကုန်လုံးယူမယ်"

အခမ်းအနားမှူးမိန်းကလေးကို တာဝန်ရှိပုဂ္ဂိုလ်က အထက်ပါအတိုင်း ခပ်ကျယ်ကျယ်ကလေးပြောလိုက်သည်။ မိန်းကလေးမှာ မျက်နှာသေကလေးနှင့်ရပ်နေရှာသည်။ တာဝန်ရှိပုဂ္ဂိုလ်၏စကားကို ကြားလိုက်သော ရှေ့နားက ပရိသတ်ကလည်း စူးစမ်းသည့်အဓိပ္ပာယ်ဖြင့် ကြည့်နေကြသည်။ တာဝန်ရှိပုဂ္ဂိုလ်က ပရိသတ်ဘက်လှည့်ပြီး ရှင်းပြပါသည်။

" ခုန ဒီမိန်းကလေးကြေညာလိုက်တာ အားလုံးကြားကြမှာပါ။ သူက "ဘဘဝန်ကြီးအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးပါရန် ရိုသေ လေးစားစွာပန်ကြားပါတယ်ရှင်" ဆိုတော့ ကျွန်တော့်ကို ဂုဏ်ပြုလက်ဆောင်တွေ ချီးမြှင့်မယ်ဆိုတဲ့ အဓိပ္ပာယ် မဟုတ်လား။ ဒါကြောင့် ပေး. . ပေးငါအကုန်ယူမယ်လို့ သူ့ကိုပြောလိုက်တာပါ"

သည်တော့မှ တာဝန်ရှိပုဂ္ဂိုလ်ဆိုလိုသည့်အဓိပ္ပာယ်ကို ပရိသတ်က သိသွားပြီး ပြုံးလိုက်ကြပါသည်။ ကျွန်တော်လည်း ထိုအခမ်းအနား တက်သည့်အတွက် ထိုပရိသတ်ထဲမှာပါပါသည်။

ဆုတို့ ဂုဏ်ပြုလက်ဆောင်တို့ ချီးမြှင့်ရန် သက်ဆိုင်ရာပုဂ္ဂိုလ်များကို ဖိတ်ခေါ်ရာတွင် အခမ်းအနားမှူးများ ဤသို့ဤနှယ် အလွဲလွဲအမှားမှားကြေညာပေါင်းများလှပါပြီ။ "ဘဘဝန်ကြီးက ဂုဏ်ပြုလက်ဆောင်များချီးမြှင့်ပေးပါရန်" ဟု ကြေညာမှသာ ဘဘဝန်ကြီးသည် လက်ဆောင်ချီးမြှင့်ရမည့်သူဖြစ်ပါလိမ့်မည်။ ယခု ထိုမိန်းကလေး ကြေညာသလို 'ဘဘဝန်ကြီးအား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ပေးပါရန်' ဟု ကြေညာလိုက်သောအခါတွင်ကား ဘဘဝန်ကြီးမှာ လက်ဆောင်ချီးမြှင့်ရမည့်သူမဟုတ်တော့ဘဲ လက်ဆောင်ချီးမြှင့်ခံရမည့်သူ ဖြစ်သွားပါတော့သည်။ ထိုအမှားကို တာဝန်ရှိပုဂ္ဂိုလ်က သတိပြုမိသည့်အတွက် အထက်ပါအတိုင်း အခမ်းအနားမှူးကိုပြောလိုက်ခြင်းဖြစ်ပါသည်။

"ဒီလောက်တောင် 'အား'ဆိုတဲ့စကားလုံးကိုသုံးချင်ရင်လည်း 'ဂုဏ်ပြုလက်ဆောင်များချီးမြှင့်ပေးပါရန် ဘဘဝန်ကြီးအား ရိုသေလေးစားစွာပန်ကြားပါတယ်ရှင့်' လို့ ဆိုင်ရာစကားချင်းကပ်ပြီး ပြောသင့်တာပေါ့ဗျာ" ဟု ပုဂ္ဂိုလ်တစ်ယောက်က မှတ်ချက်ချသည်ကိုလည်း ကြားလိုက်ရပါသည်။

အခမ်းအနားအပြီးမှာ နေ့လယ်စာစားရင်း ထိုအကြောင်းကို စကားဆက်ကြသည်။ တာဝန်ရှိပုဂ္ဂိုလ်မှာ ဤသို့သောကြေညာပုံအလွဲတွေကို မကြာခဏ နားထောင်ခဲ့ရပုံရပါသည်။ ထိုအကြောင်းကို စကားဆက်သည်။

"ခုပြောတာမျိုးကတော်သေးတယ်။ တစ်ခါက ပန်းကန်တင်ပွဲတစ်ခုမှာ အခမ်းအနားမှူးက ပန္နက်တင်မယ့်ဝန်ကြီးကို ဘယ်လိုဖိတ်ခေါ်သလဲဆိုတော့ "ဝန်ကြီးအား တူဖြင့်ကိုးချက်ထု၍ ပန္နက်တင်ပေးပါရန်လေးစားစွာပန်ကြားအပ်ပါတယ်"တဲ့ဗျာ၊ အဲဒီဝန်ကြီးတော့ တူနဲ့သာ ကိုးချက်အထုခံရရင် မလွယ်ဘူးဗျို့"

အားလုံးကရယ်ကြပါသည်။ "အင်း. . ဒီအမှားတွေက ဘယ်လောက်ပြင်ပေးပေး မှားနေတုန်းပါပဲ။ ဦးပုညရေးသလို အမှားထောက်ပြတဲ့သူတွေသာ 'ဟောရင်းသာ ပျံတော်မူရမည်' ဆိုတာမျိုးဖြစ်နေပြီ" ဟူ၍ ဆရာမကြီးတစ်ယောက်က ခပ်ညည်းညည်းကလေးပြောနေပါသည်။

နောက်သုံးလေးရက်အကြာတွင် ကျွန်တော့်ဆရာအိမ်မှာ ထိုအကြောင်းပြောမိကြသည်။ ဆရာက တက္ကသိုလ်မှာ ကျွန်တော့်ကို မြန်မာစာသင်ပေးသောဆရာဖြစ်သည်။ ယခုအသက်ရှစ်ဆယ်ကျော်ပါပြီ။ မြန်မာစာနှင့် ပတ်သက်သည့်ဆောင်းပါးများ စာတမ်းများ အများအပြားရေးသားခဲ့သူဖြစ်သည်။ ကျွန်တော်ပြောပြသည်ကို နားထောင်ပြီး ဆရာက သက်ပြင်းချသည်။ ပြီးတော့ပြောသည်။

"အေး. . . အဲဒီအမှားတွေအကြောင်းကို တို့ဆရာကြီးတွေလည်း ရေးခဲ့ပေါင်းများပြီ။ ဆရာလည်းရေးခဲ့တာပဲ။ မင်းလည်းရေးနေတာပဲ။ ဒါပေမယ့်ကွာ ဝါကျထဲက ပုဒ်အထားအသိုလွဲတာတို့ အသုံးလွဲတာတို့ကို စာနယ်ဇင်းတွေမှာတွေ့နေရတုန်းပဲလေ"

"ဟုတ်ပါတယ်ဆရာ။ အသံလွှင့်မီဒီယာတွေမှာလည်း အဲဒီလိုအမှားတွေ မကြာခဏကြားနေရပါတယ်"ဟု ကျွန်တော်က ပြောလိုက်ပါသည်။

"မင်းမှတ်မိမယ်ထင်တယ်။ မင်းတို့ငါတို့ရဲ့ဆရာပါမောက္ခ တက္ကသိုလ်ဝင်တန်း မြန်မာစာမေးခွန်းမှာ အဲဒီလို ပုဒ်အထားမှားတဲ့ဝါကျတွေကို အမှန်ပြင်ခိုင်းတဲ့မေးခွန်း ထည့်မေးလေ့ရှိတယ်လေ"

"မှတ်မိပါတယ်ဆရာ"

"အဲဒီမေးခွန်းမှာ အမှားမှန်းသိသာတဲ့အထားအသိုမျိုးတွေကို တမင်လုပ်ပြီးမေးတတ်တယ်လေ။ ကျောင်းသားက အမှားမှန်းအလွယ်တကူသိအောင်လုပ်ထားတာပါ။ ဒီတော့ အလွယ်တကူအမှန်ပြင်ခိုင်းတာပေါ့"

"ဟုတ်ပါတယ်ဆရာ။ ကျွန်တော်မှတ်မိတာက 'မျက်မှန်နှင့် ကြောင်ကလေးကို ပွေ့ထားသောမိန်းကလေးသည်' ဆိုတဲ့ပုဒ်ပါ။ ကျောင်းသားက 'မျက်မှန်နှင့်ကြောင်ကလေး'ဆိုတာ အဓိပ္ပာယ်အရ မှားနေမှန်း အလွယ်တကူသိနိုင်တာမို့ 'ကြောင်ကလေးကိုပွေ့ထားသော မျက်မှန်နှင့် မိန်းကလေးသည်'လို့ အလွယ်တကူပြင်နိုင်တာပေါ့ဆရာ"

"တစ်ခါတစ်ခါကျတော့လည်း တွဲသုံးလေ့မရှိတဲ့ ပုဒ်ချင်းတမင်ကပ်ထားပြီး မှားမှန်းသိသာအောင် လုပ်တာမျိုးရှိတယ်ကွဲ့။ 'ခါးပြများသည် ရက်စက်စွာ ကားပေါ်တွင် လိုက်ပါလာသော ခရီးသည်များကို ရိုက်နှက်ကြသည်'ဆိုတာမျိုးပေါ့"

"ဟုတ်ပါတယ်ဆရာ။ ဖတ်တဲ့သူက ဒီဝါကျကိုဖတ်လိုက်တာနဲ့'ရက်စက်စွာကားပေါ်တွင်လိုက်ပါလာသော'ဆိုတာ စကားထောင့်နေမှန်း ချက်ချင်းသိနိုင်တာပေါ့။ 'ရက်စက်စွာ'နဲ့ 'လိုက်ပါ'နဲ့ တွဲလေ့မှမရှိဘဲ။ ဒီတော့ 'ရက်စက်စွာ' ကို 'ရိုက်နှက် ကြသည်' ရဲ့အနားကို ကပ်မှမှန်မယ်ဆိုတာ သဘောပေါက်တာပေါ့ဆရာ"

"မင်းသိတဲ့အတိုင်း တို့မြန်မာဝါကျတွေက ကြိယာပုဒ်ကိုသာ ဝါကျအသုံးမှာ ပုံသေထားတာမဟုတ်လား။ တခြားပုဒ်တွေကတော့ နေရာအလဲအပြောင်းလုပ်လို့ရတာပဲလေ။ အလေးပေးချင်တဲ့ ပုဒ်ကို အရင်ဆုံးပြောတာတို့လိုမျိုးပေါ့။ အဲဒီ ပုဒ်တွေကိုအဓိပ္ပာယ်အရ ဘယ်ပုဒ်နဲ့ဘယ်ပုဒ်ကပ်ထားမှာလဲဆိုတာ စဉ်းစားပြီး ပြောရင်ရေးရင် အဓိပ္ပာယ်မရှုပ်ဘူးပေါ့ကွာ"

"မှန်ပါတယ်ဆရာ"

" အဲ. . . အဓိပ္ပာယ်အရ အဲဒီလိုမကွဲပြားတဲ့ အထားအသိုတွေကျတော့ အဓိပ္ပာယ်နှစ်ခွထွက်တာတို့၊ အဓိပ္ပာယ်ရှုပ်တာတို့ဖြစ်သွားနိုင်တာပေါ့ကွာ"

"ဟုတ်ပါတယ် ဆရာ။ အဲဒီလိုသာဓကတွေနဲ့ ကျွန်တော့်တပည့်ကလေးတွေကို ရှင်းပြရပါတယ်။ ဥပမာ 'ဆယ်ကျော်သက်အရွယ် ဗိုလ်မှူးကြီး၏သမီး' လို့ရေးရင် အဓိပ္ပာယ်အရ 'ဆယ်ကျော်သက်အရွယ်' ဟာ 'ဗိုလ်မှူးကြီး' နဲ့မဆိုင်ဘူး 'သမီး' နဲ့ပဲဆိုင်တယ်ဆိုတာ ချက်ချင်းသိနိုင်တာမို့ 'ဗိုလ်မှူးကြီး၏ ဆယ်ကျော်သက်အရွယ်သမီး' လို့ ဆိုလိုကြောင်း သဘောပေါက်နိုင်တယ်။ ဆိုင်ရာပုဒ်ချင်း ကပ်မထားပေမယ့် အဓိပ္ပာယ်ရှုပ်မသွားဘူး။ ဒါပေမယ့် "နိုင်ငံခြားသို့သွားသော ဗိုလ်မှူးကြီး၏သမီး" ဆိုရင်တော့ နိုင်ငံခြားသွားတာ ဗိုလ်မှူးကြီးလည်းဖြစ်နိုင်တာပဲ၊ သမီးလည်းဖြစ်နိုင်တာပဲ။ အဓိပ္ပာယ်အရ မသဲကွဲဘူး။ အဲဒီလိုအခါမျိုးကျရင် ဘယ်သူနိုင်ငံခြားသွားတယ်ဆိုတာ ကွဲပြားအောင်ဝါကျပုံစံကို ပြင်ရေးသင့်ရင်ရေးရမယ်။ 'ဤမိန်းကလေးသည် နိုင်ငံခြားသို့သွားနေသော ဗိုလ်မှူးကြီးသမီးဖြစ်သည်' ဆိုတာမျိုး၊ ဒါမှမဟုတ် 'ဗိုလ်မှူးကြီး၏သမီး နိုင်ငံခြားသွားနေသည်ဆိုတာမျိုး၊ ကွဲပြားအောင်ရေးသင့်တဲ့အကြောင်း ကျွန်တော်သူတို့ကို ရှင်းပြပါတယ် ဆရာ"

"ကောင်းတယ်၊ ကောင်းတယ်။ မင်းရှင်းပြပုံမျိုး ငါလည်းသဘောကျပါတယ်။ ဟိုတစ်ခါသတင်းစာထဲမှာ ဓာတ်ပုံအောက်မှာ ထိုးတဲ့စာတန်းလိုတော့ မဖြစ်စေနဲ့ပေါ့ကွာ"

"ဘယ်လိုစာတန်းပါလဲ ဆရာ"

"မင်းသတိမထားလိုက်မိဘူးထင်တယ်။ ဓာတ်ပုံအောက်ကစာတန်းက 'ခြောက်ဘာသာဂုဏ်ထူးရှင် မောင်မောင်ဆွေ အဘ ဦးအေးမောင် ဆုယူနေစဉ်'တဲ့။ ဒီတော့ မောင်မောင်ဆွေက ဆုပေးပွဲမတက်နိုင်လို့ သူ့အဖေ ဦးအေးမောင်က ကိုယ်စားဆုယူတယ်ထင်တာပေါ့။ ဓာတ်ပုံကြည့်လိုက်တော့မှ

ခုပြောတာမျိုးကတော်သေးတယ်။ တစ်ခါက ပန္နက်တင်ပွဲတစ်ခုမှာ အခမ်းအနားမှူးက ပန္နက်တင်မယ့်ဝန်ကြီးကို ဘယ်လိုဖိတ်ခေါ်သလဲဆိုတော့ "ဝန်ကြီးအား တူဖြင့်ကိုးချက်ထု၍ ပန္နက်တင်ပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်"တဲ့ဗျာ၊ အဲဒီဝန်ကြီးတော့ တူနဲ့သာ ကိုးချက်အထုခံရရင် မလွယ်ဘူးဗျို့

ဆုယူတာ လူငယ်ကလေးဖြစ်နေတယ်လေ။ ဒီတော့မှ 'အဘဦးအေးမောင်' ကဆုယူတာမဟုတ်ဘူး၊ မောင်မောင်ဆွေရဲ့ အဖေဖြစ်ကြောင်း ထည့်ထားတာသာဖြစ်မယ်ဆိုတာ သဘောပေါက်သွားတယ်"

"ခုခေတ် စာနယ်ဇင်းတွေမှာ အဲဒီလိုသက်ဆိုင်ရာ လူနာမည်နောက်က အဘ ဘယ်သူဆိုပြီး အဖေနာမည်ကြီး ကန့်လန့်ကန့်လန့်ပါနေတာ အကျင့်ပါနေပြီ ဆရာ။ ထုံးစံကြီးလိုဖြစ်နေတယ်။ မြန်မာစာရေးထုံးနဲ့လည်း မညီဘူး။ သတင်းထဲထည့်ရေးချင်ရင် 'ဦးအေးမောင်၏ သားမောင်မောင်ဆွေ' လို့ရေးသင့်တယ်မဟုတ်လားဆရာ။ အဖေနာမည်လည်း နေရာတိုင်းပါဖို့မှ မလိုဘဲဟာ။ ခုတော့ အဲဒီအဖေနာမည်တွေ နေရာလွဲပြီး ပါပါနေတာ ပြဿနာတစ်ခုပါပဲ ဆရာရယ်"

"ဆရာတော့ မရေးနိုင်တော့ပါဘူးကွယ်။ မင်းတို့ရေးနိုင်သေးတဲ့သူတွေပဲ ဆက်ရေးကြပေတော့"

## အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း နှစ် ၁၀၀ ပြည့်အကြို စာပေဟောပြောပွဲကျင်းပမည်

ပခုက္ကူ ဇန်နဝါရီ ၃၁

ပခုက္ကူမြို့နယ် ကမ္မကျေးရွာအုပ်စုတွင် ဗိုလ်ချုပ်အောင်ဆန်းကို ကြည်ညိုလေးစားသော စာပေချစ်သူများက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နှစ် ၁၀၀ ပြည့် မွေးနေ့အကြိုအထိမ်းအမှတ် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၇ ရက်နှင့် ၈ ရက်ညတို့တွင် ကျေးရွာအုပ်စု ပြည်သူအားကစားကွင်း၌ ကျင်းပသွားရန်ရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၇ ရက် ည ၇ နာရီတွင် စာရေးဆရာများဖြစ်ကြသော ဆရာကျော်ရင်မြင့်(မန္တလေး)၊ ဆရာအောင်ဖြိုးကျော်(ပခုက္ကူ)နှင့် ဆရာကိုငြိမ်း(မန္တလေး)တို့ကလည်းကောင်း၊ ဖေဖော်ဝါရီ ၈ ရက်ညတွင် ဆရာညီပုလေး(မန္တလေး)၊ ဆရာထွဏ်းသွေးအိမ်(မန္တလေး)နှင့် ဆရာမချောအိမာန်(မန္တလေး)တို့ကလည်းကောင်း ဟောပြောကြမည်ဖြစ်ပြီး ကမ္မမူလတန်းကျောင်းပေါင်းစုံ ပြေးပွဲ၊ ပြိုင်ပွဲများနှင့် နံရံကပ်စာစောင်များ ပြသသွားမည်ဟု စာပေဟောပြောပွဲဖြစ်မြောက်ရေးအဖွဲ့ထံမှ သိရသည်။ **အောင်(မန်းတက္ကသိုလ်)**

## ထွန်းဖောင်ဒေးရှင်းစာပေဆုများ ထုတ်ပြန်ကြေညာ

ရန်ကုန် ဇန်နဝါရီ ၃၁

ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ် ပရိသတ်တိုးပွားရေး၊ စာကောင်းပေမွန်များပေါ် ထွန်းရေးတို့ကို တစ်နည်းတစ်လမ်းမှ ပါဝင်ထောက်ကူသောအားဖြင့် " ထွန်းဖောင်ဒေးရှင်းစာပေဆု" ကို ၂၀၀၆ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး ဆုများ ရွေးချယ်ချီးမြှင့်နိုင်ရန် စာအုပ်/စာမူများကို နှစ်စဉ်ဖိတ်ခေါ်ခဲ့ရာ ၂၀၁၄ ခုနှစ် (နဝမအကြိမ်) ထွန်းဖောင်ဒေးရှင်းစာပေဆုများ ချီးမြှင့်ရန် ရွေးချယ်ထားသည့် စာအုပ်/စာမူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

၂၀၁၄ ခုနှစ် ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုရှင်အဖြစ် ကွယ်လွန်သူ စာရေးဆရာကြီး ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)အား ဂုဏ်ပြု ရွေးချယ်ချီးမြှင့်သည်။

စီးပွားရေးစာပေဆုတွင် သိန်းလွင်(ပြည်ပပို့ကုန်) ရေးသားသည့် လက်တွေ့အသုံးချ အင်ကိုတမ်း(၂၀၁၀)၊ သမိုင်းစာပေဆုတွင် မောင်ဝင့်သူ မြန်မာပြန်ဆိုထားသော မြန်မာ့တော်လှန်ရေးခရီးကြမ်းမှ အောင်မြင်မှု မှတ်တမ်း(၁၉၃၉-၁၉၄၆)၊ ယဉ်ကျေးမှုစာပေဆုတွင် လယ်တွင်းသားစောချစ် ရေးသားသည့် ပျော်မွေ့ဖွယ်ရာ တို့တောရွာ မြန်မာ့ရိုးရာ ဓလေ့များနှင့် နေဝင်းစံရေးသားသည့် ပြုသမျှနုရရှာသည့် ဇာတ်ဆရာကြီး ဦးဘိုးစိန်နှင့် သမိုင်းထဲက ဦးဘိုးစိန်(သို့မဟုတ်) ဦးဘိုးစိန်၏သမိုင်း၊ အတ္ထုပ္ပတ္တိစာပေဆုတွင် မောင်မောင်ဟန်(အေးရွာ) ရေးသားသည့် ၁၉၂၀ ကောလိပ်သပိတ်ခေါင်းဆောင် ရှေးဟောင်းသုတေသီ မြန်မာစကားပညာရှင် ဦးဖိုးလတ်၊ ရှေးဟောင်းကျမ်း စာပေဆုတွင် ဦးစိန်မောင်ဦး(ရှေးဟောင်းသုတေသန) ရေးသားသည့် မြန်မာနိုင်ငံလက်ရွေးစင် ရှေးဟောင်းခေါင်းလောင်းစာများ၊ ရည်ညွှန်းကျမ်းစာပေဆုတွင် ဦးသန့်(လာဘ်မိုးစွေ)ရေးသားသည့် ခေတ်အဆက်ဆက် သမိုင်းဝင် မြန်မာ့မှတ်တမ်းပုံရိပ်များ၊ လူငယ်စာပေဆုတွင် မောင်ကိုကို(အမရပူရ)ရေးသားသည့် ဘာကိုမှမကြောက်သူများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစာပေဆုတွင် ဦးဝင်းထိန် (ဟိုတယ်/ခရီး)ရေ သားသည့် အစားအသောက်သန့်ရှင်းရေးနှင့် ရောဂါပိုးမွှားကင်းစင်ရေးလက်စွဲ၊ သုတပဒေသာစာပေဆုတွင် နတ်မောက်ထွန်းရှိန်ရေးသားသည့် မန္တလေးခေတ် ပိဋကတ်ပုံနှိပ်တိုက်များနှင့် မန္တလေးခေတ် ပိဋကတ်စာအုပ်ဆိုင်များ၊ စာပဒေသာဆုတွင် ဒေါက်တာချစ်ရေးသားသည့် ဘဝဇာတ်ခုံ ကကြိုးစုံတို့က ရရှိကြသည်။

ယဉ်ကျေးမှုစာပေဆု(အင်္ဂလိပ်)တွင် ပါရဂူရေးသားသည့် ပုဂံခရီးသည် စာအုပ်ကို ကြည်ကြည်လှ ဘာသာပြန်ဆိုထားသော THE BAGAN WAYFARER နှင့် လူငယ်စာပေဆု(အင်္ဂလိပ်)တွင် ကောင်းသန့်ရေးသားသည့် ဝေသီမြင့်မားသော တောင်ထိပ်ဖျားပေါ်မှ တစ်ခုသော ပန်းဥယျာဉ် စာအုပ်ကို Nyi Nyi Pe (BKK) ဘာသာပြန်ဆိုထားသော A Garden on a Far-Flung Peak တို့က ရရှိကြသည်။

စာမူဆုအတွက် ရှေးဟောင်းကျမ်းစာပေဆုတွင် ဒေါက်တာကျော်ဆွေဦး ရေးသားသည့် မြန်မာမှုဘုရင့်အုပ်ချုပ်ရေးခေတ် သာသနာတော် စောင့်ရှောက်ပုံ(ကုန်းဘောင်ခေတ်)၊ သမိုင်းစာပေဆုတွင် မောင်နွယ်သန်း ရေးသားသည့် မောရိယတိုင်း သမိုင်းဝင်ကဘော်ဒေသ၊ ကလေးစာပေဆုတွင် မဲကလေး(ခေတ္တ-အမိုကရို)ရေးသားသည့် နာဂစ်သို့ မိသားစုတို့က ရရှိကြသည်။

နဝမအကြိမ်မြောက် ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုအတွက် ဆုငွေကျပ်သိန်း ၂၀ နှင့် စာအုပ်ဆုအတွက် ဆုငွေကျပ် ၁၅ သိန်းတို့ကို ထွန်းဖောင်ဒေးရှင်းအမှတ်တံဆိပ်ပါ ရွှေတံဆိပ်ပူးတွဲချီးမြှင့်ပြီး စာမူဆုအတွက် ဆုငွေကျပ် ခုနစ်သိန်းချီးမြှင့်မည်ဖြစ်သည်။

ထွန်းဖောင်ဒေးရှင်းစာပေဆု ချီးမြှင့်သည့်အခမ်းအနားကို မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပရန်လျာထားပြီး ဆုချီးမြှင့်သည့်အခမ်းအနား ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။ ဆုရရှိသူများသည် ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီ အမှတ် (၂၃/၂၄)၊ ဗဟိုစည်ရိပ်သာ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်မြို့နယ် ဖုန်း ၀၉-၇၃၁၀၄၄၈၇ သို့ အမြန်ဆက်သွယ်ကြရန်နှင့် လိုင်စင်ဓာတ်ပုံ နှစ်ပုံနှင့် ကိုယ်ရေးမှတ်တမ်းများကို တစ်ပတ်အတွင်း ပေးပို့ကြရန်ဖြစ်သည်။

၂၀၁၄ ခုနှစ်တွင် ထုတ်ဝေသည့် စာအုပ်များကို မိမိကိုယ်တိုင်ရေးသားပြုစုထားသော စာမူများကို ပေးပို့လိုသော စာပေပညာရှင်များသည် ယနေ့မှစတင်၍ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၃၀ ရက်အတွင်း အထက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

## မိုးလေဝသအခြေအနေ

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့ သာယာမည်။

**မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် တိုးနေမည်။

**ဇန်နဝါရီ ၂၉ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် အမှတ်(၉)ရပ်ကွက်ရှိ YMCA ခန်းမ၌ မိုးပွင့်(အထူး) စီမံချက်လုပ်ငန်းနှင့်ပတ်သက်သည့် လူထုနှင့် တွေ့ဆုံရှင်းလင်းပွဲကျင်းပရာ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင် ရေးဦးစီးဌာနမှူး ဦးတင်မောင်ဦးက ရှင်းလင်းတင်ပြစဉ်။** မြင့်ဌေး(လဝက)

*စာမျက်နှာ ၉ မှ*

ရဲ့ပီတိ။ သစ်ပုပ်ပင်နဲ့ ရန်ကုန်တက္ကသိုလ်ကျောင်းသား ဆိုတာ ဇာတ်လမ်းတစ်ခုမဟုတ်တစ်ခုရှိပြီးသားပေါ့။ (ရယ်လျက်)။ အထူးသဖြင့် ရူပဗေဒပညာသည် အရာအားလုံးနှင့်သက်ဆိုင်သည် ဆိုတဲ့အတိုင်း ကျွန်တော်တို့လို ပညာရှင်တွေအတွက် လုပ်ခွင့်ကိုင်ခွင့် အစွမ်းပြခွင့်တွေရလာပါပြီ။ ရူပဗေဒပညာရှင်တွေအတွက် အများကြီးကမ်းလင့်ကြိုဆိုပါတယ်လို့ သစ်ပုပ်ပင်ကြီးအောက်ကနေ ကြိုဆိုလိုက်ပါတယ်။ မြင်တဲ့အတိုင်း ဒီပွဲမှာ ကျောင်းသားနဲ့ ဆရာပေါင်းလူတစ်ထောင်ကျော်တက်ကြတယ်။ အားလုံး ဆန္ဒပြည့်တဲ့အပြုံးတွေနဲ့။ ကျွန်တော်တို့ခံစားရရှိခဲ့ကြတဲ့ ဘူမိနက်သန်နေရာကြီးကို သားစဉ်မြေးဆက် လွှဲပြောင်းကြရမှာပါ။ တိုင်းပြည်အကျိုးပြုတဲ့ ပညာရှင်တွေ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးနဲ့ ဦးခင်မောင်စိုးတို့ ပေါ်ထွက်လာသလို နယ်ပယ်အသီးသီးမှာ ရူပဗေဒပညာရှင်ပေါင်းများစွာက ကျရာအခန်းကနေကြိုးစားပြီး နိုင်ငံတော်ကို မြှင့်တင်နေပါတယ်။ နာဆာအပါအဝင် ကမ္ဘာကျော်ဌာနကြီးတွေ၊ ရူပဗေဒဆိုင်ရာ သုတေသနအဖွဲ့အစည်းတွေမှာ မြန်မာပညာရှင်တွေ အများကြီးရှိပါတယ်။ ဆက်လက်သင်ယူပါ၊ တိုင်းပြည်အတွက် မြှင့်တင်ပါလို့ ပြောကြားချင်ပါတယ်။

**ပါမောက္ခဒေါက်တာ တင့်လွင်**
**အာစရိယပူဇော်ပွဲ**
**ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ**

ရူပဗေဒ မိသားစုဝင်တွေ စုစုစည်းစည်း ကျင်းပနိုင်တာ အလွန်ဝမ်းမြောက်ပါတယ်။ ဆရာတွေရဲ့ ဂုဏ်ကျေးဇူးကြောင့် ကျွန်တော်တို့ သင်ယူလေ့လာခွင့် ရကြသလို ကျွန်တော်တို့ ပြန်လည်သင်ကြားခွင့်ရချိန်မှာလည်း ကလေးတွေအတွက် ဆရာတွေရဲ့ လမ်းညွှန်မှုအတိုင်း သင်ကြားပေးနိုင်ခဲ့တယ်။ အထူးခြားဆုံးဖြစ်တဲ့ သစ်ပုပ်ပင်ကြီးအောက်မှာ မိတ်ဆုံစားပွဲကျင်းပခွင့်ကတော့ အားလုံးဝမ်းသာပျော်ရွှင်ကြတဲ့ ကိစ္စဖြစ်ပြီး ရူပဗေဒကျောင်းသားတွေ အများကြီးလာရောက်ကြတယ်။ အားလုံးက ရန်ကုန်တက္ကသိုလ်ထဲက ရှိခဲ့ဖူးတဲ့ ခြေရာတွေကို ပြန်လာရှာကြတာ။(ရယ်လျက်)။ နှစ်စဉ်နှစ်တိုင်း အခုလို ကျင်းပခွင့်ရဖို့ မျှော်လင့်ပါတယ်။ ထပ်မံပြီးလည်း ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်တွေက ရန်ကုန်တက္ကသိုလ်ကြီး ပိုမိုဂုဏ်ရှိန်ဝင့်လာအောင်စွမ်းဆောင်ပေးကြပါလို့ တိုက်တွန်းလိုပါတယ်။

ပါမောက္ခ ဒေါက်တာ တင့်လွင်

**ဒေါက်တာမိုးမိုးအေး (ကထိက)**
**ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာန**

တက္ကသိုလ်ဝင်တန်း အောင်ကတည်းက ရူပဗေဒကိုပဲ စိတ်ဝင်စားတယ်။ ရူပဗေဒနဲ့ ပတ်သက်တာ အားလုံးအပေါ်မှာ ရူးသွပ်စွာ ခံစားတယ်။ အခုလို သစ်ပုပ်ပင်ကြီးအောက်မှာ ဆရာသမားတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ၊ သူငယ်ချင်းတွေနဲ့ တပည့်တွေနဲ့ အတူတူရှိနေခွင့်ရလို့ အခုပွဲအတွက် ပင်ပန်းသမျှတွေ ပျောက်သွားတာပဲ။ Natural World မှာ ရူပဗေဒနဲ့ ကင်းတာဘာမှမရှိပါဘူး။ ကျွန်မက Material Science နဲ့ ဒေါက်တာဘွဲ့ရရှိထားပြီး ကထိကအနေနဲ့ ရန်ကုန်တက္ကသိုလ်မှာ ပြန်လည်တာဝန်ထမ်းဆောင်နေပါတယ်။ ကလေးတွေအတွက် အခွင့်အလမ်းတွေက ကျွန်မတို့တုန်းကထက် အဆများစွာပွင့်လာပါပြီ။ ဖြစ်ချင်တဲ့စိတ်တစ်ခုပဲ လိုအပ်ပါတယ်။ ရွေးချယ်မှုတွေအများကြီးရှိလာတယ်။ (သစ်ပင်ကြီးကို မော့ကြည့်ရင်း ရယ်လျက်) သစ်ပုပ်ပင်ကြီးက ကျွန်မတို့ရူပဗေဒဌာနမိသားစုတွေရဲ့ အပျော်တွေကို ပြုံးပြီးကြည့်နေတယ်။

ဒေါက်တာ မိုးမိုးအေး

**ဒေါက်တာလှတိုး (ကထိက)**
**ရူပဗေဒဌာန ရန်ကုန်တက္ကသိုလ်**

ပွဲကျင်းပနိုင်ဖို့အရေး တစ်ပတ်လောက် နေ့မအိပ်ညမအိပ် ပင်ပန်းခဲ့သမျှတွေက အခုညမှာ ပျောက်သွားပါပြီ။ ကျွန်တော်တို့ကျောင်းသားဘဝမှာ စိတ်ကူးမျှော်လင့်ချက်တွေကို သစ်ပုပ်ပင်အောက်မှာ ထိုင်ရင်းဝိုင်းဖွဲ့ပြောခဲ့ကြဖူးတယ်။ အခုတော့ တစ်ချိန်က အခြေအနေကို ပြန်ရောက်သွားခဲ့ပြီ။ ရန်ကုန်တက္ကသိုလ်ကြီး အသက်ဝင်လာပြီဆိုတဲ့ အထိမ်းအမှတ်ပေါ့ဗျာ။ သံတစ်ချောင်းကနေ ဒုံးပျံအထိ ရူပဗေဒပညာရပ်ဖြစ်ပါတယ်။ စိတ်ဝင်စားဖို့ကောင်းသလို လူသားအကျိုးပြုလုပ်ငန်းတွေအားလုံးဟာ ရူပဗေဒနဲ့ ဆက်စပ်နေတာမို့ ပညာရှင်တွေ ပေါ်ထွက်လာဖို့ လိုအပ်တယ်။

**မဇင်မိုးနိုင်**
**ရူပဗေဒကျောင်းသူဟောင်း**

ကျောင်းကို ပြန်ရောက်တာ ငယ်ငယ်က အချိန်တွေပြန်ရောက်သွားသလိုပဲ။ ဆရာတွေကို မြင်ရင် ချစ်ကြောက်စိတ်ဝင်မိသလို၊ သူငယ်ချင်းတွေပြန်တွေ့တော့လည်း ငယ်ဘဝကို အောက်မေ့မိတယ်။ သစ်ပုပ်ပင်ကြီးကတော့ ကျွန်မတို့ကျောင်းသူဘဝက အတိုင်းဘာမှမပြောင်းလဲဘူး။ အဲဒါကိုက လွမ်းစရာကောင်းတယ်။ သူငယ်ချင်းတွေစုပြီး ငယ်ငယ်က ရေးခဲ့ဖူးတဲ့ အမှတ်တရတွေများရှိမလား ရှာဖို့တောင် စဉ်းစားနေတယ်။ အရင်နှစ်တွေက ကျင်းပတာသိပေမယ့် လူကိုယ်တိုင်မလာခဲ့ဘူး။ ဒီနှစ်ကတော့ သူငယ်ချင်း ဆရာမက အကြောင်းကြားကတည်းက RCနဲ့ သစ်ပုပ်ပင် တစ်လက်စတည်း ငယ်ဘဝအကြောင်း သတိရပြီး အရောက်လာဖို့ ဆုံးဖြတ်လိုက်တယ်။

မဇင်မိုးနိုင်
(ရူပဗေဒကျောင်းသူဟောင်း)

**ပြည့်ဖြိုးလွင် ဒုတိယနှစ်**
**စကြဝဠာရူပဗေဒဘာသာရပ်**
**ကျောင်းသား**
**ရန်ကုန်တက္ကသိုလ်**

ကျွန်တော့်အတွက်တော့ ရန်ကုန်တက္ကသိုလ်မှာ ကျောင်းတက်ခွင့်ရတာ မဟာဆုလာဘ်ပေါ့။ ရူပဗေဒပညာရပ်နဲ့ အရင်က ပြည်တွင်းမှာ အသုံးချဖို့ ခက်ခဲပေမယ့် အခုအချိန်မှာ အများကြီး ပွင့်လန်းလာခဲ့ပြီ။ သုတေသန လုပ်ငန်းတွေကိုလည်း ကျွန်တော်တို့ လုပ်နိုင်ဖို့ အခွင့်အလမ်းတွေရှိတယ်။ ကျွန်တော်လေးစားရတဲ့ ဆရာကြီးတွေရှိတယ်။ စကြဝဠာ ရူပဗေဒဘာသာရပ် ပညာရှင်တွေဖြစ်ပါတယ်။ ကွယ်လွန်သွားတဲ့ ပါမောက္ခဒေါက်တာစိန်ထွန်းနဲ့ လက်ရှိပညာရှင် ဒေါက်တာတင်အောင်တို့လို ထူးချွန်တဲ့ ပညာရှင်ဖြစ်ဖို့ ကြိုးစားနေပါတယ်။ နိုင်ငံခြားမှာ ပညာဆက်သင်ဖို့ မျှော်လင့်ထားပါတယ်။ သို့သော် အလုပ်လုပ်ဖို့ကိုတော့ ကိုယ့်တိုင်းပြည်မှာ ပညာရှင်အနေနဲ့ ရပ်တည်ဖို့ ရည်ရွယ်ကြိုးစားနေတယ်။

ရူပဗေဒ မိသားစုများ၏ အပျော်များကို သစ်ပုပ်ပင်ကြီးသာ အသက်ရှိပါက ဝမ်းမြောက်စွာ ဂုဏ်ယူနေမည်ဟု ယူဆမိပါတော့သည်။

**(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

# မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲ မန္တလေးကန်တော်ကြီး၌ ထိုးသတ်ယှဉ်ပြိုင်မည်

**မန္တလေး ဇန်နဝါရီ ၃၁**

မန္တလေးတိုင်းဒေသကြီး မြန်မာ့ရိုးရာလက်ဝှေ့ဆပ်ကော်မတီက ကြီးမှူး၍ ပန်းတစ်ခိုင်ဦးမြင့်လွင် စီစဉ်တင်ဆက်သည့် ဖိုးသားကြီး (မန္တလေး)နှင့် လေးညို့ရှင်(ခ)ရှမ်းကို (T&T)တို့၏ မြန်မာ့ရိုးရာ လက်ဝှေ့ပွဲကြီးကို ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၃ နာရီတွင် မန္တလေးမြို့ ကန်တော်ကြီး Grand မြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်သည်။ သုံးချီစိန်ခေါ်ပွဲ ၊လေးချီ စိန်ခေါ်ပွဲ၊ ငါးချီစိန်ခေါ်ပွဲများ ပါဝင်မည်ဖြစ်သည်။ (အမရပူရ)နှင့် တက်လူ (အောင်စိုးကလပ်)၊ ဟောလိ(စွမ်းကေကေ)နှင့် ဇွဲလုလင်(ကျောက်ဆည်)၊ မိုးလေး(စွမ်းကေကေ)နှင့် ဗလုဝ(အမရပူရ)၊ ရွှေအောင်လံ (စွမ်းကေကေ) နှင့် မိုက်ကယ်မိုး၊ လေးချီစိန်ခေါ်ပွဲများအဖြစ် မင်းနိုင်ထွန်း(စွမ်းကေကေ) နှင့် အားမာန်(စဉ့်ကိုင်)၊ သူရလိပ်(စွမ်းကေကေ)နှင့် အံဘွား(မင်းသီဟ)၊ ငါးချီစိန်ခေါ်ပွဲများအဖြစ် မင်းမင်းထွန်း(စွမ်းကေကေ)နှင့် စောအယ်လေး(ထော့မဲပါ)၊ ဖိုးသားကြီး (မန္တလေး)နှင့် ရှမ်းကို(T&T) တို့

စိန်ခေါ်ထိုးသတ်ကြမည်ဖြစ်သည်။

အဆိုပါ ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကြီးသည် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ မြို့တော်ဝန်ဖလား (၁၃)ကြိမ်မြောက် ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပန်းမန် ပြပွဲ၊ ပြိုင်ပွဲကို ဂုဏ်ပြုသောအားဖြင့် လက်ဝှေ့ပြိုင်ပွဲကျင်းပမည်ဟု သိရသည်။

သုံးချီပြိုင်ပွဲများအဖြစ် အောင်စည်ဟိန်း(စွမ်းကေကေ)နှင့် အောင်ကျော်ကျော်(အမရပူရ)၊ ဖြိုးကြီး

လက်မှတ်များကို ကီးမားဦးတင်ဝင်း ဖုန်း-၂၀၀၇၇၀၅နှင့် သံလျက်မော်တောင်အုပ်ချုပ်ရေးမှူးရုံး ဖုန်း-၄၃၀၁၀၇၀၃ သို့ ဆက်သွယ်ဝယ်ယူနိုင်သည်ဟု သိရှိရသည်။ ရုံဝင်လက်မှတ်များကို ငွေကျပ်ငါးထောင်၊ ငွေကျပ် ရှစ်ထောင်၊ ငွေကျပ်တစ်သောင်း သတ်မှတ်ထားသည်ဟု သိရှိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

## အားကစားဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်


## သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းဖွဲ့စည်းမည်

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းဟောင်းများ၏ ကျန်းမာရေး၊ လူမှုရေးနှင့်သာရေး၊ နာရေးဆိုင်ရာကိစ္စများကို ကူညီဆောင်ရွက်ပေးနိုင်ရန် သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းကို ဖွဲ့စည်းတည်ထောင်မည်ဖြစ်ပါသည်။

အဆိုပါအသင်း ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းဟောင်း(အငြိမ်းစား၊ နုတ်ထွက်၊ ဌာနပြောင်း)များအနေဖြင့် သက်ဆိုင်ရာ သတင်းစာတိုက်များသို့ ဆက်သွယ်စာရင်းပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(က) ဒေါ်စန်းစန်းမြင့် ဖုန်း-၀၁-၂၀၀၈၁၂**
**(ခ) ဦးဇော်မင်း ဖုန်း-၀၁-၅၄၄၃၁၄**
**(ဂ) ဦးရွှေကို ဖုန်း-၀၁-၈၆၁၀၆၈၅**

**အသင်းဖြစ်မြောက်ရေးကော်မတီ**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် လှရတနာ သုံးထပ်တိုက်ကျောင်း၌ နှစ်စဉ်တစ်နှစ်တစ်ကြိမ် ကျင်းပမြဲဖြစ်သော စွယ်တော်ရတနာစေတီ တေရသမအကြိမ်

### ဓမ္မပူဇာတရားပွဲများ

၁။ အဝေရာရာမ ရန်ကင်းဆရာတော် ဘဒ္ဒန္တသြဒါတသိရီဘိဝံသ ၁-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့)
၂။ သီတဂူ အရှင်တိက္ခသာရ ၂-၂-၂၀၁၅ရက် (တနင်္လာနေ့)
၃။ ဗန်းမော်ဆရာတော်ကြီး ဘဒ္ဒန္တကုမာရာဘိဝံသ ၃-၂-၂၀၁၅ရက် (အင်္ဂါနေ့)

**(ညစဉ် ၇နာရီတွင် စတင်ဟောကြားတော်မူပါမည်။)**



### အမည်ပြောင်း

ဦးခင်မောင်ငွေ၏ သားနှင့်သမီး အထက(စလင်း) အဋ္ဌမတန်းမှ မငွေသီရိအောင်နှင့် ပဉ္စမတန်းမှ မောင်ခန့်ဇော်ငွေတို့အား မသဥ္ဇာဆုအောင်နှင့် မောင်ခန့်ဇော်ဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

### ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်ကျင်နု ၁၂/တမန(နိုင်) ၀၀၄၅၇၄၏ Passport ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။
**ဒေါ်ကျင်နု ဖုန်း-၀၉-၅၁၃၆၇၆၅**

### တိုင်းရင်းသားရိုးရာ သားရေတပ်တူရိယာပစ္စည်းများ လှူဒါန်း/ငှားရမ်းပေးနိုင်ရေး ဖိတ်ခေါ်ခြင်း

ယဉ်ကျေးမှုဝန်ကြီးဌာနက တိုင်းရင်းသားရိုးရာ သားရေတပ်တူရိယာပစ္စည်းများကို စုစည်း၍ ယဉ်ကျေးမှုစင်တာအဖြစ် ဖွင့်လှစ်ထားရှိသော ကမ္ဘောဇရိပ်သာ(ချင်းချောင်းနန်းတော်)ရန်ကုန်မြို့၌ မြန်မာ့တူရိယာပစ္စည်းများပြပွဲတွင် ခင်းကျင်းပြသရန် စီစဉ်လျက်ရှိပါသည်။

သို့ပါ၍ တိုင်းရင်းသားရိုးရာ သားရေတပ်တူရိယာပစ္စည်းများ (ဥပမာ-ရှမ်းအိုးစည်၊ ရခိုင်စည်တော်၊ အိုးစည်၊ ဗုံတို/ဗုံရှည်·········စသည့်)များကို စုဆောင်းထားရှိသော ပုဂ္ဂလိကအလှူရှင်များကသော်လည်းကောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများကသော်လည်းကောင်း လှူဒါန်း(သို့မဟုတ်)ငှားရမ်း(သို့မဟုတ်)ရောင်းချပေးလိုပါက ပေးနိုင်ရေးအတွက် ဖိတ်ခေါ်အသိပေးအပ်ပါသည်။

လှူဒါန်း/ငှားရမ်း/ရောင်းချပေးလိုပါက အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ရုံးချိန်အတွင်း ဆက်သွယ်ပြန်ကြားပေးပါရန် မေတ္တာရပ်ခံပါသည်။

- ဦးဇော်ငွေ[ဒုတိယပါမောက္ခချုပ်၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)] ဖုန်း-၀၁-၅၉၀၂၃၄
- ဦးညွန့်ဝင်း[ညွှန်ကြားရေးမှူး(စီမံ)၊ အနုပညာဦးစီးဌာန] ဖုန်း-၀၆၇-၄၀၈၀၃၄
- ဦးသူအောင်[ဒုတိယညွှန်ကြားရေးမှူး၊ ယဉ်ကျေးမှုဝန်ကြီးဌာန(ဝန်ကြီးရုံး)] ဖုန်း-၀၆၇-၄၀၈၂၈၃

**အနုပညာဦးစီးဌာန**
**ယဉ်ကျေးမှုဝန်ကြီးဌာန**

### ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၁-၂၀၁၅ ရက်တွင် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၀ပါ Kyaw Ye Win Export Import Co.,Ltd. ၏ ကျေးဇူးဆပ်ပါမည်။ ကြော်ငြာတွင် သွင်းကုန် ကြေညာလွှာ အမှတ်1361600 (11-7-2012) အစား 131600 (7-11-2013) ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတ မြို့နယ်၊ ရတနာလမ်းသစ်အိမ်ရာ၊ အမှတ်၁၊ အခန်းအမှတ် ၂၀၂ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မူမူထွန်း ၇/ဝမန(နိုင်)၀၇၇၀၃၅က အဆောက်အအုံ ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် (Owner Book) မူရင်း ပျောက်ဆုံးသွားပါသဖြင့် မိတ္တူထုတ်ယူခွင့်ပြုပါရန် တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်တို့ဖြင့်လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း၊ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။**အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)**
**မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**




### အမည်ပြောင်း

ဦးကျော်ညိမ်း-ဒေါ်မူမူဝင်းတို့၏ သမီးကြီး မဇင်မာဦးအား ယနေ့မှစ၍ မခင်နှံ့သာငြိမ်းဟု ပြောင်းလဲခေါ်ပါရန်။
**မခင်နှံ့သာငြိမ်း**

## အလိမ္မာ စာမှာရှိ

ပြည်တွင်းသတင်း

# ရန်ကုန်မြို့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့် Analogue စနစ်နှင့် ဒီဂျစ်တယ်စနစ် (DVB-T2) တို့ဖြင့် ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်များ အသိပေးတင်ပြခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အနေဖြင့် Analogue စနစ်မှ Digital စနစ်သို့ အသွင်ကူးပြောင်း ထုတ်လွှင့်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပထမအဆင့် လေးရုံ၊ ဒုတိယအဆင့် ၂၂ ရုံတို့ကို တပ်ဆင်ဆောင်ရွက်ခဲ့ပြီး တတိယအဆင့် ၆၉ ရုံအနက် ၂၀ ရုံတွင် ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ပါသည်။ ကျန်ရှိသည့်စက်ရုံများတွင် စက်ပစ္စည်းများ တပ်ဆင်နိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လက်အောက်ရှိ ကျန်ရှိသည့်စက်ရုံများကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ယခုအခါ ရန်ကုန်မြို့တွင် Digital FTA ရုပ်သံလိုင်း ရှစ်လိုင်းအား လိုင်းနံ့နှန်းချယ်နယ် E-21 (470 -478MHz )၊ E-23 (486-494 MHz) နှင့် E-24 (494-502 MHz) တို့ ထုတ်လွှင့်လျက်ရှိပါကြောင်း ပြည်သူလူထုသို့ အသိပေးတင်ပြခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ အသစ်တည်ဆောက်ပြီးသော 200 မီတာ တာဝါမှနေ၍ 3KW Rohde & Swartz လွှင့်စက် လိုင်းနှုန်း E-31(550-558 MHz) ဖြင့် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့မှစ၍ ထပ်မံထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ ယင်းကဲ့သို့ ထုတ်လွှင့်ရာတွင် မူလထုတ်လွှင့်ခဲ့သည့်လိုင်းနှုန်း E-21၊ 23၊ 24 တို့နှင့်အတူ လိုင်းနှုန်း E-31 ကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ လ ၇ ရက်နေ့အထိ အပြိုင်ထုတ်လွှင့်ပေးသွားမည်ဖြစ်ပါသည်။ ထို့နောက် ဖေဖော်ဝါရီလ ၈ ရက်နေ့မှစ၍ လိုင်းနှုန်း E-31 (550-558 MHz) တစ်ခုတည်းဖြင့်သာ Digital FTA လိုင်း ရှစ်လိုင်းအား ထုတ်လွှင့်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။ ရန်ကုန်မြို့ရှိ မိဘပြည်သူများအနေဖြင့် DVB-T2 Set-top Box များ၊ DVB-T2 Tuner ပါသော ရုပ်သံဖမ်းစက်များတွင် ပြန်လည်၍ ချိန်ညှိဖမ်းယူရမည်ဖြစ်ပါသည်။

၃။ ရန်ကုန်မြို့၌ MRTV ချယ်နယ်ကို Analogue စနစ်ဖြင့် ထုတ်လွှင့်မှုနှင့်ပတ်သက်၍လည်း လက်ရှိထုတ်လွှင့်လျက်ရှိသော လိုင်းနှုန်း J-6 (182-188MHz) အပြင် လိုင်းနှုန်း E-35 (582-590 MHz) ဖြင့် ဖေဖော်ဝါရီ လ ၁ ရက်မှစတင်၍ ဖေဖော်ဝါရီလ ၁၄ ရက်နေ့အထိ Dual Cast လွှင့်စက်အသစ်ဖြင့် အပြိုင်ထုတ်လွှင့်ပေးသွားပါမည်။ ဖေဖော်ဝါရီ လ ၁၅ ရက်နေ့မှစ၍ လိုင်းနှုန်း J-6 ဖြင့် MRTV Analogue ချယ်နယ်ထုတ်လွှင့်မှုကိုရပ်ဆိုင်းပြီး လိုင်းနှုန်း E-35 (582-590 MHz) တစ်ခုတည်းဖြင့် MRTV Analogue ချယ်နယ်ကို ထုတ်လွှင့်သွားပါမည်။ ဆက်လက်၍ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှစ၍ လိုင်းနှုန်း J-6 ဖြင့် MRTV Entertainment ချယ်နယ်ကို စတင်၍ ထုတ်လွှင့်ပေးသွားပါမည်။ သို့ဖြစ်ရာ ရန်ကုန်မြို့တွင် Analogue စနစ်ဖြင့် ထုတ်လွှင့်သော MRTV နှင့် MRTV Entertainment ချယ်နယ်နှစ်ခု ၊ Digital FTA ရုပ်သံလိုင်း ၁၄ လိုင်းပါသော ချယ်နယ်တစ်ခု စုစုပေါင်းချယ်နယ် သုံးခုဖြင့် ထုတ်လွှင့်ပေးသွားပါမည်။

၄။ အလားတူ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လက်အောက်ရှိ DVB-T2 Digital လွှင့်စက်များ တပ်ဆင်ပြီးသော ထပ်ဆင့်လွှင့်စက်ရုံ ၄၇ ရုံမှလည်း ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှစတင်၍ မူလထုတ်လွှင့်သည့် Digital FTA ရုပ်သံလိုင်း ရှစ်လိုင်းမှ ၁၄ လိုင်းသို့တိုးချဲ့ထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။ တိုးချဲ့ထုတ်လွှင့်ပေးသွားမည့် ရုပ်သံလိုင်းများမှာ MRTV၊ MRTV Entertainment ၊ MITV ၊ လွှတ်တော်၊ တိုင်းရင်းသား (NRC )၊ Farmer၊ Reader၊ Sport-1 ၊ Sport -2 ၊ MRTV -4၊ Channel -7၊ 5 Plus၊ MNTV ၊ Channel -9 တို့ဖြစ်ပါသည်။

၅။ မိဘပြည်သူများအနေဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်လျက်ရှိသော MRTV Analogue ရုပ်သံလိုင်း၊ Digital စနစ် DVB-T2 ဖြင့် ထုတ်လွှင့်သော ရုပ်သံလိုင်းများကို သက်ဆိုင်ရာရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများမှ ဖမ်းယူကြည့်ရှုရာတွင် VHF စနစ်ဖြင့် ထုတ်လွှင့်သော ချယ်နယ်(J -ချယ်နယ်များ)ကို VHF Antenna ဖြင့်လည်းကောင်း၊ UHF စနစ်ဖြင့် ထုတ်လွှင့်သော ချယ်နယ် (E- ချယ်နယ်များ) ကို UHF Antenna ဖြင့်လည်းကောင်း ဖမ်းယူကြည့်ရှုရမည်ဖြစ်သည်။ အချို့ Antenna များမှာ VHF/ UHF နှစ်မျိုးကိုဖမ်းယူရရှိနိုင်ပါသည်။

၆။ ရုပ်မြင်သံကြားဖမ်းစက်များတွင် Analogue ရုပ်မြင်သံကြားဖမ်းစက်၊ DVB -T Tuner ပါသော ရုပ်မြင်သံကြားဖမ်းစက်များတွင် Analogue DVB -T ရုပ်မြင်သံကြားလိုင်းသာ ဖမ်းယူရရှိနိုင်မည်ဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်သော DVB-T2 Digital ရုပ်သံလိုင်းများ ဖမ်းယူကြည့်ရှုလိုပါက DVB-T2 Set-top Box ဝယ်ယူတပ်ဆင်ရမည်ဖြစ်သည်။ ရုပ်မြင်သံကြားဖမ်းစက်အသစ်ဝယ်ယူမည့် မိဘပြည်သူများအနေဖြင့် DVB-T2 Tuner ပါ ရုပ်မြင်သံကြားဖမ်းစက်ကို ဝယ်ယူသင့်ပါသည်။

၇။ ရုပ်မြင်သံကြားလိုင်းများ ဖမ်းယူရာတွင် Antenna ကို စက်ရုံတည်ရှိရာအရပ်သို့ ဦးတည်၍ အမြင့်တစ်နေရာတွင် ခိုင်ခံ့စွာတပ်ဆင်ရပါမည်။ ယင်းနောက် Set-top Box၊ DVB-T2 TV တို့ရှိ Remote ပါခလုတ်များမှ Menu ကိုနှိပ်၍ Installation သို့သွားရပါမည်။ ယင်းနောက် Channel Search တွင် ဘေးမြားနှိပ်၍ ခေတ္တစောင့်ပါ။ Progress Page တွင် မိမိတို့နေထိုင်ရာ ဒေသတွင်ရှိ အခမဲ့ထုတ်လွှင့်သော DVB-T/T2 Digital ရုပ်သံလိုင်းများ၊ ရေဒီယိုလိုင်းများ ဖမ်းယူရရှိပါမည်။ ယင်းနောက် Exit ခလုတ်ကို နှိပ်၍ မိမိနှစ်သက်ရာ ရုပ်သံလိုင်းများ ဖမ်းယူရရှိနိုင်မည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။ **(မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)**

# ပြည်ထောင်စုနေ့အထိမ်းအမှတ်(အလွတ်တန်း) ကလပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

**မူဆယ် ဇန်နဝါရီ ၃၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် (အလွတ်တန်း) ကလပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို မူဆယ်မြို့ ပြည်ထောင်စု အားကစားကွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြိုင်ပွဲဝင် အသင်း ၁၁ သင်းမှ ကစားသမားများသည် အားကစားအဓိဋ္ဌာန်များ ရွတ်ဆိုပြီးနောက် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဒေါ်ဝင်းသီရိလှိုင်က အမှာစကား ပြောကြားခဲ့သည်။

ပြိုင်ပွဲဝင် အသင်း ၁၁ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲကာလမှာ ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အယ်လ်စိုး(iprd)**

# မြန်မာယူ ၂၀ အသင်း ရှက်တာဒိုးနက် လူငယ်အသင်းကို ဂိုးပြတ်အနိုင်ရရှိ

တူရကီနိုင်ငံ၌ ခြေစမ်းပွဲများ သွားရောက်ကစားနေသည့် မြန်မာယူ-၂၀ အသင်းသည် ဇန်နဝါရီ ၃၀ ရက်က ယူကရိန်းကလပ် ရှက်တာဒိုးနက် ယူ-၂၁ အသင်းနှင့် ထပ်မံခြေစမ်းကစားခဲ့ရာ လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

မြန်မာယူ-၂၀ အသင်းသည် မူလက ခြေစမ်းပွဲငါးပွဲသာကစားရန် စီစဉ်ခဲ့သော်လည်း ယခုပွဲကို ထပ်မံကစားခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် လူစုံအသုံးပြုခဲ့ပြီး ၁၃ မိနစ်တွင် နန္ဒကျော်က ပယ်နယ်တီမှတစ်ဆင့် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီး နောက်ပိုင်းတွင် မြန်မာယူ-၂၀ အသင်း ကစားပုံပိုကောင်းခဲ့ပြီး ၃၅ မိနစ်တွင် နန္ဒကျော်က အဝေးကန်ချက်ဖြင့် ဒုတိယဂိုး၊ ၆၃ မိနစ်တွင် သန်းပိုင်က တတိယဂိုး၊ ၈၆ မိနစ်တွင် အောင်သူက စတုတ္ထဂိုးတို့ကို သွင်းယူခဲ့သည်။ ရှက်တာဒိုးနက် ယူ-၂၁ အသင်းသည် ယူကရိန်း ယူ-၂၁ လိဂ်၏ ထိပ်တန်းအသင်းတစ်သင်းလည်း ဖြစ်သည်။

မြန်မာယူ-၂၀ အသင်းသည် တူရကီခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲ ခြောက်ပွဲကစားခဲ့ရာ လေးပွဲနိုင် တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ရလဒ်ကောင်းများ ရရှိခဲ့သည်။ မြန်မာယူ -၂၀ အသင်းသည် ဖေဖော်ဝါရီ ၁ ရက်တွင် ရန်ကုန်မြို့သို့ ထွက်ခွာလာမည်ဖြစ်သည်။ **ဖိုးသော်ဇင်**

# အိမ်ကွင်း၌ ကမ္ဘောဇအသင်း နိုင်ပွဲပြန်လည်ရရှိ

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၄ ဒုတိယနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားသည်။ တောင်ကြီးကွင်း၌ ကမ္ဘောဇက ရခိုင်ယူနိုက်တက်ကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။ကမ္ဘောဇအသင်းမှာ ပွဲစကတည်းက တိုက်စစ်အားမြှင့်ကစားခဲ့ပြီး ၁၉ မိနစ်တွင် ပရီမီယာလိဂ် တိုက်စစ်မှူးဟောင်း ပိုလန်က အဖွင့်ဂိုးစတင်သွင်းယူပေးခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ကမ္ဘောဇကစားပုံပိုကောင်းလာပြီး ၂၆ မိနစ်တွင် ကျော်ဇေယျာဝင်းက ဒုတိယဂိုး သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရခိုင်အသင်းက ချေပဂိုးပြန်လည်ရရှိရေး ကြိုးပမ်းလာသော်လည်း ၆၆ မိနစ်တွင် စိုးမင်းဦးက ကမ္ဘောဇအတွက် တတိယဂိုးသွင်းယူပေးခဲ့သည်။ ကမ္ဘောဇအသင်းမှာ ယခုရာသီတွင် ဒုတိယမြောက်နိုင်ပွဲရခဲ့ခြင်းလည်းဖြစ်သည်။

သုဝဏ္ဏကွင်း၌ ရန်ကုန်အသင်းက ချင်းယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။ အောင်ဆန်းကွင်း၌ ဟံသာဝတီနှင့် နေပြည်တော် နှစ်ဂိုးစီသရေကျခဲ့သည်။ ယနေ့ပွဲအဖြစ် မုံရွာကွင်း၌ ဇေယျာရွှေမြေနှင့်ရောဝတီ၊ အောင်ဆန်းကွင်း၌ ဖွဲကပင်နှင့်မကွေးတို့ ကစားမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

*✻ ရှေ့ဖုံးမှ*

တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ လက်ရှိဇာတ်လမ်း၊ ဇာတ်ညွှန်းအခြေခံ အဖွဲ့ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် သစ်ဒုဥက္ကဋ္ဌ (၁) ဦးအေးကြူလေးက "ခုဆိုရင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ရုပ်ရှင်မြို့တော်ကြီးကို တည်ဆောက်ရန်အတွက် အဝေးပြေးလမ်းမိုင် ၂၀မှာ မြေဧက ၂၀၀ကို လျာထားသတ်မှတ်ခဲ့ပါတယ်။ အဲ့ဒီမှာ ရုပ်ရှင်မြို့တော်ကြီး တည်ဆောက်ရမှာပါ။ အဲ့ဒီအတွက် ကျွန်တော်တို့ ကြိုးစားရဦးမှာလေ၊ ဒါကလည်း တစ်နှစ်၊ နှစ်နှစ်အတွင်းမပြီးပါဘူး။ ရေရှည်လုပ်ဆောင်ရမယ့်စီမံကိန်းပါ။ ခုဆိုရင် နိုင်ငံတော်သမ္မတကြီးနဲ့ တွေ့ဆုံတုန်းကလည်း ရုပ်ရှင်ဖောင်ဒေးရှင်းအတွက် ဆိုပြီး ကျွန်တော်တို့ကို မတည်ပေးတာ ငွေကျပ်သိန်း ၅၀၀ ရှိနေပါပြီ။ ရုပ်ရှင်အစည်းအရုံးအတွက်လည်း ဖောင်ဒေးရှင်းက ရှိသွားပြီဆိုတော့ သူ့ငွေနဲ့ သူလည်ပတ်သွားပြီဆိုရင် ဒီဘက်မှာလည်း ရုပ်ရှင်မြို့တော် လုပ်ဆောင်ရမယ့်ကိစ္စမျိုးလည်း လုပ်လို့ရတာပေါ့။ တစ်ဖက်နဲ့ တစ်ဖက် ငွေကိုခွဲလိုက်၊

ရုပ်ရှင်မြို့တော် လုပ်ဆောင်ရမယ့်ဟာလိုမျိုးက မြန်ဆန်သွားတာပေါ့နော်၊ ရုပ်ရှင်အစည်းအရုံးက ပြဇာတ်တွေကမယ်။ ရန်ပုံငွေတွေရှာမယ်ဆိုရင် အများကြီး လုပ်ဆောင်လို့ ရပါသေးတယ်။ အရင်ကတည်းက နိုင်ငံတကာဆက်ဆံရေး ကော်မတီဆိုတာဖွဲ့ထားပြီးသားပါ။ အားလုံးက အားရှိသလောက် လုပ်ဆောင်မယ်ဆိုရင် ဒီ့ထက်ပို အဆက်အသွယ်ရသွားမှာပါ။ ကျွန်တော်တို့ကတော့ တတ်နိုင်သမျှ ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်သွားမှာပါ။ အရင်ထက်စာရင်လည်း ပိုမိုတိုးတက်လာနေပါပြီ။ တစ်နှစ်ကို ရုပ်ရှင်ကားကြီး ၁၅ ကားရိုက်ကူးတာထက် ပိုမိုတိုးတက်များပြားလာအောင် လုပ်ဆောင်သွားတော့မှာပါ" ဟု ပြောကြားသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင်အသစ် ဇာတ်ပို့ဇာတ်ရန်အလွှာမှ ပြန်လည်ရွေးချယ်ဖွဲ့စည်းခံရသည့် စည်းရုံးရေးမှူး ဒေါ်တူးက "လက်ရှိလည်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှာ အချိန်ပြည့်ရှိပါတယ်။ ရုပ်ရှင်မြို့တော်ကြီးတည်ဆောက်ရန်အတွက် ရထားတဲ့ မြေဧက ၂၀၀ မှာလည်း မတူးက သွားပြီး အလုပ်လုပ်နေပါတယ်။ လက်ရှိနှစ်ထပ်အိမ်လေး ဆောက်နေတယ်၊ ပြီးရင် ရေတွင်းလေးတူးမယ်။ နောက်မီးစက်ထိုင်မယ်။ ရုပ်ရှင်ရိုက်မယ့်သူတွေကို အဲဒီကိုခေါ်သွားပြီး ရှေ့ဆက်တဖြည်းဖြည်း ကြိုးစားလုပ်ဆောင်သွားမှာပါ။ လက်ရှိလည်းမတူးကကားတွေရိုက်နေပါသေးတယ်။ အဲ့တော့ ရုပ်ရှင်ကြည့်ပရိသတ်များ မတူးကို အားပေးပါဦးလို့ ပြောချင်ပါတယ်" ဟုပြောသည်။

လက်ရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအတွက် သတ်မှတ်ပေးထားသော မြေဧက ၂၀၀၌ နယ်နိမိတ်ကျောက်တိုင်များကို စိုက်ထူထားကြောင်းသိရပြီး လာရောက်ကြသူများ အဆင်ပြေစေရန် အတွက်ရေစက်နှင့် ခြံပတ်လည်ပတ်လမ်းများကို ဆောင်ရွက်ထားရှိကာ နှစ်ထပ်အိမ်ငယ် တစ်လုံးနှင့် ယင်လုံအိမ်သာတစ်လုံး ဆောက်လုပ်ထားကြောင်း သိရသည်။

# လမ်းလျှောက်ဆန္ဒဖော်ထုတ်သည့် ကျောင်းသားအဖွဲ့ ချောက်မြို့နယ်အတွင်းသို့ ရောက်ရှိ

**ချောက် ဇန်နဝါရီ ၃၁**

အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်၍ လမ်းလျှောက်ဆန္ဒ ဖော်ထုတ်လျက်ရှိသော ကျောင်းသားအဖွဲ့သည် ကျောက်ပန်းတောင်းမြို့တွင် ခေတ္တရပ်နားလျက်ရှိရာမှ ယနေ့ နံနက် ၉နာရီတွင် ချောက်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြရာ မိုင်တိုင် ၃၉၁/၂ တွင် ချောက်မြို့နယ်မှ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက ဥပဒေနှင့်အညီဆောင်ရွက်ရန် တွေ့ဆုံညှိနှိုင်းပြောကြားခဲ့သော်လည်း ရပ်နားခြင်းမရှိဘဲ ဆက်လက်ထွက်ခွာခဲ့ကြသည်။

အဆိုပါ အဖွဲ့တွင် သံဃာအချို့နှင့် ဒေသခံအချို့ အပါအဝင် အင်အား ၁၀၀ ခန့်ရှိကြောင်း၊ ည ၇ နာရီခန့်တွင် ချောက်မြို့နယ် ထန်းခြောက်ပင်ကျေးရွာ ဘုန်းကြီးကျောင်းသို့ ရောက်ရှိရပ်နားခဲ့ကြောင်း သိရသည်။

(ဝ၄ဝ)

ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာဘောင်းကင်းကွာ



# မိုးပွင့်အထူးစီမံချက်အရ နိုင်ငံသားစိစစ်ရေး ကတ်ပြားများနေ့ချင်းပြီး ဆောင်ရွက်

**ဖြူး ဇန်နဝါရီ ၃၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အထူးစီမံချက်အရ မြေပြင်ကွင်းဆင်းဟောပြောခြင်း၊ သင်တန်းများပို့ချခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၂၉ ရက်က တောင်ငူခရိုင်ဦးစီးဌာနမှူး ဦးသန်းမြင့်၊ မြို့နယ်ဦးစီးဌာနမှူး ဦးသက်ခိုင်နှင့် ဝန်ထမ်းများသည် ဖြူးဒေသအတွင်းရှိ မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာအုပ်စု သုံးအုပ်စုဖြစ်သည့် ရေသျှံကျေးရွာအုပ်စု၊ မင်းဂံရိုးကျေးရွာအုပ်စုနှင့် လိပ်သေကျေးရွာအုပ်စုတို့သို့ သွားရောက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

# သွားနှင့်ခံတွင်းဆရာဝန်များ အခမဲ့ကွင်းဆင်းဆေးကုသ

**ရန်ကုန် ဇန်နဝါရီ ၃၁**

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း (ဗဟို) ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့၏ အဖွဲ့ခေါင်းဆောင် ဒေါက်တာဦးအောင်သန်း ဦးဆောင်သော သွားနှင့်ခံတွင်းဆရာဝန် ၂၅ ဦးတို့သည် ဇန်နဝါရီ ၂၄ ရက်နှင့် ၂၅ ရက်က ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်သို့ ကွင်းဆင်း၍ ရဟန်းသံဃာတော်များ၊ ကျောင်းသား ကျောင်းသူများ အပါအဝင်ပြည်သူ ၃၀၇ ဦး တို့ကို အဖွဲ့နှစ်ဖွဲ့ခွဲ၍သွားနှင့်ခံတွင်းဆိုင်ရာ ရောဂါများကို အခမဲ့စမ်းသပ်စစ်ဆေးကုသပေးကြသည်။ **(အမ်ဒီအေ)**

**နိုင်ငံတကာအားကစား**

# သြစတြေးလျအိုးပင်း ဆီရီနာဝီလျံဗိုလ်စွဲ

**မဲလ်ဘုန်း ဇန်နဝါရီ ၃၁**

သြစတြေးလျအိုးပင်း (၂၀၁၅) အမျိုးသမီးတင်းနစ်ဗိုလ်လုပွဲအဖြစ် နာမည်ကြီးတင်းနစ်မယ် ဆီရီနာဝီလျံနှင့် ရှာရာပိုဗာတို့ ဇန်နဝါရီ ၃၁ ရက် မွန်းလွဲပိုင်းက မဲလ်ဘုန်းမြို့၌ ယှဉ်ပြိုင်ကစားကြရာ ဆီရီနာဝီလျံက ၆-၃၊ ၇-၆(၇-၅)ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ **သီဟ**

7Stars PGDMA (16)
09-49282366, 09-421052736, 09-799860155

**ဖခင်အမည်မှန်**

ပင်လောင်းမြို့၊ အထက၊ ဆဋ္ဌမတန်း(က)မှ မအိမာလာထူး၏ ဖခင်အမည်မှန်မှာ ဦးမော်ထူး (ခ) ဦးကျော်စိုး ဖြစ်ပါကြောင်း။

**ဦးမော်ထူး (ခ) ဦးကျော်စိုး**

**မြေ၊ အိမ်၊ အဆောက်အအုံ၊ တိုက်ခန်း၊ မော်တော်ယာဉ် အစရှိသည့် အခြေပစ္စည်းများအပေါ် အခွန်ဆိုင်ရာ ရှင်းလင်းမှုများ ဆောလျင်စွာ ဆောင်ရွက်ကြပါရန် အသိပေးကြေညာခြင်း**

၁။ မြေ၊ အိမ်၊ အဆောက်အအုံ၊ တိုက်ခန်း၊ မော်တော်ယာဉ် အစရှိသည့်အခြေပစ္စည်းများ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းများအပေါ် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန် ထမ်းဆောင်နိုင်ရန်အတွက် ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ဖြင့် ကာလတန်ဖိုး စိစစ်သတ်မှတ်ပေးလျက်ရှိပါသည်။

၂။ ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့မှ အခြေပစ္စည်းနှင့်ပတ်သက်၍ ကာလတန်ဖိုး စိစစ်သတ်မှတ်ပေးပြီးဖြစ်သော်လည်း သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် အခွန်စည်းကြပ်မှုခံယူရန် အကြောင်းအမျိုးမျိုးကြောင့် ပျက်ကွက်နေသည်များရှိကြောင်း မှတ်တမ်းများအရ စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ အခြေပစ္စည်းနှင့်ပတ်သက်၍ ၃၁-၃-၂၀၁၄ ရက် မတိုင်မက ကာလတန်ဖိုး စိစစ်သတ်မှတ်ပေးပြီး ဖြစ်သော်လည်း ၃၁-၃-၂၀၁၅ ရက်အထိ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ ဆက်သွယ်စည်းကြပ်မှုခံယူခြင်းမရှိပါက ကာလတန်ဖိုးစိစစ်သတ်မှတ်ချက်စာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ပါသည်။ အဆိုပါသတ်မှတ်ကာလ ကျော်လွန်မှ စည်းကြပ်မှုခံယူပါက အခြေပစ္စည်းနှင့်ပတ်သက်၍ လက်ရှိကာလတန်ဖိုးဖြင့် ပြန်လည်သတ်မှတ်စည်းကြပ်သွားမည်ဖြစ်ပါသည်။

၄။ အလားတူ ၁-၄-၂၀၁၅ ရက်မှစတင်၍ အခြေပစ္စည်းနှင့်ပတ်သက်သည့်ကာလ တန်ဖိုး စိစစ်သတ်မှတ်ပေးပြီးဖြစ်သော်လည်း ကာလတန်ဖိုးစိစစ်သတ်မှတ်သည့် နေ့ရက်မှ တစ်နှစ်အတွင်း အခွန်စည်းကြပ်မှုခံယူခြင်းမရှိပါက ကာလတန်ဖိုး စိစစ်သတ်မှတ်ချက်စာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့**

**ဒီဇယ်ဆီအိတ်ဖွင့်တင်ဒါအမှတ်(၄)ခေါ်ယူခြင်း**

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အဖွဲ့များမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် ဒီဇယ်ဆီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ခရိုင် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|---|
| (က) | တောင်ကြီးခရိုင် | ဒီဇယ် | ၇၀၀၀၀ ဂါလန် |
| (ခ) | လွိုင်လင်ခရိုင် | ဒီဇယ် | ၁၅၀၀၀၀ ဂါလန် |
| | | စုစုပေါင်း | ၂၂၀၀၀၀ ဂါလန် |

(ဂ) **တင်ဒါရောင်းချမည့်ရက်** - ၂-၂-၂၀၁၅ရက်မှ ၁၁-၂-၂၀၁၅ရက်ထိ
- နံနက် ၉း၀၀နာရီမှ ၁၆း၀၀နာရီအထိ (ရုံးချိန်အတွင်း)

(ဃ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - အင်ဂျင်နီယာမှူးကြီးရုံး၊ တောင်ကြီးမြို့။
(င) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၃-၂-၂၀၁၅ ရက် မွန်းတည့် ၁၂း၀၀နာရီ
(စ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၁၆-၂-၂၀၁၅ ရက် ၁၃း၀၀နာရီ

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီးရုံးသို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၁၀၁၆၊ ၀၈၁-၂၁၂၁၁၆၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**အထူးကျေးဇူးတင်ရှိပါကြောင်း**

SWEETY HOME ကုမ္ပဏီမှ အရောင်းကိုယ်စားလှယ်တော်ကြီးများကို Singapore ခရီးစဉ်ကို လိုလေသေးမရှိအောင် ပြည့်စုံစွာပို့ဆောင်ပေးသည့်အတွက် Sweety Home ကုမ္ပဏီမှ MD နှင့် ဝန်ထမ်းများအားလုံး၊ မြန်မာပြည်မှ Guide မမိုးမိုးနှင့် Singapore မှ Guide Mr.Milton Tan တို့ကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ နောင်နှစ်များတွင်လည်း နိုင်ငံခြားခရီးစဉ်ကို ထပ်မံပို့ဆောင်ပေးနိုင်ပါစေ၊ Sweety Home ကုမ္ပဏီလည်း ဆတက်ထမ်းပိုး တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးလိုက်ပါသည်။

**မစံပယ်ထွန်း (ခ) မပြုံး**
**အောင်သပြေပရိဘောဂ၊ တောင်ကြီးမြို့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားအထူးအဖွဲ့ (၁၀)ကျောက်တော်မြို့မှ ရခိုင်ပြည်နယ်အတွင်းရှိ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အစိုးရဖြည့်စွက်ရန်ပုံငွေဖြင့် တံတားလုပ်ငန်းများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းအတွက် လိုအပ်သောတည်ဆောက်ရေးပစ္စည်းများကို(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁။ | ပျဉ်းကတိုး | ၆၅.၃၄တန် | သတ်မှတ်ထားသော ဆိုဒ်ပြည့်မီရမည်။ |
| ၂။ | ဒေသသစ်မာ | ၄၇ တန် | |

**တင်ဒါပေးသွင်းရမည့်ရက်** - ၃၀-၁-၂၀၁၅ ရက်မှ ၉-၂-၂၀၁၅ ရက်
**အချိန်** - ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်ရက်နှင့်အချိန်** - ၁၀-၂-၂၀၁၅ ရက် နံနက် ၁၀း၀၀ နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - အမ်းချောင်း(အောက်ရွာ)တံတား၊ တံတားအထူးအဖွဲ့(၁၀) ရုံးဝင်း၊ အမ်းမြို့ ဖုန်း-၀၄၃-၇၀၂၅၈

အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားအထူးအဖွဲ့ (၁၀)၊ ကျောက်တော်မြို့၊ ဒုတိယအင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံးတွင် ၃၀-၁-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း**

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကယားပြည်နယ်၏ ပြည်ထောင်စုအထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း မိုင် ၉၉/၀-၁၀၀/၀ (မော်ချီးအောက်ရွာ)အတွင်း ကတ္တရာခင်းခြင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော ကျောက်အရွယ်စုံစုစုပေါင်း (၉၈၇)ကျင်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူလိုသည့် ပစ္စည်းအသေးစိတ်စာရင်းများကို ခရိုင်အင်ဂျင်နီယာမှူးရုံး (ဘော်လခဲခရိုင်)တွင် စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို ဘော်လခဲခရိုင်အင်ဂျင်နီယာမှူးရုံး (ဖုန်း-၀၈၃-၅၀၁၀၂)တွင် ၂၉-၁-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလျှောက်လွှာပိတ်ရက်၊ အချိန်** - ၉-၂-၂၀၁၅ရက် (၁၆း၃၀)နာရီ
**တင်ဒါတင်သွင်းရမည့်ရက်၊ အချိန်** - ၁၀-၂-၂၀၁၅ရက် (၁၀း၀၀)နာရီ
**တင်ဒါပေးသွင်းရမည့်အဖွဲ့** - ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး၊ လမ်းအထူးအဖွဲ့(၅)၊ပျဉ်းမနားမြို့၊ ဖုန်း-၀၆၇-၂၁၁၀၂
**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ကယားပြည်နယ်၊ ဘော်လခဲမြို့၊ ဖုန်း-၀၈၃-၅၀၁၀၂

အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**

## ကြော်ငြာ

# လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောလမ်းနေ ဗိုလ်မှူးအောင်လွင်ဦး(ငြိမ်း) (ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ) + ဒေါ်ချိုဇင်စိုး (အ.ထ.က ၂ လသာ)

တို့၏သား

ဒေါက်တာစိုးလွှင်ထက်

M.B.,B.S (Ygn)

လက်ထောက်ဆရာဝန်၊ ဗဟိုအမျိုးသမီးဆေးရုံ

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကန်ရိပ်သာလမ်းနေ

ဦးချိန်လှိုင်+ဒေါ်ခင်လှ တို့၏ ပဉ္စမမြောက်သမီး

ဒေါက်တာမြတ်စံပယ်လှိုင်

M.B.,B.S (Ygn)

မြို့နယ်ကျန်းမာရေးအရာရှိ

ကျန်းမာရေးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

တို့၏ ၃၁.၁.၂၀၁၅ ရက်နေ့တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စိမ်ပန်းကုံးများ ဆင်မြန်းပေးပါသော ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဟုမြင့်နှင့်ဇနီးဒေါ်ခင်အေးမြင့်အား လည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းပေးပါသော ပါမောက္ခဦးသိန်းစိန်နှင့်ဇနီးဒေါ်ခင်ညီညီသိန်းအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှဖေ၊ မင်္ဂလာအခါတော်ပေး တေးသံရှင် ဒေါ်နှင်းရီသန့် နှင့် The Aces တေးဂီတအဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာပန်းများ ကြိုဆိုပေးပါသော မဝင်းမွန်ထက်၊ မင်္ဂလာအောင်စိမ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဝန်းများ ကိုင်ဆောင်ပေးသော မောင်ထက်အောင်၊ ဒေါက်တာမြတ်စုစ်၊ သတို့သားအရံများဖြစ်သော ဒေါက်တာဥာဏ်လင်းဇော်၊ မောင်ဟိန်းထက်အောင်၊ သတို့သမီးအရံများဖြစ်သော ဒေါက်တာမြတ်ဖူးမြူ၊ ဒေါက်တာချိမ့်ကျော်ကျော်ခိုင်၊ မိတ်ကပ်နှင့်ဆံပင်အလှကို ဖန်တီးပေးပါသော မိတ်ကပ်ညီညီဇော် (ဝမ်းဆွေဥင်း)နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံများဆင်မြန်းပေးပါသော ဦးပြည့်စုံအောင်၊ ငွေသွေးရွှင်လက်ဝတ်ရတနာဆင်မြန်းပေးသော ဇာ (Zar & Diamonds Jewellery)၊ မှတ်တမ်းတင်ဗီဒီယိုနှင့်ဓါတ်ပုံရိုက်ကူးပေးသော ကိုဖိုးကိုဦးနှင့်အဖွဲ့၊ ငွေသွားမြင့်မင်္ဂလာပန်းအလှဆင်ပေးသော ကိုမိုးကိုဦး(Wedding Palace) နှင့်အဖွဲ့တို့အား လည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိ လူကြီးမင်းများအား လည်းကောင်း၊ ၁၈.၁.၂၀၁၅ ရက်နေ့တွင် မြစိမ်းညိုရှိုင်ရယ်ဟိုတယ်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်စိုးစိုးအောင်အား လည်းကောင်း၊ ၁၈.၁.၂၀၁၅ ရက်တွင် မြစိမ်းညိုရှိုင်ရယ်ဟိုတယ်၌ ကျင်းပသော မင်္ဂလာဦး ဆွမ်းကျွေးပွဲသို့ တက်ရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ မြစိမ်းညိုရှိုင်ရယ်ဟိုတယ်မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ အခြား ကျေးဇူးတင်ထိုက်သူအားလုံးအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ဒေါက်တာစိုးလွှင်ထက် + ဒေါက်တာမြတ်စံပယ်လှိုင်

နှစ်ဖက်သောမိဘများ

| ကန့်ကွက်နိုင်ပါကြောင်း | ယာဉ်အမှတ် ၂၃ယ/၂၆၇၀၅ New Anbo ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းဦး ၁၃/ဥရန(နိုင်)၀၅၃၇၈၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ တောင်ကြီး |
| --- | --- |

| မွေးသက္ကရာဇ်အမှန် | ဦးထွန်းမြ၏သမီး လှိုင်ကော်မြို့၊ အထက(ခွဲ)၊ နာနတ်တော ကျောင်း၊ အဋ္ဌမတန်း (ခ)မှ မစာရာ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၆-၃-၂၀၀၀ ဖြစ်ပါကြောင်း။ |
| --- | --- |

သွေးသည် အသက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန
# နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ရူပဗေဒဘာသာ သင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

## တက္ကသိုလ်ဝင်စာမေးပွဲ

## သိမှတ်ဖွယ်ရာ ရူပဗေဒဘာသာ

မင်္ဂလာပါ။

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများကို ရူပဗေဒဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ ဆွေးနွေးပို့ချမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ရူပဗေဒဘာသာရပ် မေးခွန်းပုံစံကို ပြောပြမှာ ဖြစ်ပါတယ်။

ရူပဗေဒမေးခွန်းရဲ့ SECTION (A) အပိုင်းမှာ မေးခွန်းအားလုံး ဖြေဆိုရပါမယ်။ မေးခွန်းနံပါတ် (၉) ကတော့ OR နဲ့ မေးထားတဲ့အတွက် (၂) ပုဒ်ထဲက နှစ်သက်ရာ (၁) ပုဒ်ကိုပဲ ဖြေရပါမယ်။ SECTION (B) မှာတော့ (၆) ပုဒ်ကနေ နှစ်သက်ရာ (၄) ပုဒ်ကိုပဲ ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။

မေးခွန်း နံပါတ် (၁၅) ကလည်း OR ထည့်ပြီး မေးတာဖြစ်ပါတယ်။ မေးခွန်း (၂) ပုဒ်ထဲက (၁) ပုဒ်ကိုပဲ ရွေးပြီး ဖြေဆိုရမှာပါ။ ပထမနံပါတ် (၁၅) ရဲ့ (a) နဲ့ (b) ကို နောက်နံပါတ် (၁၅) ရဲ့ (a), (b) အတွဲနဲ့ ရောဖြေလို့မရပါဘူး။

ရူပဗေဒဘာသာရပ် ပြဋ္ဌာန်းစာအုပ်မှာ သင်ခန်းစာအခန်း (၁)မှ အခန်း (၁၃)ထိ ရှိပါတယ်။ သင်ခန်းစာ ခေါင်းစဉ်တွေက Mechanics (Power and Pressure), Heat, Waves and Sound, Optics, Electricity and Magnetism နဲ့ Modern Physics စသဖြင့် အပိုင်း (၆)ပိုင်း ခွဲခြားထားပြီး ခေါင်းစဉ်အလိုက် အားလုံးမျှပြီးပါဝင်အောင် အခန်းတိုင်းက သင်ခန်းစာတွေပေါ် မူတည်ပြီး မေးခွန်းမေးတာ ဖြစ်ပါတယ်။

ရူပဗေဒ မေးခွန်းတွေမှာ Theory, Definition, Law, Problem, Diagram, ဉာဏ်စမ်းမေးခွန်းတို့ကို ရောပြီး မေးလေ့ရှိပါတယ်။ မေးတဲ့မေးခွန်းအားလုံးကို သေသေချာချာဖတ်ပြီး ဖြေပေးရပါမယ်။ Law, Definition ကို ဖြေတဲ့အခါ ဖြစ်စေ၊ discuss, mention လုပ်ခိုင်းတာကို ဖြေတဲ့အခါဖြစ်စေ တိတိကျကျ၊ ပြည့်ပြည့်စုံစုံနဲ့ဖြေမှ အမှတ်ပြည့်ရမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး စာမေးပွဲဖြေဆိုတဲ့အခါမှာ သတိထားရမယ့် အချက်တွေကို ပြောပြပါမယ်။

(၁) ရူပဗေဒဘာသာရပ်မှာ Physical quantity တွေနဲ့ သူတို့ရဲ့ unit တွေကို သိထားရပါမယ်။

ဥပမာ - ကားတစ်စီးရဲ့ ဒြပ်ထု (mass) က 600 kg ရှိတယ်လို့ ပြောတဲ့အခါ kg ကို မဖော်ပြခဲ့ရင် အဓိပ္ပာယ်မရှိပါဘူး။ unit ကလည်း system အမျိုးမျိုးရှိတဲ့အတွက် တစ်ခုချင်းအတွက်သိထားပြီး system တစ်ခုအတွက် unitနှင့်အခြား system တစ်ခုရဲ့ unit ဆက်စပ်မှုကိုလည်း သိရမယ်။

ဥပမာ- energy ရဲ့ unit မေးရင် joule (J), erg, foot-pound (ft-lb) စသည်ဖြင့် အပြည့်အစုံဖြေရပါမယ်။ $1 J = 10^7$ ergs ဆိုတဲ့ ဆက်စပ်မှုကိုလည်း သိဖို့လိုတယ်။ နောက် physical quantity တစ်ခုချင်းက vector quantity လား၊ scalar quantity လား သိဖို့လိုတယ်။

(၂) ပုစ္ဆာတွက်တဲ့အခါ ပေးထားချက်တွေမှာ unit system မတူတာတွေ ရှိတတ်ပါတယ်။ unit မပြောင်းဘဲ တွက်ခဲ့ရင် အမှတ်ပြည့် မရနိုင်ပါဘူး။ မေးခွန်းတစ်ခုမှာ -

Q - What is the tension required for a violin string to vibrate at fundamental frequency of 400 Hz? The length of the violin string is 30 cm and the mass per unit length of string is $6.8 \times 10^{-4}$ kg m$^{-1}$.

$f_1 = 400$ Hz, $\mu = 6.8 \times 10^{-4}$ kg m$^{-1}$, $l = 30$ cm

ပေးထားချက်မှာ length, mass per unit length တို့၏ unit system မတူပါဘူး။ ဒါကြောင့် length ရဲ့ unit 'cm' ကို 'm' ပြောင်းပေးရပါမယ်။

$l = 30$ cm $= 30 \times 10^{-2}$ m

သုံးရမယ့် formula က $f_n = \frac{n}{2l}\sqrt{\frac{T}{\mu}}$ ဖြစ်ပြီး

fundamental frequency အတွက် $f_1 = \frac{1}{2l}\sqrt{\frac{T}{\mu}}$ ဖြစ်ပါတယ်။

နောက်ပုစ္ဆာတစ်ပုဒ်မှာတော့ -

Q - The total pressure at the bottom of a tank is 3 atm. To what height has the water been filled in the tank? ($\rho = 1000$ kg m$^{-3}$, $g = 10$ ms$^{-2}$)

$p = 3$ atm, $p_{atm} = 1$ atm, $h = ?$

$p = p_{atm} + \rho g h$

$3$ atm $= 1$ atm $+ \rho g h$

$2$ atm $= \rho g h$

$2 \times 1.01 \times 105 = 1000 \times 10 \times h$

$h = \frac{2.02 \times 10^5}{10^4} = 20.2$ m

ပေးထားချက်မှာ ρ နဲ့ g ကို SI unit နဲ့ ပေးထားတာကြောင့် 2 atm ကို pascal (Pa) unit ပြောင်းပေးရမယ်။

(၃) ပေးထားချက်ကို တိုက်ရိုက်မပေးတာတွေ ရှိပါတယ်။ ကိုယ်တိုင်ထုတ်ယူတတ်ဖို့ လိုပါတယ်။

ဥပမာ (၁) Q - An object is 60 cm away from a lens and its image is formed 15 cm on the same side as the object from the lens. What is the type of the lens? Find the power of the lens.

အဖြေမှာ ပုံရိပ်က ဝတ္ထုနဲ့တစ်ဖက်တည်းမှာ ပေါ်တယ်လို့ ပေးထားတဲ့အတွက် ပုံရိပ်ယောင် (virtual image) ဖြစ်ပါတယ်။ ဒါကြောင့် $v = -15$ cm ဖြစ်ပါတယ်။ ပုံရိပ်ယောင်ရဲ့ အကွာအဝေးက ဝတ္ထုအကွာအဝေးထက် ပိုငယ်တဲ့အတွက် မှန်ဘီလူး (lens) က concave lens ဖြစ်ပါတယ်။

$u = 60$ cm, $v = -15$ cm, $f = ?$, $P = ?$

lens formula ဖြစ်တဲ့ $\frac{1}{u} + \frac{1}{v} = \frac{1}{f}$ ကို သုံးပြီးတွက်ရင်

$f = -20$ cm ရပါတယ်။

တွက်ထားတဲ့အဖြေကလည်း f ကnegative တန်ဖိုးရတဲ့အတွက် concave lens ပဲဖြစ်ပါတယ်။ အဖြေမှန်၊ မမှန် check လုပ်နိုင်ပါတယ်။

ပါဝါကိုရှာတဲ့အခါ $P = \frac{1}{f\,(m)}$ (or) $P = \frac{100}{f\,(cm)}$

formula တွေသုံးပြီးတွက်ပါ။

ဥပမာ (၂) Q - Two charges of $+2 \times 10^{-12}$ C and $-5 \times 10^{-12}$ C are 5 m apart in air. Determine the electric field intensity and the electric potential at midway between them.




Charge နှစ်ခုရဲ့ အလယ်မှတ်မှာရှိမယ့် electric field နဲ့ electric potential ရှာရမှာ ဖြစ်တယ်။ $r_1$ နဲ့ $r_2$ ကို တိုက်ရိုက် မပေးထားပါဘူး။ Charge နှစ်ခုရဲ့ အလယ်မှတ်ဖြစ်တဲ့အတွက် $r_1 = r_2 = \frac{5}{2} = 2.5$ m ဖြစ်ပါတယ်။

Charge $Q_1$ ကြောင့် အမှတ် P မှာရှိတဲ့ electric field ကို $E_1 = K\frac{Q_1}{r_1^2}$ သုံးပြီးတွက်ပါ။ အဖြေမှာ direction ထည့်ပေးပါ။

ထိုနည်းတူ $Q_2$ ကြောင့် အမှတ် P မှာရှိတဲ့ electric field ရှာပြီး field နှစ်ခုကို vector နည်းအရ ပေါင်းရင် resultant electric field ကိုရပါမယ်။ direction ကိုလည်း ဖော်ပြဖို့လိုအပ်ပါတယ်။

Potential အတွက်ဆိုရင်လည်း charge တစ်ခုစီကြောင့် အမှတ် P မှာရှိတဲ့ electric potential ကို ရှာရမယ်။ Potential နှစ်ခုကိုပေါင်းရင် total electric potential ကိုရပါမယ်။ Potential တွက်တဲ့အခါ charge ရဲ့ လက္ခဏာ positive (+) (သို့) negative (-) ထည့်ပေးရပါမယ်။

(၄) မေးခွန်းတွင် မေးသောအချက်များကို အယူအဆမှားပြီး ဖြေဆိုမှုတွေရှိပါတယ်။

ဥပမာ (၁) Q - What are the maximum and minimum resistance that can be obtained by combinations of three resistors with resistances of 0.5 Ω, 2 Ω and 2.5 Ω?

Ans : maximum resistance ရဖို့ Resistor အားလုံးကို series ဆက်ရပါမယ်။

For maximum resistance, $R_{max} = R_1 + R_2 + R_3$ ကို အသုံးပြုပြီး တွက်ရပါမယ်။

minimum resistance ရဖို့ Resistor အားလုံးကို parallel ဆက်ရပါမယ်။

For minimum resistance, $\frac{1}{R_{min}} = \frac{1}{R_1} + \frac{1}{R_2} + \frac{1}{R_3}$ formula ကိုအသုံးပြုပြီး တွက်ရပါမယ်။

တွက်တဲ့အခါမှာလည်း maximum အတွက် minimum အတွက်ဆိုပြီး သေသေချာချာဖော်ပြပေးရပါမယ်။

ဥပမာ (၂) Q - A 6 V battery is connected to two parallel metal plates. The electric field intensity between the plates is 300 Vm$^{-1}$. How far are the plates apart? Find the work done in carrying an electron from one plate to the other. ($e = 1.6 \times 10^{-19}$ C)

$V = 6$ V, $E = 300$ Vm$^{-1}$, $d = ?$, $W = ?$

ဒီပုစ္ဆာမှာ ပထမမေးခွန်းက metal plate နှစ်ခုကြား အကွာအဝေးကို မေးတဲ့အတွက်

$V = Ed$, formula ကို အသုံးပြုပြီး တွက်ရပါမယ်။

point charge အတွက် formula ဖြစ်တဲ့ $E = K\frac{Q}{r^2}$ , $V = K\frac{Q}{r}$ သုံးပြီးတွက်ရင် မမှန်ပါဘူး။

နောက်ဆက်ပြီး work done ကိုရှာရင် $W = Vq$ ကို အသုံးပြုရပါမယ်။

ဥပမာ (၃) Q - The electric potential and magnitude of the electric field intensity at a point at some distance from a point charge are 300 V and 100 NC$^{-1}$ respectively. How far is the point from charge?

$V = 300$ V, $E = 100$ NC$^{-1}$, $r = ?$

ဒီပုစ္ဆာမှာ point charge တစ်ခုရဲ့ အကွာအဝေးတစ်ခုမှာရှိတဲ့ အမှတ်တစ်ခုအတွက် electric potential နဲ့ electric field intensity ပေးထားပါတယ်။ အဲဒီအမှတ်နဲ့ point charge ရဲ့ အကွာအဝေးရှာမှာ ဖြစ်ပါတယ်။

ဒါကြောင့်

$$V = K\frac{Q}{r} \quad \text{နဲ့} \quad E = K\frac{Q}{r^2}$$

formula တွေကို အသုံးပြုပြီး အကွာအဝေးကို တွက်ရပါမယ်။

ဥပမာ (၄) Q - An electron has a mass of $9.1 \times 10^{-31}$ kg and an electric charge of $-1.6 \times 10^{-19}$ C. The gravitational force between two bodies of mass m and M a distance d apart is $F = G\frac{Mm}{d^2}$ where $G = 6.6 \times 10^{-11}$ Nm$^2$ kg$^{-2}$, $K = 9 \times 10^9$ Nm$^2$ C$^{-2}$. Compare the gravitational and electrical forces acting between two electrons.

အကွာအဝေးတစ်ခု "d" ကွာဝေးတဲ့ $e^-$ နှစ်ခုကြား Gravitational force နဲ့ Electrical force ကို နှိုင်းယှဉ်ပြရမှာဖြစ်ပါတယ်။

$m_e = 9.1 \times 10^{-31}$ kg, $Q_e = -1.6 \times 10^{-19}$ C, Gravitational force, $F_g = G\frac{Mm}{d^2} = G\frac{m_e^2}{d^2}$

electron နှစ်ခုရဲ့ mass ကို ($m = m_e$, $M = m_e$) အစားသွင်းရပါမယ်။

စာမျက်နှာ (၁၆) သို့

## ကျောင်းသင်ခန်းစာ

စာမျက်နှာ (၁၅) မှ

Electrical force, $F_e = K\frac{Q_1 Q_2}{d^2} = K\frac{Q_e^2}{d^2}$

($Q_1 = Q_2 = Q_e$) အစားသွင်း တွက်ရပါမယ်။

$\frac{F_g}{F_e} = 2.372 \times 10^{-43}$ ဖြစ်ပြီး $\frac{F_e}{F_g} = 4.22 \times 10^{42}$ ဖြစ်ပါတယ်။

compare လုပ်တဲ့အခါ ကြိုက်ရာတစ်ခု ဖြေလို့ရပါတယ်။

(၅) Ray diagram ဆွဲရင် သတိထားရမယ့် အချက်တွေကတော့ အလင်းတန်းတွေမှာ မြားပါရမယ်။ အလင်းတန်းကို အဖြောင့်ဆွဲရမယ်။ ပုံရိပ်စစ်၊ ပုံရိပ်ယောင် ခွဲခြားဆွဲရမယ်။ F, 2F, P, OÓ, IÍ စသည်တို့ကို ထင်ထင်ရှားရှား ထည့်ပေးရပါမယ်။

(၆) ပုစ္ဆာတွေမှာ ပေးထားချက်ကို ထုတ်ယူတတ်ပြီး ဘာမေးသလဲဆိုတာ သိဖို့လိုပါတယ်။ တွက်တဲ့အခါ သက်ဆိုင်တဲ့ ပုံသေနည်း (formula) ကို ရွေးချယ်တတ်ဖို့လိုပါတယ်။ တချို့ပုစ္ဆာတွေမှာ မလိုအပ်တဲ့ ပေးထားချက်ပိုနေတာကိုလည်း သိရပါမယ်။

(၇) ဂရပ်ဆွဲရင် axis တွေမှာထားတဲ့ quantity ကို ဖော်ပြရမယ်။ Graph အမည်ကို ဖော်ပြပေးရပါမယ်။ ဖြတ်မှတ်ကိုလည်း မှန်ကန်အောင်ဆွဲရမယ်။

(၈) အဆင့်ကျော်တွက်ရင်လည်း မှားတတ်ပါတယ်။ အဆင့်လိုက် ပေးတာဖြစ်တဲ့အတွက် အမှတ်ပြည့်မရတာမျိုး ဖြစ်နိုင်ပါတယ်။ မဆိုင်တဲ့စာတွေ အဖြေမသိလို့ ရေးချင်တာ ရေးတာတွေ မလုပ်သင့်ပါ။ အကျိုးမရှိလို့ မရေးသင့်ပါဘူး။

(၉) လက်ရေးပီပီသသရေးပြီး သေသေသပ်သပ်ဖြေရပါမယ်။ ဥပမာပေးခိုင်းရင်လည်း တိကျမှန်ကန်တဲ့ ဥပမာပေးရပါမယ်။

(၁၀) တွက်ချက်မှုတွေမှာ ပေါင်းနုတ်၊ မြှောက်စား လွယ်ကူတာတွေကိုတောင် မှားပြီးတွက်တတ်ပါတယ်။ အလွန်တော်တဲ့ ကျောင်းသား ကျောင်းသူတွေတောင် ဒီလိုအမှားမျိုး ရှိတတ်ပါတယ်။ ဒါကြောင့် အကြိမ်ကြိမ် စစ်ဆေးပေးရန် လိုအပ်ပါတယ်။

ကျောင်းသား ကျောင်းသူအားလုံး စာမေးပွဲကို ကောင်းမွန်စွာ ဖြေဆိုနိုင်ကြပါစေ။

ဒေါက်တာခင်မာကြူ
ပါမောက္ခ (ဌာနမှူး)
ရူပဗေဒဌာန
ရန်ကုန်တက္ကသိုလ်

## အသက် ၁၀၃ နှစ်အရွယ်ရှိ အဘွားနှစ်ဦးအားဂုဏ်ပြု

**သဲကုန်း ဇန်နဝါရီ ၃၁**

နိုင်ငံတော်သမ္မတ၏ အသက် ၁၀၀နှင့်အထက် ဂုဏ်ပြုခံသက်ကြီးဝါကြီး ပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ခြင်းကို ဇန်နဝါရီ ၂၈ ရက်က ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ရင်းတိုက်မှော်အုပ်စု မအူပင်ကွေ့ ကျေးရွာနေ အသက် ၁၀၃ နှစ်အရွယ် အဘွားဒေါ်ညွန့်ရင်နှင့် အင်းမအုပ်စု အင်းမတိုက်နယ်နေ အသက် ၁၀၃ နှစ်အရွယ်ရှိ အဘွားဒေါ်ချစ်တို့ကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်လွင်ဦးနှင့် သဲကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးတို့က အိမ်တိုင်ရာရောက် သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းဂုဏ်ပြုခံအဘွားနှစ်ဦးအား တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးနှင့်အဖွဲ့ဝင်များမှလည်း ကျန်းမာရေးအထောက်အကူပြုဆေးဝါးနှင့် အစားအစာများ ဂါရဝပြုလှူဒါန်းခဲ့ကြောင်း သိရသည်။ **မျိုးကျော်ကြီး**

## လယ်မြေဧက ၁၅၀၀ ကျော်အကျိုးပြုမည့် စက်စက်ယိုရေလွှဲဆည်တည်ဆောက်

**တောင်တွင်းကြီး ဇန်နဝါရီ ၃၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဥသျှစ်ကုန်းကျေးရွာအနီး တိုင်းဒေသကြီးအစိုးရခွင့်ပြုငွေဖြင့် အလျား ၄၈ ပေ၊ အကျယ် ၃၆ ပေခွဲ၊ အမြင့် ၁၉ ပေရှိ စက်စက်ယိုရေလွှဲဆည်ကို မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားကြီးများဖြင့် ဇန်နဝါရီလ တတိယပတ်မှစ၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းခွင်သို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုကာ သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် တောင်သူများ၏ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးခဲ့သည်။

ယခုတည်ဆောက်လျက်ရှိသည့် ဆည်ကြီးပြီးစီးပါက ကျေးရွာပေါင်း ၁၀ ရွာမှ တောင်သူများ၏လယ်ဧက ၁၅၀၀ ကျော်ကို နွေ၊ မိုး၊ ဆောင်း အချိန်ရာသီမရွေးသီးနှံ မျိုးစုံစိုက်ပျိုးနိုင်မည်ဖြစ်သည့်အပြင် ကျေးလက်ပြည်သူများ မွေးမြူထားသည့် ကျွဲ၊ နွားများ သောက်သုံးရေဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်းနှင့် ဒေသစိမ်းလန်းစိုပြည်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောကြားသည်။

**နိုင်ဝင်း**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ မြို့တော်လားရှိုးမြို့ မြို့တော်အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန် အနယ်နယ်အရပ်ရပ်သို့သွားလာကြမည့် ခရီးသွားပြည်သူများ တစ်နေရာတည်းအဆင်ပြေမှုရှိစေရန်နှင့် လားရှိုးမြို့တွင်းသို့ မော်တော်ယာဉ်ကြီးများ ဝင်ရောက်သွားလာမှုကြောင့် မြို့တွင်းလမ်းများပျက်စီးခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်းများ မဖြစ်စေရန် ရည်ရွယ်ပြီး လားရှိုးမြို့ရှောင်လမ်းအနီးတွင် ခေတ်မီသပ်ရပ်သည့် အဆင့်မြင့်အဝေးပြေးယာဉ်ရပ်နားစခန်းအသစ်ကို မြင်တွေ့ရစဉ်။ စိုင်း(သီပေါ)

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ပညာပေးဟောပြော

**ထားဝယ် ဇန်နဝါရီ ၃၁**

ယာဉ်စည်းကမ်း ၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ဇန်နဝါရီ ၂၉ ရက်ကကျင်းပရာ ထားဝယ်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဘဟန်နှင့် ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ပညာပေး ဟောပြောပွဲတွင် တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာဘဟန်က အမှာစကားပြောကြားပြီး ဥပဒေအရာရှိ ဒေါ်ဝါဝါချိုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ဥပဒေရေးရာ သိကောင်းစရာများကိုလည်းကောင်း၊ ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဘအေးနှင့်ဦးစိုင်းဝေဠုတို့က ယာဉ်နှင့်ပတ်သက်သည့် သိသင့်သိထိုက်သည်များကို လည်းကောင်း၊ အမှတ် ၈ ယာဉ်ထိန်း ဒုတိယရဲတပ်ဖွဲ့ခွဲ (တနင်္သာရီ)မှ ရဲမှူးစိုးဝင်းက ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာ လိုက်နာရမည့် သိမှတ်ဖွယ်ရာများကို လည်းကောင်း ပညာပေးဟောပြောကြပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးက သရုပ်ပြပညာပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)


### အလှူရှင်များအားနှိုးဆော်ခြင်း

### အလှူရှင်များအား နှိုးဆော်ခြင်း

### မြေကွက်များရောင်းရန်ရှိသည်

### မြေကွက်များအမြန်ရောင်းမည်

### အမြန်ရောင်းမည်

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ မြေကွက်အမှတ် ၁၄(ခ) အကျယ်အဝန်း အလျား × အနံ ၃၈ပေ× $\frac{60' \times 18'}{70'}$ ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဆ/ခ ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၇၉၇ ခေါ်တွင်သော အိမ်နှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဦးထွန်းကြည်၊ ဒေါ်သန်းတို့၏ အမွေဆက်ခံခွင့်ရှိသော သားသမီးများဖြစ်သည့် (၁)ဒေါ်စန်းစန်းမြင့် ၁၂/ဒဂတ(နိုင်)၀၂၆၈၆၈၊ (၂)ဒေါ်သောင်းအေး ၁၂/သဃက(နိုင်)၀၆၆၅၈၀၊ ဒေါ်ရီရီတင် ၁၂/သဃက(နိုင်) ၀၆၇၅၃၅၊ ဒေါ်ခမ်းမွန်အေး ၁၂/သဃက(နိုင်)၀၄၅၀၆၅ တို့ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသည့်အထောက်အထားများနှင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီဂီဝင်း LL.B, D.B.L,D.M.L
တရားလွှတ်တော်ရှေ့နေ
အမှတ် ၉/၁၁၊ အခန်း ၁၀၁(ပထမထပ်)
၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဒေါ်ခင်ခင်ကြည် LL.B, D.B.L
ဒေါ်နန်းစံခမ်းဦး LL.B
အထက်တန်းရှေ့နေများ

### အများသိရှိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၈၇ လမ်း၊ အမှတ်(၄၂)နေ ဒေါ်လီရီချင် ၁၂/ဗတထ(နိုင်)၀၂၅၄၄၇(ဒေါ်လီရီးစီ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် L၁၈(၆၁)၊ မြေကွက်အမှတ် (၁၉၀၈/၁၉၀၉) တို့ကို ဒေါ်လီရီးစီက တရားဝင်ဝယ်ယူ၍ လက်ရှိဂရန်အမည်ပေါက်ပိုင်ဆိုင်သူတစ်ဦးဖြစ်ပါသည်။ အထက်ပါမြေကွက်များကိုလည်း ခြံစည်းရိုးခတ်၍ လက်ရောက်ရရှိထားပြီးလည်းဖြစ်ပါသည်။ ထို့ကြောင့်အထက်ပါမြေကွက်များအား ဒေါ်လီရီးစီ၏ သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ မည်သူတစ်ဦး တစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းလွှဲပြောင်းခြင်းတို့မပြုလုပ်ရန်နှင့် မြေကွက်များအတွင်းသို့ ဝင်ရောက်ကျူးကျော်ခြင်းတို့ မပြုလုပ်ရန် သတိပေးတားမြစ်လိုက်ပါသည်။

အကယ်၍ အထက်ပါသတိပေးတားမြစ်ချက်များကို လိုက်နာဆောင်ရွက်ခြင်း မရှိသူ မည်သူကိုမဆို ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းနိုင်(စဉ်-၆၅၄၉)
B.Sc, R.L, H.G.P,D.A(1)
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၇၃၁၀၀၉၃၇

ဒေါ်စန်းသီတာစိုး(စဉ်-၃၅၃၀၆)
LL.B, D.B.L, B.D.S, D.M.L, D.I,L
အထက်တန်းရှေ့နေ
ဖုန်း-၀၉-၄၂၀၀၀၇၄၃၈

ရုံး-အခန်း(၀၀၄)၊ မြေညီထပ်၊ တိုက်အမှတ်(၉/၁၁)၊ ၃၆ လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ပြည်တွင်းသတင်း

# ကိုရီးယား ပရဟိတ ကျောင်းသား ကျောင်းသူများကြောင့် ခြံတဲမူလတန်းကျောင်းလေး သက်ဝင်လှုပ်ရှား

**ရန်ကုန် ဇန်နဝါရီ ၃၁**

လှည်းကူးမြို့နယ် ခြံတဲကျေးရွာ မူလတန်းကျောင်းလေးမှာ ယနေ့ စည်ကားလို့နေပါတယ်။ လွှတိုက်သံ၊ တူထုသံတွေနဲ့ ပန်းရံသယ်ရင်း အချင်းချင်းနောက်ပြောင်စနောက်သံတွေအပါအဝင် ကလေးတွေနဲ့အတူ ကျောင်းဖွင့်ပွဲလေး စည်ကားဖို့အရေး အကတိုက်နေကြတဲ့ ကိုရီးယားကျောင်းသား ကျောင်းသူလေးတွေကြောင့် ကျေးရွာမိသားစုဝင်တွေ ပျော်မဆုံးတပြုံးပြုံးပေါ့။

သက်တမ်း ၁၂ နှစ်ရှိပြီဖြစ်တဲ့ Happy Move Global Youth ပရဟိတအဖွဲ့လေးက တောင်ကိုရီးယားနိုင်ငံ တက္ကသိုလ်ပေါင်းစုံက ကျောင်းသူ ကျောင်းသားတွေ စုစည်းဖွဲ့စည်းထားတာပါ။ အာရှတိုက်အတွင်းက လိုအပ်နေတဲ့ ကွက်လပ်နေရာလေးတွေကို တတ်အားသရွေ့ ပါဝင်ကူညီပေးဖို့အတွက် သူတို့စိတ်ပိုင်းဖြတ်ထားပါတယ်။

"အဖွဲ့ဝင်တွေက သောင်းဂဏန်းရှိပါတယ်။ မြန်မာနိုင်ငံမှာ လာရောက်လုပ်အားပေးခွင့်ရဖို့ လျှောက်လွှာတင်ထားရတာ၊ အများကြီးထဲက ကိုယ့်ကိုရွေးချယ်တဲ့အတွက် ဝမ်းသာမိတယ်။ မြန်မာနိုင်ငံအကြောင်း အွန်လိုင်းကနေ လေ့လာတယ်။ မြန်မာလူမျိုးတွေရဲ့ ဓလေ့စရိုက်အားလုံးကိုပေါ့။ အခုရောက်လာတော့ ပိုပြီး စိတ်ကျေနပ်ရတယ်။ ဘယ်နိုင်ငံ၊ ဘယ်လူမျိုးမဆို ကလေးတွေက ချစ်ဖို့ကောင်းတယ်။ သူတို့အတွက် လုံခြုံမှုကို ကိုယ့်လုပ်အားနဲ့ ဒါနပြုရတာ ဘယ်အရာနဲ့မှ မလဲနိုင်ဘူး။ မြန်မာနိုင်ငံက ခြံတဲမူလတန်းကျောင်းလေးအကြောင်းကို ကိုရီးယားရောက်တဲ့အခါ လိုက်ခွင့်မကြုံတဲ့ သူငယ်ချင်းတွေကို ပြောပြမယ်" လို့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဘူဆန်အမျိုးသားတက္ကသိုလ်မှာ ပေါ်လီမာနည်းပညာဆိုင်ရာ (Polymer Engineering) ပညာသင်ယူနေသူ အသက် ၂၄ နှစ်အရွယ် မစ္စတာ Kyung Seok Lee က ပြောပါတယ်။

ကိုရီးယားနိုင်ငံ အခြေစိုက် KIAမော်တော်ကားစက်ရုံကထုတ်လုပ်တဲ့ကားတွေကို ပြည်တွင်းမှာ ဝယ်ယူဖို့ အရောင်းပြခန်း လာဖွင့်ပြီးတဲ့နောက် CSR လုပ်ဆောင်ချက်အနေနဲ့ အမေရိကန်ဒေါ်လာ ငါးသောင်းတန်ဖိုးရှိ တစ်ထပ်ကျောင်းဆောင်သစ်တစ်ခုကို ဆောက်လုပ်ဖို့ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပြည်တော်သာရပ်ကွက်မှာရှိတဲ့ ခြံတဲမူလတန်းကျောင်းကလေးကို ရွေးချယ်ခဲ့ပါတယ်။ ကုမ္ပဏီက တာဝန်ယူပြီး တည်ဆောက်ရေး လုပ်ငန်းတွေကို လုပ်အားပေး လုပ်ကိုင်ပေးဖို့အတွက် လူငယ် Happy Move Global Youth ပရဟိတအဖွဲ့လေးက တာဝန်ယူပေးပါတယ်။

"ကျောင်းက ဖေဖော်ဝါရီ ၄ ရက်မှာ ဖွင့်မှာဆိုတော့ အမြန်ဆုံးတည်ဆောက်နေရတယ်။ ကျွန်တော်တို့အတွက် မြန်မာနိုင်ငံကို ရောက်ဖူးတာတော့ ပထမဆုံး အကြိမ်ပါ။ ငွေကြေးလှူဒါန်းဖို့ကျတော့ ကျွန်တော်တို့က ကျောင်းသားတွေဖြစ်လို့ အဆင်မပြေပါဘူး။ သို့သော် လုပ်အားဒါနကတော့ အချိန်မရွေး အကူအညီပေးနိုင်ပါတယ်။ လူသားတွေအကျိုးရှိမယ့် ကိစ္စတွေမှာ လုပ်ဆောင်ဖို့ ကိုရီးယားလူမျိုးရယ်၊ မြန်မာလူမျိုးရယ်ဆိုပြီး မရှိပါဘူး။ အားလုံးအတူတူပဲပေါ့"ဟု Kyung Seok Lee က ဆိုပါတယ်။

တောင်ကိုရီးယား နိုင်ငံထဲက တက္ကသိုလ် အားလုံးနီးပါးမှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေ အစုံပါဝင်တဲ့ အဖွဲ့မှာ လူဦးရေ ၉၀ လိုက်ပါလာခဲ့တာပါ။ နှစ်ပတ်ခန့် လာရောက်ကူညီပေးမှာ ဖြစ်သလို သူတို့တွေအတွက် ကျောင်းဖွင့်ပွဲနေ့မှာ ကလေးတွေနဲ့အတူ ပျော်ရွှင်စွာ ကခုန်ကြဖို့အတွက်ကိုလည်း ရင်ခုန်နေကြောင်း အဖွဲ့ဝင် ကျောင်းသူလေးတစ်ဦးက ပြောပါတယ်။

"ကျောင်း ဆောက်လုပ်မှုမှာ ကိုရီးယား-မြန်မာ ဆက်ဆံရေးကိုလည်း ဂုဏ်ပြုချင်တာကြောင့် ကိုရီးယားပရဟိတအဖွဲ့ကို ဖိတ်ခေါ်ရခြင်းဖြစ်ပါတယ်။ ကျောင်းဆောင်သစ်ကို အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်နေတာကြောင့် ပညာသင်ကြားနေကြတဲ့ မူလတန်းကလေး ၆၇ ဦးအတွက် လုံခြုံမှုကိုပေးစွမ်းနိုင်တော့မှာပါ။ စာသင်ခန်း စုစုပေါင်း ငါးခန်းပါဝင်ပြီး ကလေးတွေအတွက် သင်ကြားရေး အထောက်အကူပြုပရိဘောဂတွေကိုလည်း ကိုရီးယားလူငယ်တွေက အားတက်သရော လုပ်ကိုင်ပေးကြတယ်" ဟု KIA ကားကုမ္ပဏီမှ ကြော်ငြာမန်နေဂျာ ကိုဇော်ရဲနိုင်က ဆိုပါတယ်။

"အားလုံးက တက်ညီလက်ညီ လုပ်နေကြတာမို့ ပျော်ရွှင်ပါတယ်။ အဖြူအစိမ်းဝတ်ထားတဲ့ ကလေးတွေရဲ့အပြုံးက ကျွန်မတို့အမောတွေ ပြေစေတယ်။ သူတို့ကြီးလာတဲ့အချိန်မှာ ကျွန်မတို့ရဲ့ လုပ်ဆောင်ချက်တွေကို အမှတ်ရပြီး အချင်းချင်း ပြန်ပြောကြရင်း ပရဟိတအလုပ်တွေကို သူတို့စိတ်ပါလက်ပါ ဆောင်ရွက်ကြမယ်လို့ မျှော်လင့်ပါတယ်" လို့ အသက် ၂၁ နှစ်သာရှိသေးပြီး Haua တက္ကသိုလ်ကျောင်းက ခရီးသွားလာ ရေးစီမံခန့်ခွဲမှုပညာ (Leisure Tourism Management) သင်ယူနေသူ မစ္စ Jimin Hem က ပြောပါတယ်။

ခြံတဲမူလတန်းကျောင်းလေးကို ဖေဖော်ဝါရီ ၄ ရက်မှာ ဖွင့်လှစ်ပြီး နိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာနကို အပ်နှံမှာဖြစ်ပါတယ်။ ကျောင်းလေး အဓွန့်ရှည်တည်တံ့ပါစေလို့ဆုတောင်းရင်း ကလေးတွေအတွက် တတ်စွမ်းသမျှ ကူညီပံ့ပိုးပေးနေတဲ့ Happy Move Global Youth ပရဟိတအဖွဲ့ဝင်လူငယ် ၉၀ ကတော့ အချိန်မီပြီးစီးအောင် အားသွန်ဆောင်ရွက်နေပါပြီ။

**(မြန်မာ့အလင်း)**

## သတင်းတိုများ

### (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မုံရွာမြို့အားကစားကွင်း၌ ပျော်ရွှင်ပွဲများကျင်းပမည်

**မုံရွာ ဇန်နဝါရီ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် မုံရွာမြို့ ပြည်သူ့အားကစားကွင်းကြီးတွင် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၅ နာရီတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို ဘုရင့်နောင်၊ အလောင်းဘုရား၊ အနော်ရထာ၊ ဗန္ဓုလစသည့် စစ်ကြောင်းကြီးလေးကြောင်းဖြင့် ချီတက် အလေးပြုကာ ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သည့် သဝဏ်လွှာကိုဖတ်ကြားမည်ဖြစ်သည်။

ထို့နောက် ပျော်ရွှင်ကြည်နူးဖွယ် အားကစားပြိုင်ပွဲများ၊ ခြင်းအလှပြပြိုင်ပွဲများနှင့် ဈေးအရောင်းဆိုင်များဖြင့် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း-မုံရွာ**

### မြို့နယ်ရဲတပ်ဖွဲ့လုပ်ငန်းဆောင်ရွက်မှု သတင်းစာရှင်း

**ဗန်းမော် ဇန်နဝါရီ ၃၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်ရဲတပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက်က ကျင်းပရာ မြို့နယ်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေက အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဗန်းမော်မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဦးကျော်သက်ထွန်းက ပြည်သူကို ဗဟိုပြုသော ရဲလုပ်ငန်းဆိုင်ရာများ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ ဒုရဲမှူးဝင်းမြင့်က လူကုန်ကူးမှုဆိုင်ရာများကိုလည်းကောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ ရဲမှူးသိန်းစိုးက မူးယစ်ဆေးဝါး ပြစ်မှုဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

**(ခရိုင်ပြန်/ဆက်)**

မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်(၂)ပုံစံရေးသွင်းရာတွင် လွယ်ကူစေရေး သင်တန်းကို ဇန်နဝါရီ ၂၈ ရက် နံနက်က လယ်ဝေးမြို့နယ် လဝကဦးစီးဌာနမှူးရုံး၌ဖွင့်လှစ်ရာ မြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးမိုးဆက်နှင့် ဝန်ထမ်းများက ကွင်းဆင်းဆောက်ရွက်ရာတွင် ကူညီဆောင်ရွက်ပေးမည့်သူများကို ဆွေးနွေးသင်ကြားပေးစဉ်။ ကိုကိုရှုပ

## အထက(၄) သင်္ဃန်းကျွန်း (ယခင် အလက-၁) သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ အထက(၄)တွင် အနည်းဆုံး(၂)နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၀)ပြည့် အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား (၇)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို ၂၂-၃-၂၀၁၅ ရက်(တနင်္ဂနွေနေ့)နံနက် ၉း၀၀ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ပါ၍ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်၊ မရသည်ဖြစ်စေ ကန်တော့ခံကြွရောက်ကြပါရန်လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

မည်သည့်နှစ်တွင်မဆို ပညာသင်ကြားခဲ့ကြသော ကျောင်းသား/သူဟောင်းများ၊ မျိုးဆက်သစ် ကျောင်းသား/သူဟောင်းများ မည်သူမဆို တက်ရောက်ကြပါရန်နှင့် အောက်ပါကျောင်းသား/သူဟောင်းများထံတွင် အလှူငွေများကို ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

| | | | | | |
|---|---|---|---|---|---|
| ၁။ | အထက(၄)သင်္ဃန်းကျွန်း | ဖုန်း-၀၁-၅၇၇၉၀၈ | ၆။ | ကိုစိုးသက်နိုင် | ဖုန်း-၀၉-၅၀၆၈၉၂၆ |
| ၂။ | ကိုအောင်မြင့်သူ | ဖုန်း-၀၉-၈၆၁၇၈၅၆ | ၇။ | ကိုဝင်းထွန်းနိုင် | ဖုန်း-၀၉-၂၅၄၀၂၂၆၃၃ |
| ၃။ | ကိုစိုးသူ | ဖုန်း-၀၉-၅၁၀၄၉၀၉ | ၈။ | ကိုကျော်ဇေယျ | ဖုန်း-၀၉-၃၁၀၅၄၄၇၇ |
| ၄။ | ဒေါ်အေးမြင့်ခိုင် | ဖုန်း-၀၉-၇၃၀၅၆၄၈၁ | ၉။ | ကိုနေအောင် | ဖုန်း-၀၉-၄၄၈၀၁၈၄၉၈ |
| ၅။ | မသက်သက်ခိုင် | ဖုန်း-၀၉-၄၂၁၀၁၃၇၉၀ | ၁၀။ | ကိုလှိုင်ဘွား | ဖုန်း-၀၉-၄၃၁၇၉၉၇၇ |

## အထက(၄) တောင်ဥက္ကလာ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်နှင့် ကျောင်းသား/ကျောင်းသူဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၈ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကျောင်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ အသက်(၅၅)နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား/ကျောင်းသူဟောင်းများအားလုံးသည် ဖိတ်စာရရှိသည်ဖြစ်စေ၊ ဖိတ်စာမရရှိသည်ဖြစ်စေ မပျက်မကွက်ဆက်ဆက်တက်ရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ ဆက်သွယ်လှူဒါန်းလိုပါကလည်း ဒေါ်ခင်ဌေးမြင့် ဖုန်း-၀၉-၅၀၃၂၇၇၉၊ ဦးတင်ကို ဖုန်း-၀၉-၅၁၀၈၉၄၀၊ ဒေါ်ခင်ဝေကြည် ဖုန်း-၀၉-၂၅၆၂၁၈၆၅၅၊ ဒေါ်စမ်းစမ်းဝင်း (ငွေကုံကော်မူကြို)-ဖုန်း-၀၉-၇၃၁၅၇၃၅၈၊ ဒေါ်အေးအေးဆင့် (Top မူကြို) ဖုန်း-၀၉-၄၂၁၀၀၄၈၀၃၊ ဦးဖေသိန်း ဖုန်း-၀၉-၄၀၂၅၆၂၅၅၆၊ မမိုးမိုးဇင် ဖုန်း-၀၉-၅၀၉၉၉၅၁၊ မနီနီမာ ဖုန်း-၀၉-၇၃၀၀၀၄၁၄၊ ကိုဝဏ္ဏစိုး ဖုန်း-၀၉-၇၃၁၀၄၅၂၅၊ မခင်ခင်ရီ ဖုန်း-၀၉-၄၃၀၄၀၂၄၈၊ မသီတာအောင် ဖုန်း-၀၉-၄၅၀၀၃၄၅၂၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

**Facebook: BEHS4 South Okkalapa အထက(၄) တောင်ဥက္ကလာပ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၀ယ/၃၇၆၁၅ Honda Dream 125 ယာဉ် လက်ဝယ်ရှိသူ ဦးမာချော ၈/မကန(နိုင်)၀၄၃၈၇၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး (မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး (မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ယ/၂၀၀၈၉ Hero Honda ယာဉ်လက်ဝယ်ရှိသူ ဦးသန်းလင်း ၅/တမန(နိုင်)၀၃၁၇၁၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (တမူး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၃၉၈၈၊ 8C/3988 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄C/၈၇၉၄၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဃ/၇၀၈၃၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ ရွှေကျင်(အနောက်)နေ (ဦးအောင်ရင်)-ဒေါ်သန်းမြင့် ၅/ဝလန(နိုင်)၀၄၀၄၁၈ တို့၏သား မောင်ဇော်လင်းအောင် ၅/ဝလန(နိုင်)၀၆၆၃၀၄ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ ရိုင်းပျစွာဆက်ဆံခြင်းတို့ကြောင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်ငွေနှင့်ပတ်သက်သော ကိစ္စမှန်သမျှကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်သန်းမြင့်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၃၉၉၂ ယာဉ်လက်ဝယ်ရှိသူ ဦးငိုကျင့်ထန် ၄/တတန(နိုင်)၀၂၉၃၆၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ ကလေးမြို့**

ပြည်တွင်းသတင်း

# ယာဉ်အန္တရာယ်လျော့နည်းရေးအတွက် တာချီလိတ်မြို့တွင်းလမ်းများ အဆင့်မြှင့်

**တာချီလိတ် ဇန်နဝါရီ ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ်သည် နယ်စပ်ဒေသဖြစ်ပြီး တစ်ဖက်နိုင်ငံနှင့် နီးကပ်ထိစပ်လျက်ရှိခြင်းကြောင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးကာ ယာဉ်အသွားအလာ များပြားသော မြို့ဖြစ်သဖြင့် မြို့တွင်းသွားလာရေး လွယ်ကူပြီး ယာဉ်အန္တရာယ်ဖြစ်ပွားမှုလျော့နည်းစေရန်နှင့် မြို့သန့်ရှင်းသာယာလှပစေရန်အတွက် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆန်ဆိုင်း(က)ရပ်ကွက်ရှိ မြတ်စံလမ်း အရှည်ပေ ၁၂၀၀၊ နံ့သာဖြူလမ်း အရှည်ပေ ၁၄၀၀ တို့ကို ကတ္တရာခင်းခြင်းလုပ်ငန်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး ဘေးဝဲယာ ပလက်ဖောင်းများကို လမ်းကျယ်အဖြစ် သွားလာနိုင်ရေးအတွက် အရှည်ပေ ၁၁၀၀ တိုးချဲ့ကွန်ကရစ်ခင်းခြင်း၊ မြို့မသုသာန်သွားလမ်း အရှည်ပေ ၃၅၀၀ ကို ဘေးဝဲယာ အကျယ် သုံးပေစီတိုးချဲ့ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းကျော်ဇံ၊ အတွင်းရေးမှူး ဦးကျော်ဇင်၊ တာဝန်ခံအင်ဂျင်နီယာ(အင်ဂျင်နီယာမှူး) ဦးလှမျိုးနှင့် အဖွဲ့ဝင်များက သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ ပြီးစီးရေးအတွက် ဇန်နဝါရီ ၂၇ ရက်မှ စတင်ဆောင်ရွက်လျက်ရှိသည်။

လမ်းများ အဆင့်မြှင့်တင်ခြင်းအပြင် မြို့သန့်ရှင်းလှပရေးအတွက် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် နုန်းများဆယ်ယူခြင်းကိုလည်း ဆောင်ရွက်နေကြောင်း သိရသည်။ ထိုသို့ မြို့တွင်းလမ်းများ အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းဖြင့် လူဦးရေနှင့်ယာဉ်များ တိုးတက်များပြားလာမှုကြောင့် ဖြစ်ပွားနိုင်သည့် ယာဉ်အန္တရာယ် လျော့နည်းကာ သွားလာမှု လွယ်ကူမြန်ဆန်စေမည်ဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာက ပြောသည်။

**ဝေယံလင်း(iprd)**

# တာချီလိတ်ခရိုင်၌ ဆောင်ရွက်နေသော မြစိမ်းရောင်စီမံကိန်းများ သုံးသပ်ဆွေးနွေး

**တာချီလိတ် ဇန်နဝါရီ ၃၁**

ရှမ်းပြည်နယ် တာချီလိတ်ခရိုင်အတွင်းဆောင်ရွက်နေသော မြစိမ်းရောင်ကျေးရွာစီမံကိန်းများနှင့်ပတ်သက်၍ ခရိုင်အဆင့် သုံးသပ်ဆွေးနွေးပွဲကို တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ဇန်နဝါရီ ၂၉ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်း ရှင်းလင်းပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိမ်းက တာချီလိတ်ခရိုင်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ဆွေးနွေးသည်။ ထို့နောက် တာချီလိတ်၊ မိုင်းဖြတ်နှင့် မိုင်းယောင်းမြို့နယ်များမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက ဒေသအလိုက် လုပ်ငန်းဆောင်ရွက်မှုများတွင် ကြုံတွေ့ရသည့် အခက်အခဲများအကြောင်း ဆွေးနွေးတင်ပြခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အသီးသီးမှ မြစိမ်းရောင်စီမံကိန်းကော်မတီဝင်များ၊ လေ့လာသူများ တက်ရောက်ခဲ့ကြသည်။

**မောင်ယဉ်ကျေး**

# ကော့ကရိတ်မြို့နယ်၌ သစ်စေ့ပျိုးပွဲတော်ကျင်းပ

**ကော့ကရိတ် ဇန်နဝါရီ ၃၁**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၌ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် သစ်စေ့ပျိုးပွဲတော်ကို ဇန်နဝါရီ ၂၉ ရက်က မြို့နယ်သစ်တောပျိုးဥယျာဉ်၌ ကျင်းပသည်။

သစ်စေ့ပျိုးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးနိုင်လင်းဦးနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများစုပေါင်း၍ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ စိန်ပန်း၊ မဲဇလီ၊ ဗာဒံစေ့များကို မျိုးစေ့ထည့် ပျိုးထောင်ခဲ့ကြောင်း သိရသည်။ ထို့အတူ ကြာအင်းဆိပ်ကြီးမြို့ သစ်တောဦးစီးဌာနရုံးဝင်းအတွင်း၌လည်း သစ်စေ့ပျိုးပွဲတော်ကို ကျင်းပခဲ့သည်။

**စိုးထက်အောင်(ကော့ကရိတ်)**

# ကျေးရွာလေးရွာ၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်အားလိုင်းသစ်များဖွင့်

**မြန်အောင် ဇန်နဝါရီ ၃၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်းရှိ ငပိဆိပ်၊ သရက်တော၊ ရွှေကျင်နှင့် သပြေကုန်းကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုးလျှပ်စစ်ဓာတ်အားလိုင်းသစ်များကို ဇန်နဝါရီ ၂၉ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ငပိဆိပ်ကျေးရွာ၌ ကျင်းပသော ငပိဆိပ်-သပြေကုန်း ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်အားလိုင်းသစ်ဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစောမြသိန်း၊ ဧရာဝတီတိုင်းဒေသကြီး ရေအရင်းမြစ်ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစံပေါ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်က မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ သပြေကုန်းကျေးရွာ၌ ကျင်းပသော ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်အားလိုင်းသစ် ဖွင့်ပွဲတွင် လျှပ်စစ်နှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်နှင့် ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းထွန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သပြေကုန်းအထက၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ရပ်မိရပ်ဖများက တင်ပြသော လမ်း၊ တံတားနှင့် လျှပ်စစ်မီးရရှိရေး လိုအပ်ချက်များ၊ သပြေကုန်းတိုက်နယ်ဆေးရုံအတွက် ထရန်စဖော်မာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**


## ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း၊ အမှတ်(၈)အထည်စက်ရုံ(ပျော်ဘွယ်)တွင်ရှိသော ချည်(၅)မျိုးအား မျက်မြင်အခြေအနေအတိုင်းရောင်းချမည်ဖြစ်ပါသည်။

၂။ **ရောင်းချမည့်ပစ္စည်း** - ၁/၄၀ ဘီးဖြီးချည် ၁/၄၀ချည် ၁/၂၀ချည် ၁/၂၁ ချည် ၁/၁၆ချည်

၃။ **ဈေးပြိုင်ရောင်းချမည့်ရက်** - ၂၀-၂-၂၀၁၅ရက်

၄။ **ဈေးပြိုင်ရောင်းချမည့်အချိန်** - နံနက် ၉း၀၀နာရီ

၅။ **ဈေးပြိုင်ရောင်းချမည့်နေရာ** - အမှတ်(၈)အထည်စက်ရုံ(ပျော်ဘွယ်)ပျော်ဘွယ်မြို့

၆။ အသေးစိတ်အချက်အလက်များအား ဖုန်း-၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၃၆၉၊ ၀၆၇- ၄၀၈၂၁၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အထည်အလိပ်လုပ်ငန်း**

## ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းစက်ရုံများမှ ထုတ်ကုန်ပစ္စည်းများကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း ရောင်းချမည်ဖြစ်ပါသည်-

၂။ **ရောင်းချမည့်ပစ္စည်းမှာ** - ချည်မျှင်များ၊ ပိတ်ကြမ်းများ၊ အဖြူချွတ်ဆေးဆိုး၊ ပန်းရိုက်ပိတ်များ၊ ကျားဝတ် ချုပ်ထည်များ၊ မဝတ်ချုပ်ထည်များ၊ သင်္ကန်းဒွိစုံအမျိုးမျိုး၊ အသင့်ချုပ်ပြီး နိုင်ငံတော်အလံ အမျိုးမျိုးနှင့် အခြားချုပ်ထည်များ၊ အလေအလွင့်ပစ္စည်းများ

၃။ **ဈေးပြိုင်ရောင်းချမည့်ရက်** - ၁၇-၂-၂၀၁၅ ရက် (အင်္ဂါနေ့)

၄။ **ဈေးပြိုင်ရောင်းချမည့်အချိန်** - နံနက် ၉း၀၀ နာရီ

၅။ **ဈေးပြိုင်ရောင်းချမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၃၆၉၊ ၀၆၇-၄၀၈၂၁၃၊ ၀၁-၅၅၄၁၇၇၊ ၀၁-၅၅၈၃၃၆၊ ၀၁-၆၆၀၄၁၀တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အထည်အလိပ်လုပ်ငန်း**

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ခရိုင်အင်ဂျင်နီယာမှူးရုံး**
**မော်လိုက်ခရိုင်၊ မော်လိုက်မြို့**
**ပစ္စည်းတင်ဒါခေါ်ယူခြင်း (အမှတ်-၇)**

၁။ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံး၊ မော်လိုက်ခရိုင်မှဆောင်ရွက်လျက်ရှိသော ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တတိယပတ်(၃)လပတ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်(ဖြည့်စွက်) လုပ်ငန်းများတွင် အသုံးပြုရန် အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများအား(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် |
| --- | --- |
| ၁။ | ဘိလပ်မြေ (အပါချီ/ထိုင်းဆင်) |
| ၂။ | သံချောင်းရှယ်စုံ (MEC) (Export) |
| ၃။ | မြစ်သဲ |
| ၄။ | ကျောက်စရစ် |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၇-၁-၂၀၁၅ရက်
**တင်ဒါပုံစံရောင်းချမည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လိုက်မြို့၊ ဖုန်း-၀၇၃-၄၂၁၀၄
**နောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - ၉-၂-၂၀၁၅ရက်၊ မွန်းတည့် ၁၂း၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၉-၂-၂၀၁၅ရက်၊ မွန်းလွဲ ၁၄း၀၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လိုက်မြို့

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ မော်လိုက်မြို့၊ ဖုန်း-၀၇၃-၄၂၁၀၄၊ ၀၇၃-၄၂၀၄၈**

## မန္တလေးအသင်း(ရန်ကုန်) အသင်းတိုက်သစ်ဖွင့်ပွဲ ဖိတ်ကြားခြင်း

မန္တလေးအသင်း(ရန်ကုန်)အား အမှတ်(၆၂၈/၆၃၂) ပထမထပ် (Royal Riverview Condo) ကုန်သည်လမ်း၊ ၂၉ လမ်းနှင့် လမ်း ၃၀ကြား၊ ပန်းဘဲတန်းမြို့နယ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီးဖြစ်ပါ၍ အသင်းတိုက်သစ်ဖွင့်ပွဲ အခမ်းအနားအား ၇-၂-၂၀၁၅ရက် (စနေနေ့) နံနက် ၉း၃၀ နာရီတွင် အသင်းတိုက်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အသင်းသူ/ အသင်းသားများ ရန်ကုန်မြို့ရောက် မန္တလေးသူ/မန္တလေးသားများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကြွရောက်လာသောဧည့်ပရိသတ်များအား ခိုတောင်မုန့်တီ၊ ခနုံထုပ်နှင့် မြန်မာမုန့်များအပြင် တေးဂီတ၊ အဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေပါမည်။

**အမှုဆောင်အဖွဲ့**
**ဖုန်း-၃၈၈၆၀၃၊ ၃၇၅၅၉၄**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လမ်းတံတားလုပ်ငန်းများတွင်မြေလမ်း(၁၄/၀မိုင်)၊ ကျောက်လမ်း(၁၀/၀)မိုင်၊ ကတ္တရာလမ်း(၃/၅)မိုင်၊ သံကူကွန်ကရစ်တံတား(၉၈၀)ပေ၊ သံမဏိကြိုးတံတား (၃၇၀) ပေ၊ သစ်သားတံတား(၆၃၀)ပေ၊ ချဉ်းကပ်လမ်း(၃)ခု၊ သောက်သုံးရေရရှိရေးလုပ်ငန်း (၂၂)ခု၊ စွမ်းအင်လုပ်ငန်းတွင် ရေအားလျှပ်စစ်(၁)ခု၊ တစ်အိမ်သုံးဆိုလာ(၁၁၀၀)စုံ၊ သာသနာရေးလုပ်ငန်းတွင် ဘုန်းကြီးကျောင်း(၆)ကျောင်း၊ ဓမ္မာရုံ (၁)ခု၊ သိမ် (၂)ကျောင်းနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လမ်းတံတားလုပ်ငန်းတွင် ဆိုင်ကယ်လမ်း (၁၀၀/၀)မိုင်၊ ပညာရေးလုပ်ငန်းတွင် အမက(၂၆)ကျောင်း၊ ရေရရှိရေးလုပ်ငန်းတွင် သောက်သုံးရေရရှိရေးလုပ်ငန်း(၂၂)ခု၊ စိုက်ပျိုးရေရှိရေးလုပ်ငန်း(၃၅/၅)မိုင်၊ စွမ်းအင်လုပ်ငန်းတွင် ရေအားလျှပ်စစ်(၃)ခု၊ တစ်အိမ်သုံးဆိုလာ(၇၆၆)စုံ၊ စိုက်ပျိုးမြေဖော်ထုတ်ခြင်း(၉၀)ဧက၊ သာသနာရေးလုပ်ငန်းတွင် စေတီ(၁)ဆူ၊ နာဂရိုးရာနှစ်သစ်ကူးပွဲကြည့်စင်(၁)ခု ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၂၈-၁-၂၀၁၅ရက်မှစတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးပြည်နယ်/ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးတွင်ရယူ၍ အောက်ပါအတိုင်းတင်သွင်းနိုင်ပါသည်-

(က) **လျှောက်လွှာတင်သွင်းရက်** - ၂၈-၁-၂၀၁၅ ရက်မှ ၂၇-၂-၂၀၁၅ ရက်အထိ

(ခ) **လျှောက်လွှာတင်သွင်းရမည့်နေရာ** - ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး မုံရွာမြို့

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသော လျှောက်လွှာများကိုထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၂၆၉၉ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

လားရှိုးမြို့၊ ရပ်ကွက်၄၊ နယ်မြေ ၁၆၊ ရတနာပုံလမ်းနေ ဦးညီညီလွင်-ဒေါ်ဝင်းကြည်တို့၏သား မောင်အောင်ဆန်းဦးသည် မိဘဆိုဆုံးမစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ယနေ့မှစ၍သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ (နောက်နောင်တွင် ၄င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို တာဝန်မယူပါ။) စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးညီညီလွင်-ဒေါ်ဝင်းကြည်**

# ရုပ်ရှင်ရုံများကို အသက်သွင်းသည့်အခါ...

သတင်းဆောင်းပါး – ခင်ရတနာ
ဓာတ်ပုံ – တင်စိုး(မြန်မာ့အလင်း)

"အသက် ၁၇ နှစ်လောက်မှာ ရုပ်ရှင်ကြည့်ဖို့ လက်မှတ်တန်းစီရင်း စဉ်းစားမိတယ်။ ဒီလောက်တောင် လူစိတ်ဝင်စားတာ ငါမင်းသားဖြစ်ရင်ကောင်းမယ်လို့။ တဖြည်းဖြည်းနဲ့ တစ်ခေတ်ပြီးတစ်ခေတ် ပြောင်းလာလိုက်တာ အခုအချိန်မှာတော့ ရုပ်ရှင်ရုံတွေလည်းရှားလာပြီး ကြည့်သူလည်း ကျဲကျဲသာတွေ့ရတော့တယ်" ဟု အကယ်ဒမီ ဦးညွန့်ဝင်းက ရုပ်ရှင်ရုံလောကအကြောင်းကို လှစ်ဟပြသည်။

မှန်ပါသည်။ တစ်ခေတ်တစ်ခါက ရုပ်ရှင်ရုံများ လက်ညှိုးထိုးမလွဲအောင် ရန်ကုန်မြို့တွင် ပေါများခဲ့ဖူးသည်။ သမိုင်းမှတ်တမ်းများအရ ၁၉၀၀ ပြည့်နှစ်တွင် အိန္ဒိယမှရုပ်ရှင်ရုံလုပ်ငန်းများ မြန်မာနိုင်ငံသို့ ဝင်ရောက်လာခဲ့ပြီး ၁၉၆၈ ခုနှစ်တွင် မြန်မာ့ရုပ်ရှင်မှာရွှေတစ်ခေတ်ဖြစ်ခဲ့သည်အထိ အောင်မြင်မှုမှတ်တိုင်များရရှိကာ ရုပ်ရှင်လက်မှတ်တစ်စောင် ဝယ်ယူခွင့်ရရှိရန် အကြိတ်အနယ်တိုးဝှေ့ဝယ်ယူခဲ့ကြရဖူးသည်။ တစ်ကားဆိုလည်း တစ်ကား ပြည်သူများ၏ အသည်းတွင် စွဲကျန်သည်အထိ မှတ်ကျောက်တင်နိုင်သော သရုပ်သဏ္ဍာန် ပီပြင်ခဲ့ကြသူ ပညာရှင်များပင်။

၁၉၆၈ ခုနှစ်နောက်ပိုင်းကာလများတွင် ရုပ်ရှင်ရုံပေါင်း ၁၈၂ ရုံကို ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ပြီး အပြီးရောင်းချခြင်း၊ နှစ်ရှည်ငှားရမ်းခြင်းများ ဆောင်ရွက်ခဲ့ကာ ရုပ်ရှင်ရုံငါးရုံကို ထပ်မံတည်ဆောက်နိုင်ခဲ့သော်လည်း လက်ရှိတွင် အဆင့်မီနိုင်ငံပိုင်ရုပ်ရှင်ရုံမှာ ၂၇ ရုံသာရှိတော့သည်။ ထို့အပြင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လက်ရှိရုပ်ရှင်ပြသနေသည့် ရုပ်ရှင်ရုံစုစုပေါင်း ၈၂ ရုံသာရှိပြီး အများစုမှာ ရန်ကုန်နှင့် မန္တလေးတို့တွင်သာ ရှိတော့သည်။

"ရန်ကုန်မှာ အဆင့်မြင့် ၁၅ ရုံ၊ အဆင့်မီငါးရုံနဲ့ သာမန်ရုံသုံးရုံရှိပါတယ်။ မန္တလေးမှာ အဆင့်မြင့်ငါးရုံ၊ အဆင့်မီနှစ်ရုံနဲ့ သာမန် ရှစ်ရုံသာရှိတော့တယ်။ နေပြည်တော်မှာ အဆင့်မီသုံးရုံရှိပြီး တနင်္သာရီတိုင်းဒေသကြီးနဲ့ မွန်ပြည်နယ်တွေမှာ အဆင့်မြင့် ရုပ်ရှင်ရုံတစ်ရုံစီရှိပေမယ့် ကျန်တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာ တစ်ရုံမှမရှိပါဘူး။ ရခိုင်ပြည်နယ်မှာဆိုရင် ရုပ်ရှင်ရုံတစ်ရုံသာရှိတယ်" ဟု လက်ရှိရုပ်ရှင်ရုံအနေအထားကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက ပြောကြားသည်။

၁၉၈၈ ခုနှစ်နောက်ပိုင်းမှစတင်ကာ ရုပ်ရှင်လုပ်ငန်း အောင်မြင်မှု အားလျော့လာခဲ့ပြီး ရုပ်ရှင်ဇာတ်ကားပိုင်းဆိုင်ရာတင်ဆက်မှု အားနည်းချက်များရှိလာခြင်း၊ ဇာတ်ကားတစ်ကား ရိုက်ကူးပြီးစီးချိန်နှင့် ပြသခွင့်ရရှိချိန် ကွာဟမှုများပြားလာခြင်း၊ ခေတ်မီစက်ကိရိယာ သုံးစွဲမှုအပိုင်း အမီလိုက်ပါနိုင်မှုမရှိခြင်း စသည့်ရုပ်ရှင်လောက အခက်အခဲများကြောင့် ပြည်သူများ မျှော်လင့်ချက်မဲ့လာချိန်တွင် အသစ်ထွက်ပေါ်လာခဲ့သည့် ရုပ်သံမီဒီယာ

**သရီး–ဒီရုပ်ရှင်ရုံတစ်ခုတွင် ကြည့်ရှုနေကြသူများကို တွေ့ရစဉ်။**

များ၊ ဗီဒီယိုဇာတ်ကားများကြောင့် ရုပ်ရှင်တစ်ခေတ် ကွယ်ပျောက်လုဖြစ်ခဲ့ရသည့်အပြင် ထုတ်လုပ်သူများမှာလည်း အရှုံးခံထုတ်လုပ်နေကြရသဖြင့် ရုပ်ရှင်ရုံများ၏ ကဏ္ဍသည်လည်း မှေးမှိန်လာခဲ့ရကြောင်း အကယ်ဒမီ ဒါရိုက်တာ ဦးအောင်မြင့်မြတ်က ပြောကြားသည်။

ယနေ့ကာလတွင် ရုပ်သံလိုင်းပေါင်း ၈၀ ကျော်အထိ တိုးမြှင့်ပြသလာနိုင်ပြီး မိမိအိမ်တွင် ခံစားကြည့်ရှုနိုင်သည်အထိ အရုပ်နှင့်အသံစနစ်ကောင်းမွန်သည့် ဟုမ်းသီရေတာများကို ဈေးနှုန်းသက်သာစွာ ဝယ်ယူလာနိုင်ခြင်း၊ အင်တာနက်မှတစ်ဆင့် ရုပ်ရှင်ကားများ တိုက်ရိုက်ကြည့်ရှုနိုင်ခြင်းများကြောင့် ရုပ်ရှင်ရုံများသို့ လူလာရောက်မှု အားနည်းရခြင်းလည်း ဖြစ်သည်။

" ရုပ်ရှင်ဆိုတာ ထုတ်ကုန်မဟုတ်ပါဘူး။ သူက နာမ်ရှိ အနုပညာအသိုက်အမြုံတစ်ခုပါ။ ရုပ်ရှင်ဇာတ်ကားတစ်ကားကို လူတွေအများကြီးစုပေါင်းပုံဖော် အသက်သွင်းထားရတာ။ အနုပညာကို ကုန်စည်တစ်ခုလို ဖြတ်တောက်မှုတွေဖြစ်ပေါ်လာတဲ့အခါ တစ်ဝက်တစ်ပျက်အနုပညာပဲဖြစ်လာတယ်။ တစ်နှစ်အတွင်း စာရင်းဝင်ဖို့အတွက် နယ်ရုပ်ရှင်ရုံတွေမှာ အရင်ပြရတယ်။ ရုပ်ရှင်တစ်ကားရဲ့ ရိုက်ကူးစရိတ်က သိန်းရာ၊ ထောင်ရှိပါတယ်။ အားလုံးက ခံစားချက်နဲ့ လုပ်နေကြရတာပါ။ အခုအချိန်မှာ နောက်ကြောင်းက ရွှေခေတ်အကြောင်းကိုလည်း မပြောလိုတော့သလို ဖြတ်သန်းခဲ့ရတဲ့ ကြမ်းတမ်းတဲ့လမ်းတွေအကြောင်းလည်း မပြောချင်တော့ပါဘူး။ ရှေ့ဆက်ပြီး ကျွန်တော်တို့ ပြုပြင်ပြောင်းလဲရမှာက ပထမဆုံး အဆင့်အတန်းမီတဲ့ ရုပ်ရှင်ဇာတ်ကားတွေ ရိုက်ကူးကြမယ်။ အဆင့်မြင့်ရုပ်ရှင်ရုံတွေ ပေါ်ထွက်လာအောင် ကြိုးပမ်းဖို့နဲ့ နိုင်ငံတကာဈေးကွက်အထိ ခြေဆန့်နိုင်တဲ့ ရုပ်ရှင်တွေ ထွက်ပေါ်လာဖို့လိုအပ်တယ်"ဟု ဦးအောင်မြင့်မြတ်က ပြောကြားသည်။

လက်ရှိတွင် ရုပ်ရှင်ဇာတ်ကားတစ်ကားကို ဝင်ငွေရရှိစေရန်အတွက် မင်္ဂလာအုပ်စုရုပ်ရှင်ရုံများတွင် ပြသခြင်း၊ ရန်ကုန်မြို့ပတ်ရုပ်ရှင်ရုံများတွင် ပြသခြင်းနှင့် မြန်မာနိုင်ငံ အထက်ပိုင်း ရုပ်ရှင်ရုံများတွင် ပြသခြင်း၊ မြန်မာနိုင်ငံ အောက်ပိုင်း ရုပ်ရှင်ရုံများတွင်ပြသခြင်း ရုပ်ရှင်ပြသပြီး တစ်နှစ်အကြာ ဗီဒီယိုအဖြစ် ပြန်လည်ဖြန့်ချိခြင်း၊ ဗီဒီယိုဖြင့်ပြသပြီး တစ်နှစ်အကြာ ရုပ်သံဌာနများသို့ ရောင်းချခြင်းများဖြင့် အဆင့်ဆင့်ဝင်ငွေရရှိစေရန် ဆောင်ရွက်လျက်ရှိကြကြောင်း ရုပ်ရှင်ထုတ်လုပ်သူများထံမှ သိရသည်။

"ရုပ်ရှင်ဇာတ်ကားတွေ ပြသဖို့အတွက် ကျွန်တော်တို့ အားထားနေရတာကတော့ မင်္ဂလာရုပ်ရှင်ရုံအုပ်စုဖြစ်ပါတယ်။ လက်ရှိမြန်မာနိုင်ငံမှာ ပြသနေတဲ့ ရုပ်ရှင်ရုံ ၈၁ ရုံအနက် မင်္ဂလာရုံအုပ်စုမှာ ၁၃ ရုံပါဝင်တယ်။ ဒီဂျစ်တယ်ပိတ်ကား ၂၂ ချပ်အထိ ရှိနေပါတယ်။ ကျွန်တော်တို့ လေ့လာဆန်းစစ်မှုတွေအရ ဈေးကွက်မှာ နိုင်ငံခြားဇာတ်ကားတွေရော မြန်မာဇာတ်ကားတွေရော နိုင်ငံတကာနဲ့ တန်းတူ ပြသနိုင်တယ်။ သူတို့ဆီကနေ ရုပ်ရှင်ဇာတ်ကား ဝင်ငွေရဲ့ ၄၀ ရာခိုင်နှုန်းကနေ ၆၀ ရာခိုင်နှုန်းအထိ ပြန်ရတတ်တယ်"ဟု စိန်ဒြေးရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးမှ ဦးဝင်းကြည်က ပြောကြားသည်။

သို့သော် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အဆင့်မီ ရုပ်ရှင်ရုံများ ထွက်ပေါ်လာစေရန်နှင့် တည်ရှိပြီးသော ရုပ်ရှင်ရုံဟောင်းများကို အဆင့်မြှင့်တင်ရန်အတွက်မှု များစွာလိုအပ်နေသေးကြောင်း မြန်မာ့ရုပ်ရှင်မြှင့်တင်ရေး ဦးစီးဌာနမှ သိရသည်။

"နိုင်ငံတကာအဆင့်မီ ဒီဂျစ်တယ်ရုပ်ရှင်ရုံတွေ အများကြီး ထွက်ပေါ်လာဖို့ လိုအပ်နေပါသေးတယ်။ ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေဖို့ ရုပ်ရှင်ရုံတွေရဲ့ အဆင့်အတန်းကလည်း အလွန်အရေးပါပါတယ်။ လက်ရှိမှာ ဒီဂျစ်တယ် ရုပ်ရှင်ရုံတွေ ထွက်ပေါ်လာနိုင်ပြီဆိုပေမယ့် ပြသမှုအပိုင်းမှာ လိုအပ်ချက်၊ အားနည်းချက်တွေ ရှိနေပါသေးတယ်။ ဦးစီးဌာနအနေနဲ့ကတော့ ရုပ်ရှင်ရုံလုပ်ငန်း လုပ်ကိုင်လိုသူ ရင်းနှီးမြှုပ်နှံလိုသူတွေကို ပူးပေါင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်ကနေ နှစ်ရှည်ငှားရမ်းထားတဲ့ ရုပ်ရှင်ရုံတွေနဲ့ ပုဂ္ဂလိကပိုင်ရုပ်ရှင်ရုံတွေကို ဒီဂျစ်တယ်စနစ်နဲ့ ပြသနိုင်တဲ့ရုံတွေအဖြစ် ကြပ်မတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ရုပ်ရှင်ချစ်ပရိသတ်တွေကြည့်လိုတဲ့ အရည်အသွေးပြည့်မီတဲ့ နိုင်ငံတကာစံချိန်မီ ဒီဂျစ်တယ်ရုပ်ရှင်ရုံတွေမှာ အနားယူကြည့်ရှုအပန်းပြေစေဖို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနဲ့ လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပြီး ရုပ်ရှင်ဥပဒေအခန်း(၃)နဲ့ အခန်း(၆)တို့အရ ထုတ်ပြန်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု မြန်မာ့ရုပ်ရှင်မြှင့်တင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

တိုးတက်ခေတ်မီလာသည့် ဒီဂျစ်တယ်ခေတ်တွင် မြန်မာနိုင်ငံအတွင်းမှ ရုပ်ရှင်ရုံများကိုလည်း ဒီဂျစ်တယ်အသွင်သို့ ကူးပြောင်းရန် ကြိုးပမ်းလာသည်မှာ ကောင်းမွန်သော ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်သော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် အဆင့်မြင့်ဒီဂျစ်တယ် ရုပ်ရှင်ရုံစုစုပေါင်းမှာ ၂၅ ရုံသာ ရှိနေသေးသည်ဖြစ်ရာ ဒီဂျစ်တယ်စနစ်အသွင်ဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအထိ ကူးပြောင်းနိုင်ရေး အလှမ်းဝေးနေသေးကြောင်း ရုပ်ရှင်လောကသားများထံမှ မှတ်ချက်ပြုသံကိုလည်း ကြားသိရသည်။ ။

**"အသစ်ထွက်ပေါ်လာသည့် ရုပ်သံမီဒီယာများ၊ ဗီဒီယိုဇာတ်ကားများကြောင့် ရုပ်ရှင်တစ်ခေတ် ကွယ်ပျောက်လုဖြစ်ခဲ့ရ...."**


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တင်ဒါခေါ်ယူရေးအဖွဲ့**
**မွန်ပြည်နယ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်အတွင်း သိမ်းဆည်းရမိသော တရားရုံးပြီးပြတ်မော်တော်ယာဉ် (၁၅၀)စီးအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများအနေဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂-၂-၂၀၁၅ ရက်၊ ၀၉:၀၀ နာရီ (တနင်္လာနေ့)

**တင်ဒါပိတ်မည့်ရက်** - ၁၃-၂-၂၀၁၅ ရက်၊ ၁၆:၀၀ နာရီ (သောကြာနေ့)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၀၅၇-၂၄၆၁၁(မွန်ပြည်နယ်စီမံကိန်းဦးစီးရုံး)
၀၅၇-၂၄၉၀၁

**တင်ဒါခေါ်ယူရေးအဖွဲ့**
**မွန်ပြည်နယ်**



**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန် စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့်စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂-၂-၂၀၁၅ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၆-၂-၂၀၁၅ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**



**SKK Family Construction Co.,Ltd. တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အမြန်အလိုရှိသည်။**

၁။ **Driver** ကျား(၂)ဦး

လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။

၂။ **သန့်ရှင်းရေး** မ(၁)ဦး

အလုပ်လျှောက်လိုသူများသည် ကြော်ငြာပါသည့်ရက်မှစ၍ CV Form, လိုင်စင်ဓာတ်ပုံ သုံးပုံ၊ အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ နှစ်ပတ်အတွင်း အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ် ၁၈၄၊ ကျွန်းရွှေမြိုင်လမ်း၊ ၂၃ ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၇၇၁၇၅၊ ၀၉-၂၅၀၂၇၉၀၉၉၊ ၀၉-၇၉၅၉၄၈၃၅၀၊ ၀၉-၄၂၈၁၄၆၅၁၀



## မသန်စွမ်းသူများအတွက်(အထူး)အခွင့်အရေးကောင်း အသက်မွေးဝမ်းကျောင်းပညာ သင်တန်းသား/သူခေါ်ယူခြင်း

အကူအညီပေးရေးနှင့် ပြန်လည်ထူထောင်ရေးအသင်း AAR Japanမှ အဆင့်မြင့်ဂျပန်နည်းပညာစက်ချုပ်၊ ဆံသအလှပြုပြင်ခြင်းနှင့် ကွန်ပျူတာ သင်တန်းများကို တစ်နှစ်လျှင်(၃)ကြိမ်အခမဲ့ဖွင့်လှစ် သင်ကြားလျက်ရှိပါသဖြင့် ကိုယ်အင်္ဂါမသန်စွမ်းသူများနှင့် အကြားအာရုံအားနည်းသူများအသက်(၁၈)နှစ်မှ (၄၀)အတွင်း လျှောက်ထားနိုင်ပါသည်။သင်တန်းကာလအတွင်း အဆောင်တွင် နေထိုင်နိုင်သူဖြစ်ရမည်။သင်တန်းသား/ သူတစ်ဦးချင်းစီ၏ မသန်စွမ်းမှုအလိုက် ဆရာ/ဆရာမများနှင့် အဆောင်မှူးများမှ ကြီးကြပ်သင်ကြားလျက်ရှိပါသည်။ လျှောက်လွှာများကို AAR Japan အသက်မွေးဝမ်းကျောင်းတွင် အခမဲ့ရယူနိုင်ပါသည်။

လျှောက်လွှာများကို တစ်နှစ်ပတ်လုံးလက်ခံလျက် အပတ်စဉ်တိုင်းတွင် ထည့်သွင်းစဉ်းစားပေးပါသည်။

**ဒုတိယအပတ်စဉ် ၂၀၁၅ ခုနှစ်သင်တန်းအတွက်**

**လျှောက်လွှာပိတ်မည့်ရက်** - ၂၇-၂-၂၀၁၅ရက်

**သင်တန်းကာလ** - ၄-၅-၂၀၁၅ ရက်မှ ၁၄-၈-၂၀၁၅ ရက်အထိ

**ဆက်သွယ်စုံစမ်းရန်လိပ်စာ** - **AAR Japan မသန်စွမ်းသူများအတွက် သက်မွေးလုပ်ငန်းပညာသင်ကျောင်းအမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၉၆၆၁၇၁၂(AAR Japan)၊ ၀၉-၂၅၄၃၄၃၇၀၁**



## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(၁)၊ နဝမတန်း (J)မှ မောင်ရန်နိုင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းလှိုင်ဖြစ်ပါသည်။

**ဦးထွန်းလှိုင်**



## အမည်ပြောင်း

ဦးဇော်ဝင်း၏သမီး ပြင်ဦးလွင်မြို့၊ ပိန္နဲကုန်းမူလွန်ကျောင်း၊ ပဉ္စမတန်းမှ မဇင်မာနွေးအား ဆုမြတ်ချယ်သင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ဆုမြတ်ချယ်သင်း**



## မွေးသက္ကရာဇ်အမှန်

မြိတ်မြို့၊ အထက်ရေပုန်းရပ်နေ ဦးသိန်းစိုး၏သမီး မယဉ်ဝေစိုး၏ မွေးသက္ကရာဇ်အမှန်မှာ ကျောင်းဝင်မှတ်ပုံတင်စာရင်းအရ ၃၁-၁၂-၁၉၉၈ ဖြစ်ပါကြောင်း။

**မယဉ်ဝေစိုး ၆/မမန(နိုင်)၂၁၁၁၁၅**



## အမည်ပြောင်း

ဦးကျော်သန်းဝင်း၏သား အမက(၂၆) ပဉ္စမတန်း(A)မှမောင်ရှိုင်းမင်းအောင်အား မောင်စံထွန်းအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်စံထွန်းအောင်**

# နွားနို့ဈေးကျ၍ မွေးမြူရေးသမားများအရှုံးပေါ်

တိုက်ကြီး ဇန်နဝါရီ ၃၁

ဇန်နဝါရီလအတွင်းမှစ၍ နွားနို့ဈေးနှုန်းလျော့ကျလာသဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နို့စားနွားအများဆုံးမွေးမြူသော မြို့နယ်များဖြစ်သည့် တိုက်ကြီး၊ မှော်ဘီ၊ ထောက်ကြံ့၊ မင်္ဂလာဒုံနှင့် ရွှေပြည်သာမြို့နယ်များမှ နို့စားနွားမွေးမြူသူများ အရှုံးနှင့်ရင်ဆိုင်နေကြရကြောင်း သိရသည်။

အဆိုပါမြို့နယ်များမှ နွားမွေးမြူသူများထံမှ နွားနို့များကို ဒဂုံနို့ချက်စက်ရုံ(ပျဉ်းမပင်)က တပ်မတော်ရိပ်သာ နွားနို့၊ နို့ဆီထုတ်လုပ်ရန် နေ့စဉ်ပုံမှန်ဝယ်ယူလျက်ရှိရာမှ ဝယ်ယူမှုလျော့နည်းသွားခြင်း ဖြစ်ကြောင်း သိရသည်။ နို့ချက်စက်ရုံကတော့ နွားနို့တစ်ပိဿာကို ငွေကျပ် ၇၀၀ ဈေးနဲ့ ဝယ်တယ်။ စက်ရုံကမယူတဲ့ နွားနို့ကို အပြင်ထုတ်ရောင်းတော့ တစ်ပိဿာကို လေးရာ၊ ငါးရာကျပ်ပဲရတယ်။ တစ်ခါတလေ မကုန်လို့ ချဉ်သွားပြီး သွန်ပစ်ရတယ်။ ကျွန်တော်တို့ နွားနို့သမားတွေအနေနဲ့ နောက်ထပ်ကုမ္ပဏီက နို့ချက်စက်ရုံတစ်ရုံ ထပ်တည်ထောင်ဖို့ မျှော်လင့်နေပါတယ်ဗျာ” ဟု တိုက်ကြီးမြို့နယ်မှ နို့စားနွားမွေးမြူသူတစ်ဦးက ပြောသည်။

ဒဂုံနို့ချက်စက်ရုံ(ပျဉ်းမပင်)က နွားနို့များဝယ်ယူရာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သောနွားနို့လျာထားချက် ပြည့်မီသွားသဖြင့် ဇန်နဝါရီလအတွင်း နွားနို့ဝယ်ယူမှု ရပ်ဆိုင်းသွားကြောင်း၊ သို့သော် နွားနို့ပေးသွင်းသူများကို ငဲ့ညှာသောအားဖြင့် ဆက်လက်ဝယ်ယူခွင့်ပြုပါရန် မြန်မာ့စီးပွားရေးရုံးချုပ်သို့ တင်ပြခဲ့ရာ တစ်လလျှင် နွားနို့ပိဿာချိန်တစ်သိန်းသာ ဆက်လက်ဝယ်ယူရန် ခွင့်ပြုခဲ့သဖြင့် ဇန်နဝါရီလအတွင်းမှစ၍ တစ်ရက် ပျမ်းမျှ ၃၂၂၅ ပိဿာကိုသာ ဝယ်ယူခဲ့ကြောင်း သိရသည်။

နွားနို့ဝယ်ယူမှု ယခင်ထက်လျော့ကျသွားသဖြင့် နွားနို့သွင်းနေသူအားလုံး မျှတစွာသွင်းနိုင်ရေးအတွက် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း နို့ပေးသွင်းသူအားလုံး တစ်ဦးချင်းပေးသွင်းခဲ့သည့်နှုန်းအပေါ် အခြေခံတွက်ချက်၍ ဝယ်ယူခဲ့ကြောင်း၊ တစ်ဦးချင်း ပုံမှန်ပေးသွင်းသည့် ပိဿာချိန်ထက် ၂၀ ရာခိုင်နှုန်းလျှော့၍ ဝယ်ယူလျက်ရှိကြောင်း သိရသည်။ ဇန်နဝါရီလအတွက် ဝယ်ယူမည့် ပိဿာတစ်သိန်း သတ်မှတ်ချက်မှာမူ ပြည့်သွားပြီဖြစ်သဖြင့် တစ်ရက်လျှင် ၃၂၂၅ ပိဿာ ဝယ်ယူရမည့်အစား ပိဿာ ၁၅၀ မှ ၃၀၀၀ အထိသာ ဝယ်ယူလျက်ရှိသဖြင့် နွားနို့သွင်းသူများအနေဖြင့် ပိုနေသောနွားနို့များကို ပြင်ပတွင် ရသည့်ဈေးဖြင့် ရောင်းပစ်နေရခြင်း ဖြစ်ကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

# ကန်ညီနောင်ကန်ရေထိန်းတံခါး ပြန်လည်တည်ဆောက်ရန် ကွင်းဆင်းစစ်ဆေး

အင်းတော် ဇန်နဝါရီ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နံ့သာကျေးရွာအုပ်စု အောင်းကုန်းကျေးရွာအနီးရှိ ကန်ညီနောင်ကန် ရေထိန်းတံခါးကို စနစ်တကျ ပြန်လည်တည်ဆောက်ရန်အတွက် တာဝန်ရှိသူများက ဇန်နဝါရီ ၂၇ ရက်တွင် ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

ယင်းကန်ညီနောင်ကန်၏ မူလရေထိန်းတံခါးမှာ ပျက်စီးနေခြင်း၊ ရေတံခါး၏ ရေထုတ်တံခါး Sill Level (ရေထုတ်အောက်ခံ ရေပြင်ညီ)သည် မြင့်နေခြင်းနှင့် ရေတံခါး၏ သစ်သားချပ်များ စနစ်မကျခြင်းတို့ကို စနစ်တကျ ပြန်လည်တည်ဆောက်နိုင်ရန်အတွက် အင်းတော်မြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးတင်မြင့်နှင့် ကန်ညီနောင်ကန် ရေထိန်းတံခါး စနစ်တကျ ပြန်လည်တည်ဆောက်ရေးကော်မတီအဖွဲ့က ကွင်းဆင်းကြည့်ရှုခဲ့ခြင်း ဖြစ်သည်။

ကန်ညီနောင်ကန်သည် မိုးစပါးစိုက်ဧက ၅၃၂ နှင့် နွေစပါးစိုက်ဧက ၂၀၀ ခန့်တို့ကို ဖြည့်စွက်ရေပေးဝေရာတွင် မလုံလောက်ခြင်း၊ ရေထိန်းတံခါးတည်ဆောက်ထားမှု စနစ်ကျမှုမရှိခြင်းတို့ကြောင့် တောင်သူဦးကြီးများ စိုက်ပျိုးရေအခက်အခဲများကို ဖြေရှင်းရန်အတွက် ကန်ညီနောင်ကန်ရေထိန်းတံခါးကို ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူပြီး တိုင်းဒေသကြီးရန်ပုံငွေဖြင့် စနစ်တကျ ပြန်လည်တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ ခင်မောင်ဆွေ(မော်လူး)

# ထားဝယ်တက္ကသိုလ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

ထားဝယ် ဇန်နဝါရီ ၃၁

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်တက္ကသိုလ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဇန်နဝါရီ ၂၉ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဘဟန်က အမှာစကားပြောကြားပြီး ဥပဒေအရာရှိ ဒေါ်ဝါဝါချိုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ဥပဒေရေးရာ သိကောင်းစရာများကိုလည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဘအေးနှင့် ဦးစိုင်းဝေဠုတို့က ယာဉ်နှင့်ပတ်သက်သည့် သိသင့်သိထိုက်သည်များကိုလည်းကောင်း၊ အမှတ် (၈) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (တနင်္သာရီ) မှ ရဲမှူးစိုးဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လိုက်နာရမည့်သိမှတ်ဖွယ်ရာများကိုလည်းကောင်း ပညာပေးဟောပြောကြပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးက လက်အချက်ပြနည်းစနစ်များကို လက်တွေ့သရုပ်ပြခဲ့သည်။

ထို့နောက် ထားဝယ်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်က ပညာပေးဟောပြောကြသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ ဟောပြောပွဲသို့ ထားဝယ်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဘဟန်နှင့် ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ (ခရိုင် ပြန်/ဆက်)

# မိုးပွင့်(အထူး)စီမံချက်အကြောင်း ရှင်းလင်းပြောကြား

လားရှိုး ဇန်နဝါရီ ၃၁

လားရှိုးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးဦးလေးမောင်က မိုးပွင့်(အထူး)စီမံချက်နှင့် ပတ်သက်သော အချက်အလက်များကို လားရှိုးမြို့ အာရုံတော်ရပ်ကွက် (၄)အုပ်ချုပ်ရေးမှူးရုံးတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများအား မိုးပွင့် (အထူး) စီမံချက်သည် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများကို ရပ်ကွက်အတွင်း အသက် ၁၈ နှစ်ပြည့်သူများ စာရင်းကောက်ယူရန်ဖြစ်ကြောင်း သို့မှသာ မိုးပွင့်(အထူး) စီမံချက်လုပ်ငန်း အောင်မြင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ ဇော်လွင်(လားရှိုး)

# မြေပဲမျိုးယှဉ်ပြိုင်စမ်းသပ်ကွက် ကွင်းသရုပ်ပြ

ချောင်းဦး ဇန်နဝါရီ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ချောင်းမနားကျေးရွာအုပ်စု ကုန်းကြီးကျေးရွာ၌ ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားသောမြေပဲမျိုးများကို ဇန်နဝါရီ ၂၉ ရက်က ကွင်းသရုပ်ပြသမှု ပြုလုပ်ခဲ့သည်။

ကွင်းသရုပ်ပြရာတွင် ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်သန်းလှက ချောင်းမနားကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာအုပ်စုနှင့် ဆူးလေကုန်းကျေးရွာအုပ်စုတို့မှ တောင်သူများအား စိုက်ပျိုးထားသည့် ဆင်းပဒေသာ(၇)၊ ဆင်းပဒေသာ (၁၁)နှင့် ဆင်းပဒေသာ (၁၂)၊ YZG(၉၈၀၁၇) မြေပဲမျိုးများအကြောင်းနှင့် ပေါင်းသင်ချိန်၊ ဆေးဖျန်းချိန်များတွင် ဆောင်ရွက်ရန်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တောင်သူများက သိလိုသည်များကိုမေးမြန်းရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ရှင်းလင်းဖြေကြားသည်။

ကွင်းသရုပ်ပြပွဲသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသတွင်းကျေးရွာအုပ်စုများမှ မြေပဲစိုက်တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

## ဒုတိယရဲအုပ်လောင်းအရာရှိသင်တန်းအမှတ်စဉ်(၁၅)
(၁-၂-၁၉၈၄)- (၁-၂-၂၀၁၅)
(၃၁)ကြိမ်မြောက် သင်တန်းဆင်းနှစ်ပတ်လည်နေ့ဂုဏ်ပြုသဝဏ်လွှာ

၁-၂-၂၀၁၅ရက်တွင် ကျရောက်သည့် (၃၁)ကြိမ်မြောက်သင်တန်းဆင်းနှစ်ပတ်လည်နေ့မှစ၍ သူငယ်ချင်းအားလုံး နိုင်ငံ့တာဝန်အသီးသီးကို ကျေပွန်စွာထမ်းဆောင်နိုင်ကြပါစေရန်နှင့် စိတ်ချမ်းသာကိုယ်ကျန်းမာ၍ လိုအင်ဆန္ဒများ ပြည့်ဝပါစေကြောင်း ဆုတောင်းသဝဏ်လွှာ ပို့သအပ်ပါသည်။

လူမှုရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီ
ဒုတိယရဲအုပ်လောင်းအရာရှိ သင်တန်းအမှတ်စဉ်(၁၅)

## ဂုဏ်ယူဝမ်းမြောက်ခြင်းနှင့်အထူးကျေးဇူးတင်ရှိခြင်း

တောင်ကြီးမြို့၊ အထက(၄)မှ SAMSUNG Scholarship Quiz Program 2014 တွင် ဒုတိယဆုဆွတ်ခူးခဲ့သော မနှင်းအေးဝတ်ရည်ကို ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အထက(၄) တောင်ကြီးအတွက် (၆၃)သိန်းတန်ဖိုးရှိ ပစ္စည်းများကို လှူဒါန်းခဲ့သည့်မနှင်းအေးဝတ်ရည်နှင့် SAMSUNG COMPANY ကို အထက(၄)မိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။

ကျောင်းအုပ်ကြီးနှင့်ဆရာ/ဆရာမများ
ကျောင်းသား/ကျောင်းသူများ
မိဘဆရာအသင်းအမှုဆောင်များ
ကျောင်းအကျိုးတော်ဆောင်များနှင့်
ကျောင်းသား/ကျောင်းသူဟောင်းများ
အထက(၄)၊ တောင်ကြီးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၁၉၄၁ Shwe Mandalar L/T, P/U (4×2)® ယာဉ်လက်ဝယ်ရှိသူ ဦးတင်အေး ၉/စကန(နိုင်)၀၃၃၆၄၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

## ချောက်မြို့နယ်အသင်း(ရန်ကုန်)
## နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး
## ဖိတ်ကြားလွှာ

ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၉)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၂-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ တရားရုံးချုပ်မွှာရုံ၌ ကျင်းပပါမည်။ အသက်(၇၅)နှစ်အထက် သက်ကြီးပူဇော်ခံအသင်းဝင်များနှင့် ၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူ အသင်းဝင်များ၏ သားသမီးများသည် ၁၅-၂-၂၀၁၅ ရက် နောက်ဆုံးထား၍ အထောက်အထားများဖြင့် ဒေါက်တာဦးမောင်မောင်မြင့် ဖုန်း-၀၁-၅၅၄၀၆၇၊ ဒုတိယဗိုလ်မှူးကြီးတင်မောင်(ငြိမ်း) ဖုန်း-၀၁-၅၂၄၈၅၇၊ ဦးအောင်ကြည်မိုး ဖုန်း-၀၉-၇၃၀၄၆၃၆၂၊ ဦးမြင့်ငွေ ဖုန်း-၀၉-၅၁၄၁၇၀၈၊ ဦးမြင့်ဦး ဖုန်း-၀၉-၄၂၁၁၆၂၃၂၄၊ ဦးကျော်စိုး ဖုန်း-၀၉-၂၅၀၀၆၂၀၉၆ တို့ထံ ဆက်သွယ်စာရင်း ပေးပို့နိုင်ပါသည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းသားများနှင့် ချောက်မြို့နယ်သူ မြို့နယ်သားများ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ **(နေ့လယ်စာ ထမင်းဖြင့် ဧည့်ခံကျွေးမွေးပါမည်။)**

အမှုဆောင်အဖွဲ့၊ ချောက်မြို့နယ်အသင်း(ရန်ကုန်)

## ပေ၈၀×ပေ၁၃၀ မြေကွက်အား ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

အမှတ် (၂)လမ်းမကြီး၊ အင်းဝလမ်းဆုံမီးပွိုင့်အနီး၊ ပေ၈၀×ပေ၁၃၀၊ ရေ၊ မီးစုံ၊ ခြံခတ်ပြီး မြေကွက်အားပိုင်ရှင် ကိုယ်တိုင်ရောင်းမည်။
ဖုန်း-၀၉-၂၅၄၇၂၃၆၉၇၊ ၀၉-၉၇၅၅၂၆၆၃၆

## အိမ်/ခြံရောင်းမည်

ဟသ်ာတမြို့၊ ရုံးကြီးရပ်၊ မန်းဘခိုင်လမ်းရှိ ၇၃'×၉၀'၊ အရှေ့ရပ်မျက်နှာပြု၊ အုတ်တံတိုင်းလေးဖက်ကာရံထားသည့် ရေမီးအစုံတိုက်ခံအိမ်ကြီးပါ အိမ်ခြံရောင်းမည်။

ရောင်းဈေး သိန်း (၂၇၅၀)
အမှန်ဝယ်ယူလိုသူများသာ ဆက်သွယ်ရန်
ဖုန်း-၀၉-၂၅၃၄၉၃၂၇၃၊ ၀၉-၇၉၄၁၅၈၄၈၈

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရတနာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/ဥတ္တရသီရိရပ် ဗိုလ်မှူးချုပ်သက်နိုင် အမည်ပေါက် မြေကွက်အမှတ် (ဉ-၂၂၁၄) ပါမစ်မြေအတွက် ထုတ်ပေးထားသည့် မြေပေးမိန့်မူရင်းပျောက်ဆုံးသွားသဖြင့် မြေပေးမိန့်မိတ္တူမှန်ထုတ်ပေးပါရန် ဗိုလ်မှူးချုပ်သက်နိုင် ၉/မထလ(နိုင်)၀၄၁၈၅၈မှ လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဗိုလ်မှူးချုပ် သက်နိုင် အမည်ပေါက်မြေပေးမိန့်မူရင်းအား ပယ်ဖျက်၍ မြေပေးမိန့်မိတ္တူမှန် ထုတ်ပေးနိုင်ရေးဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နိုင်ငံတကာအားကစား

## အသင်းပြောင်းဖို့ ကြိုးစားနေတဲ့ ပေါ့ဘာ

ဂျူဗင်တပ်စ်မှာ ပွဲတိုင်းနီးပါး ခြေစွမ်းပြဂိုးသွင်းပေးနေတဲ့ ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဘာဟာ အသင်းမှာ ခြေစွမ်းပြနေပေမယ့် လာမယ့်နှစ်နှစ်အတွင်းမှာ အသင်းမှ ထွက်ခွာမယ်လို့ သူ့ရဲ့အေးဂျင့်က ပြောကြားလိုက်ပါပြီ။

အသက် ၂၁ နှစ်အရွယ်သာရှိသေးတဲ့ ပြင်သစ်နိုင်ငံသား ပေါ့ဘာဟာ ၂၀၁၂ ခုနှစ်က မန်ယူကနေ ဂျူဗီကို ရောက်လာပြီးနောက် ဒီနှစ်အတွင်း ၂၆ ပွဲ ကစားရာမှာ ရှစ်ဂိုးသွင်းယူပေးထားပါတယ်။ "ဂျူဗီက ပေါလ် ထွက်ဖြစ်ခဲ့ရင်တော့ ယခုအနေအထားအတိုင်း ထိပ်ဆုံးနေရာကို စိုးမိုးထားဖို့ မဖြစ်နိုင်တော့ပါဘူး"ဟု ၎င်းရဲ့အေးဂျင့်မင်နိုရာလိုလာက ပြောပါတယ်။ "ပေါလ်ဟာ ဒီနှစ်ကုန်မှာ ခြေစွမ်းပြဂိုးသွင်းမှုတွေနဲ့အတူ ထိပ်တန်းဂိုးသွင်းသမားအဖြစ် ရောက်ရှိလာမယ်လို့ မျှော်လင့်ပါတယ်" လို့လည်း သူကဆိုပါတယ်။ ကမ္ဘာကျော်အသင်းကြီးတွေဟာ စီရော်နယ်ဒို၊ လီယိုနယ်မက်ဆီနဲ့ အီဘရာဟင်မိုဗစ်တို့ကို မခေါ်နိုင်ပေမယ့် ပေါလ်ပေါ့ဘာကိုတော့ ခေါ်နိုင်ပါလိမ့်မယ်၊ ယခုလအစောပိုင်းကပဲ ပေါ့ဘာဟာ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဖြစ်လာလိမ့်မယ်လို့ ဂျူဗင်တပ်စ်နည်းပြ အော်လီဂရီက ဆိုပါတယ်။

## ဂျူဗင်တပ်စ်အမှတ်ပြည့်ရဦးမယ့် စီးရီးအေပွဲစဉ်(၂၁)

မိုးမြင့်
လင်းလက်

**ဒီတစ်ပတ်ရဲ့စီးရီးအေပွဲစဉ်(၂၁)ကို ဖေဖော်ဝါရီ ၁ ရက် ညပိုင်းမှာ ဆက်လက်ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာ တန်းစီဇယားထိပ်ဆုံးက ဂျူဗင်တပ်စ်ရဲ့စွမ်းအားကို ကြည့်ရမှာဖြစ်သလို တန်းစီဇယားတတိယနေရာက နာပိုလီရဲ့အားထုတ်မှုတွေကလည်း ထိရောက်မှုရှိနိုင်သလားဆိုတာ အကဲခတ်ခွင့်ရမှာဖြစ်ပါတယ်။ ဆက်ဆူအိုလိုနဲ့ အင်တာမီလန်တို့ပွဲကတော့ ပွဲကောင်းဖြစ်မှာ သေချာနေပါတယ်။**

### အူဒီးနီးစ်နှင့် ဂျူဗင်တပ်စ်

ဒီနှစ်စီးရီးအေမှာ အဝေးကွင်းတစ်ပွဲသာရှုံးထားပြီး တိုက်စစ်ရော ခံစစ်ပါ ကောင်းမွန်နေတဲ့ ဂျူဗင်တပ်စ်တို့ ဖိဖိစီးစီးကစားရင် အမှတ်ပြည့်ရယူနိုင်တဲ့ပွဲဖြစ်ပါတယ်။ အူဒီးနီးစ်ကွင်းမှာ နောက်ဆုံးငါးပွဲရလဒ်ကိုကြည့်ရင် ဂျူဗင်တပ်စ်တို့ နိုင်ပွဲချည်းရရှိခဲ့တာမို့ အိမ်ရှင်တို့ လက်ရှိကြိုးစားမှုနှုန်းနဲ့ မလွယ်ပါဘူး။ ဂျူဗင်တပ်စ်မှာ မာရိုနီ၊ အီဗရာနဲ့ အလာမိုတို့ ဒဏ်ရာရရှိနေပေမယ့် အမှတ်ပြည့်ရယူနိုင်မယ့်ပွဲပါပဲ။

### ချီယေဗိုနဲ့ နာပိုလီ

ချီယေဗိုကွင်းမှာ နာပိုလီတို့သွားရောက်ကစားခဲ့တဲ့ ငါးပွဲရလဒ်ကို ကြည့်ရင် သုံးပွဲရှုံး၊ နှစ်ပွဲနိုင်ထားပါတယ်။ ခံစစ်ပိုင်း တောင့်တင်းပြီး အမှားအယွင်းနည်းတဲ့ နာပိုလီတို့မှာ ဆစ်ဂနီ၊ မီချူးနဲ့ ဇူနီကာတို့ ဒဏ်ရာရရှိထားပေမယ့် ပုံစံကောင်းရရှိနေတာမို့ ချီယေဗိုကွင်းမှာ နာပိုလီတို့ အနိမ့်ဆုံး တစ်မှတ်တော့ မျှော်မှန်းနိုင်ပါတယ်။

### တိုရီနိုနှင့် ဆမ့်ဒိုးရီးယား

ဆမ့်ဒိုးရီးယားတို့က အဝေးကွင်းမှာ ရလဒ်ကောင်းအောင် ကြိုးစားတတ်ပြီး ခံစစ်ကိုလည်း လုံအောင်ကစားနိုင်သူတွေဖြစ်ပါတယ်။ တိုရီနိုတို့က အိမ်ကွင်းမှာ သရေပွဲများနေတာမို့ ဆမ့်ဒိုးရီးယားတို့အားထည့်ရင် အမှတ်ရနိုင်တဲ့ပွဲပါပဲ။ လောလောဆယ်မှာတော့ အိမ်ကွင်းမှာ ကစားအားတက်လာတဲ့အနေအထားလည်း ရှိလာတဲ့ တိုရီနိုကို ဆမ့်ဒိုးရီးယားတို့ သရေဆိုရင် ကျေနပ်ရမယ့်ပွဲဖြစ်ပါတယ်။

### စီဆီနာနှင့် လာဇီယို

စီဆီနာတို့နဲ့ဆုံတိုင်း လာဇီယိုတို့ ခက်ခဲစွာ ကစားခဲ့ရတာချည်းပါပဲ။ လာဇီယိုတို့က စီဆီနာကွင်းမှာဆိုရင် တစ်မှတ်ရဖို့ကို အကြိတ်အနယ်ကြိုးစားရတဲ့ အစဉ်အလာရှိတာမို့ လက်ရှိကစားရှိန်တက်နေတဲ့ လာဇီယိုဟာ အဲဒီမှတ်တမ်းကို ချေဖျက်ပြီး အမှတ်ပြည့်ယူဖို့အားထည့်ပါလိမ့်မယ်။

### အေစီမီလန်နှင့်ပါးမား

ရလဒ်တွေဆိုးရွားနေတဲ့ အေစီမီလန်ဟာ ပါးမားကို ဖိအားပေးကစားဖို့တော့ မလွယ်ပါဘူး။ ပြိုင်ဘက်တွေကို အခက်တွေ့အောင် ကစားနိုင်တဲ့ ပါးမားတို့ကလည်း အခုတလော ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေတာမို့ အေစီမီလန်တို့ ဦးစားပေးကစားသမားတွေနဲ့ ပွဲထွက်ရင် အခြေအနေကောင်းနိုင်ပါတယ်။

### ဆက်ဆူအိုလိုနှင့် အင်တာမီလန်

ဆက်ဆူအိုလိုတို့က သရေပွဲ၊ ရှုံးပွဲများနေသလို အင်တာမီလန်တို့ကလည်း နိုင်ပွဲရှားပါးနေပါတယ်။ အင်တာမီလန်မှာ နာဂါမိုတို၊ ဂျိုနသန်တို့ ဒဏ်ရာရရှိနေပေမယ့် အဝေးကွင်းမှာ ခြေစွမ်းပြနိုင်တဲ့အင်အားစုတွေရှိနေပါတယ်။ ဒီပွဲဟာ တစ်မှတ်စီခွဲယူရမယ့် အနေအထားရှိပါတယ်။

### ဂျီနိုအာနှင့် ဖီအိုရင်းတီးနား

ဖီအိုရင်းတီးနားတို့အတွက် ဒီပွဲမှာ မျှော်လင့်ချက်ထားလို့ ရနိုင်တဲ့ပွဲဖြစ်ပါတယ်။ ရှုံးပွဲဆက်နေတဲ့ ဂျီနိုအာတို့ အိမ်ကွင်းဆိုပေမယ့် အမှတ်ပြည့်ရဖို့ မလွယ်ပါဘူး။ ဖီအိုရင်းတီးနားတို့ အနိမ့်ဆုံးတစ်မှတ်ရနိုင်တဲ့ပွဲပါပဲ။

## ဩစတြေးလျအိုးပင်း မာရေးနှင့် ဂျိုကိုဗစ်ဗိုလ်လုမည်



ဩစတြေးလျဖလားကို ဆွတ်ခူးဖို့ ဗြိတိသျှနာမည်ကြီး တင်းနစ်ကစားသမား အင်ဒီမာရေးကတော့ ဗိုလ်လုပွဲက စောင့်ကြိုနေပါပြီ။ သူဟာ သောမတ်ဘာဒစ်ကို အနိုင်ကစားပြီး ဗိုလ်လုပွဲတက်ခဲ့တာပါ။ မာရေးဟာ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ လေးကြိမ်မြောက်ဗိုလ်လုပွဲတက်ခဲ့ခြင်းပါ။ အသက် ၂၇ နှစ်အရွယ်ရှိတဲ့ မာရေးဟာ ဂျိုကိုဗစ်နဲ့ ဗိုလ်လုပွဲကစားရမှာဖြစ်ပါတယ်။ လက်ရှိချန်ပီယံ စတန်ဝါရင်ကာဟာ ကမ္ဘာ့နံပါတ်တစ် ဂျိုကိုဗစ်တို့ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ပေမယ့် ရှုံးနိမ့်ခဲ့ပါတယ်။ မာရေးဟာ ချစ်သူ ကင်ဆီးယားနဲ့ နည်းပြမော်ရက်စမိုတို့ကြားမှာ ဗျာများနေသူပါ။ ချစ်သူရဲ့ အားပေးမှုနဲ့ပဲ ဖလားဆွတ်ခူးနိုင်မလား၊ နည်းပြရဲ့ညွှန်ပြမှုနဲ့ဖလားယူနိုင်မလားဆိုတာကတော့ မပြောနိုင်သေးပါဘူး။ ဒါပေမယ့် ချစ်သူကင်ဆီးယားရဲ့ အားပေးမှုကတော့ သူ့အတွက် အားဆေးလို့ဆိုရမှာပါ။

တနင်္ဂနွေနေ့မှာ မာရေးနဲ့ ဩစတြေးလျအိုးပင်း ဖလားဗိုလ်လုပွဲကြီးကို ကြည့်ရှုရမှာ ဖြစ်ပါတယ်။ ဒီပွဲမှာ မာရေးရဲ့ အကောင်းဆုံးပြိုင်ပွဲဖြစ်လာလိမ့်မယ်လို့လည်း တင်းနစ်ဝါသနာရှင်များက မျှော်လင့်ထားပါတယ်။

## အေစီမီလန်သို့ ရိုးမားတိုက်စစ်မှူးပြောင်းပြီ

အေစီမီလန်အသင်းဟာ အီတလီနာမည်ကြီး တိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ မာတီယာဒက်စထရိုကို ပြိုင်ဘက်ရိုးမားအသင်းထံမှ ခေါ်ယူစာချုပ်လိုက်ပြီဖြစ်ပါတယ်။

အသက် ၂၃ နှစ်အရွယ်ရှိတဲ့ ဒက်စထရိုနဲ့ စာချုပ်တဲ့ကိစ္စအပေါ် မီလန်က အသေးစိတ်ပြောဆိုခြင်း မရှိသေးပါဘူး။

ဂျီနိုအာနဲ့ဆီနာ တိုက်စစ်မှူးဟောင်း ဒက်စထရိုဟာ ယခုနှစ်ရာသီအစပွဲရှစ်ပွဲပါဝင်ကစားရာမှာ ငါးဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ သူဟာပြီးခဲ့တဲ့ ၂၀၁၄ ဘရာဇီးကမ္ဘာ့ဖလားမှာ အီတလီအသင်းနဲ့အတူ ပထမဆုံးပါဝင်ကစားခဲ့ပါတယ်။

ဒါပေမယ့် နောက်ဆုံး ၂၃ ဦးစာရင်းမှာတော့ ရွေးချယ်ခံရခြင်းမရှိခဲ့ပါဘူး။ ရိုးမားတိုက်စစ်မှူး ဒက်စထရိုဟာ မကြာမီက အေစီမီလန်သို့ ရောက်ရှိခဲ့ပြီလို့ ဆိုပါတယ်။

ကောင်းမြတ်သူ-စုစည်းသည်


### ဟသ်ာတအသင်း
### ဇာတိမြေ နွေသံဃဒါနဆွမ်းလောင်းပွဲ သွားကြမယ်

ဟသ်ာတအသင်းမှကြီးမှူး၍ ဇာတိမြေ ဟသ်ာတမြို့၌ (၄၅)ကြိမ်မြောက် နွေသံဃဒါနဆွမ်းလောင်းပွဲကို ၁၁-၂-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့)တွင် အင်္ဂပိုနွေသံဃဒါနဆွမ်းလောင်းအသင်း၌လည်းကောင်း၊ (၄၆)ကြိမ်မြောက်ကို ၁၂-၂-၂၀၁၅ ရက်(ကြာသပတေးနေ့)တွင် ရေတံခွန်(၁)လမ်း၊ နွေသံဃဒါနဆွမ်းလောင်းအသင်း၌လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

၁၀-၂-၂၀၁၅ ရက်(အင်္ဂါနေ့)တွင် ရန်ကုန်မြို့၊ ၄၅ လမ်း၊ အမှတ်(၁၈၄/၁၈၆) အသင်းတိုက်မှ နံနက် ၆း၀၀ နာရီတွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာမည်ဖြစ်ပြီး ၁၂-၂-၂၀၁၅ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ပါသည်။

လိုက်ပါလိုသူ အသင်းသူ အသင်းသားများနှင့် ဟသ်ာတနွယ်ဖွားများသည် ဟသ်ာတ ဦးမြင့်ဌေ ဖုန်း-၀၁-၅၂၂၄၂၈၊ ဦးခိုင်ထွန်းအောင် ဖုန်း-၀၉-၂၅၄၀၇၅၁၁၇၊ အသင်းတိုက်ဖုန်း-၀၁-၃၉၈၇၁၆ သို့ ၅-၂-၂၀၁၅ ရက်(ကြာသပတေးနေ့) နောက်ဆုံးထားဆက်သွယ်စာရင်းပေးသွင်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

အမှုဆောင်အဖွဲ့
ဟသ်ာတအသင်း



### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ C/၄၁၂၀ Nay Min Myanmar Jeep (4×2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်ကြူ ၁၂/ဥကမ(နိုင်)၁၀၈၉၃၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)



### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၃၆၉၀၅ ယာဉ်မှတ်ပုံတင်အမည်ပေါက်သူ/လက်ဝယ်ရှိသူ ဦးကျော်ဆန်း ၁၄/မအပ(နိုင်)၀၉၅၄၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မအူပင်)
(မအူပင်မြို့)



**အရွယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန်**
**လျှောက်ထားကြောင်း အကြောင်းကြားစာ**
**(အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူလူငယ်တို့အက်ဥပဒေပုဒ်မ-၁၁**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌**
**၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ် ၁၄**

**ဒေါ်မိုးမိုးမြင့်** **လျှောက်သူ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၃ ရပ်ကွက်၊ ကောလိယ (၂၅) လမ်း၊ အမှတ် ၁၄၉ ရပ်နေ အရွယ်မရောက်သေးသောသူငယ် မောင်အောင်အောင်ဦးနှင့် ၎င်းပိုင်သော ပစ္စည်းအကြောင်း။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၃ရပ်ကွက်၊ ကောလိယ(၂၅) လမ်း၊ အမှတ် ၁၄၉ရပ်နေ ဒေါ်မိုးမိုးမြင့်က အပေါ်ကအမည်ရေးသားပါရှိသော အရွယ်မရောက်သေးသောသူငယ် မောင်အောင်အောင်ဦး၏ အဒေါ်အရင်းဖြစ်သည်ဟူ၍ ၎င်းသူငယ်၏ ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ၊ ဤကြော်ငြာစာကို ထုတ်ဆင့်တော်မူသည်။ ထိုလျှောက်ချက်ကိုလည်း ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၁၇ရက် (၁၃၇၆ ခုနှစ် တပို့တွဲလကွယ်နေ့)တွင် ပိုင်ဆိုင်ရန် ချိန်းချက်မှုသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နှင်းသီတာ)
ခရိုင်တရားသူကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး



### အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်း

ရွှေဘိုမြို့၊ အမှတ် ၁၀ ရပ်ကွက်ကြီး၊ မြတောင်ကွက်သစ်နေ ဒေါ်ထူးထူး ၅/ရဘန(နိုင်) ၁၂၃၉၈၀က ဒေါ်မြင့်မြင့်ဦး(ဘ)ဦးစိန်ပဲသို့ ကိုယ်စားလှယ်လွှဲစာအမှတ် ၂၁၀/၂၀၁၃ဖြင့် အထူးကိုယ်စားလှယ်လွှဲအပ်ခဲ့ပါသည်။ ယင်းအား ယနေ့မှစ၍ အထူးကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ထူးထူး
အမှတ် (၁၀)ရပ်ကွက်၊ ရွှေဘိုမြို့



**အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း**
**အကြောင်းကြားစာ**
**(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ ၃၇၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌**
**၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ် ၁၅**
**ကွယ်လွန်သူ ဦးဇော်မြင့်၌ကျန်ရှိရစ်သော ပစ္စည်းအကြောင်း**

**ဒေါ်သန်းသန်းနွယ်** **လျှောက်သူ**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရတနာလမ်း၊ မလိခအိမ်ရာ၊ တိုက် ၉၊ အခန်း၁၁ နေဒေါ်သန်းသန်းနွယ်က ကွယ်လွန်သူ ဦးဇော်မြင့်၏ ဇနီးဖြစ်သည်ဟူ၍ ၎င်းကွယ်လွန်သူ ဦးဇော်မြင့်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှ ၎င်းကွယ်လွန်သူ ဦးဇော်မြင့်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ရက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူဒေါ်သန်းသန်းနွယ်၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နှင်းသီတာ)
ခရိုင်တရားသူကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး



### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၆၂၁၄၈ Yinxiang 90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစန်းထွန်း ၅/မမန(နိုင်)၀၇၁၆၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (တိုင်းဒေသကြီးဦးစီးမှူးရုံး)၊ မုံရွာ


**ပြင်ဆင်ဖတ်ရှုပါရန်** ၂၅-၁၀-၂၀၁၄ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ(၈) ကန့်ကွက်ကြော်ငြာအမှတ်စဉ်(၇)ဦးအောင်မျိုးဟံ(ခ)ဦးဌေးအောင်၏ အမည်ပြောင်းတွင် လျှောက်ထားသည့်မြို့နယ် ဒဂုံတောင်အစား ဒဂုံဆိပ်ကမ်းမြို့နယ်ဟု ဖတ်ရှုပါရန်။

အခြေခံလူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်မှတ်စု-၁

*လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်ကျင့်သုံးရာ၌ လိုက်နာရမည့် စံနှုန်းများ၊ ကျင့်ဝတ်များ၊ တာဝန်ဝတ္တရားများကို သိရှိနိုင်ရန်အတွက် ဥပဒေနှင့် ဒီမိုကရေစီဗဟိုဌာန (Centre for Law and Democracy) နှင့် နိုင်ငံတကာမီဒီယာထောက်ပံ့ကူညီရေးအဖွဲ့ (International Media Support-IMS) တို့မှ ပြုစုထုတ်ဝေသည့် "အခြေခံလူ့အခွင့်အရေးတစ်ခုဖြစ်သော လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်" (လမ်းညွှန်မှတ်စုအတွဲများ)၊ Briefing Note Series "Freedom of Expression" စာအုပ်ကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြသွားမည်ဖြစ်ပါသည်။ ဆောင်းပါးပါ မြန်မာဘာသာပြန်ဆိုချက်များနှင့် အသုံးအနှုန်းများမှာ မူရင်းဘာသာပြန်ဆိုသည့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အာဘော်သာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။*

**လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်သည် လွတ်လပ်စွာတွေးခေါ် ယုံကြည်ခွင့်ကဲ့သို့ အကြွင်းမဲ့ လွတ်လပ်ခွင့်မဟုတ်ပေ။ ယေဘုယျအားဖြင့် လက်ခံထားသည်မှာ အချို့သော ပုဂ္ဂလိကအကျိုးစီးပွား၊ အများပြည်သူ အကျိုးစီးပွားများနှင့် ယှဉ်လာလျှင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အပေါ် ကန့်သတ်မှုများ ပြုလုပ်နိုင်သည်။ နိုင်ငံတကာဥပဒေများက ထိုသို့ကန့်သတ်မှုကို တရားဝင်ခွင့်မပြုမီ အဆင့်သုံးဆင့်ပါဝင်သော တင်းကျပ်သည့် ကြောင်းကျိုး စစ်ဆေးမှုကို ဖြတ်သန်းဖို့လိုကြောင်း သတ်မှတ်ပြဋ္ဌာန်းထားသည်။**

လမ်းညွှန်မှတ်စု-၁

# အခြေခံလူ့အခွင့်အရေးတစ်ခုဖြစ်သော လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်

လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်သည် အခြေခံအကျဆုံး လူ့အခွင့်အရေးတစ်ခုဖြစ်ပြီး နိုင်ငံတကာ ဥပဒေများနှင့် ကမ္ဘာပေါ်ရှိ အခြေခံရပိုင်ခွင့် ဥပဒေ Bill of Rights အားလုံးနီးပါးတွင် ထည့်သွင်း အာမခံချက်ပေးထားသည်။ ထိုအခွင့်အရေးသည် လူသားဖွံ့ဖြိုးမှု၊ ဂုဏ်သိက္ခာ၊ တစ်ကိုယ်ရေဆန္ဒပြည့်ဝမှုနှင့် အမှန်တရားရှာဖွေဖော်ထုတ်မှုများ အားလုံးအတွက် အခြေခံဖြစ်ပြီး ဒီမိုကရေစီနှင့် အုပ်ချုပ်မှုစနစ်ကောင်းများ ဖြစ်လာစေရန်အတွက် တင်ကူးလိုအပ်ချက်လည်း ဖြစ်ပါသည်။ ပြိုင်ဆိုင်နေကြသော နိုင်ငံရေးပါတီများအကြား လွတ်လပ်သော အငြင်းအခုံများ ပြုလုပ်ခြင်း၊ အာဏာပိုင်များနှင့် ပတ်သက်သော မကျေနပ်ချက်များကို နိုင်ငံသားများ ထုတ်ဖော်ပြောကြားခြင်းနှင့် ဥပဒေနှင့် မူဝါဒအသစ်များကို လေ့လာဆန်းစစ် စောင့်ကြည့်ခြင်းစသော ကိစ္စရပ်များအားလုံးအတွက် လွတ်လပ်စွာထုတ်ဖော် ပြောကြားခွင့်လိုအပ်သည်။ ထို့အပြင် လွတ်လပ်စွာပြောဆိုခွင့်ရှိခြင်းကြောင့် အစိုးရ၏ အရည်အသွေးမြင့်တက်စေသည်။ အာဏာပိုင်များ အရည်အချင်းပြည့်ဝပြီး ရိုးသားမှုရှိစေရန်၊ အစိုးရ၏ လုပ်ဆောင်ချက်များကို နိုင်ငံသားများငြင်းခုံဆွေးနွေးခြင်း၊ ဝေဖန်ကန့်ကွက်ခြင်းများပြုလုပ်နိုင်စေရန်အတွက် အာမခံပေးသောကြောင့် ဖြစ်သည်။ သတင်းအချက်အလက်များနှင့် အတွေးအခေါ်များ လွတ်လပ်စွာစီးဆင်းခြင်း မပြုနိုင်သောအခါတွင် ဒီမိုကရေစီ၏တန်ဖိုးများ ခြိမ်းခြောက်ခံရမည်ဖြစ်သည်။

လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်၏ အရေးပါမှု အရေးပါကြောင်းကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အသိအမှတ်ပြုရသည်။ မေလ ၃ ရက်နေ့တွင် ကျရောက်သော သတင်းလွတ်လပ်ခွင့်နေ့တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် ယူနက်စကိုမှ ဦးဆောင်ညွှန်ကြားရေးမှူး အီရီနာဗိုကိုဗာတို့ ပူးတွဲထုတ်ပြန်သော ကြေညာချက်သည် ဥပမာတစ်ခုဖြစ်သည်။

***ယခုနှစ်မှာ ကမ္ဘာ့အသိုင်းအဝိုင်းအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ကုန်ဆုံးမည့်ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်များ နှင့် ဆက်စပ်ပြီး ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးရေးအတွက် ရေရှည်အစီအစဉ်များချမှတ်ရန် အခွင့်ကောင်းကို ရရှိချိန်ဖြစ်သည်။ ထိုအခွင့်အလမ်းမှာ မျိုးဆက်တစ်ဆက်အတွင်းတစ်ကြိမ်သာရမည့် အခွင့်အလမ်းလည်းဖြစ်သည်။ ထိုအစီအစဉ်များကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ရေးအတွက် ကမ္ဘာပေါ်ရှိလူအားလုံးသည် လွတ်လပ်စွာတွေးခေါ် ယူဆခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်တည်းဟူသော အခြေခံရပိုင်ခွင့်များကို ရရှိဖို့လိုအပ်သည်။ ထိုရပိုင်ခွင့်များမှာ ဒီမိုကရေစီ၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက်လည်း အခြေခံကျသည်။ ယင်းအချက်များသည် လူသားဂုဏ်သိက္ခာ၊ လူမှုတိုးတက်မှုနှင့် လူတိုင်းအကျိုးဝင်သော ဖွံ့ဖြိုးရေးတို့အတွက် မရှိမဖြစ်အရေးပါသည်။***

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို နိုင်ငံတကာနှင့် ဒေသဆိုင်ရာလူ့အခွင့်အရေး သဘောတူစာချုပ်များအားလုံးတွင် အသိအမှတ်ပြု ထည့်သွင်းထားသည်။ အထင်ရှားဆုံးမှာ ၁၉၄၈ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက တစ်ညီတစ်ညွတ်တည်းသဘောတူပြီး ထုတ်ပြန်ကြေညာခဲ့သော နိုင်ငံတကာလူ့အခွင့်အရေး ကြေညာစာတမ်း UDHR ပင်ဖြစ်သည်။ UDHR သည်လက်မှတ်ရေးထိုးသော နိုင်ငံများအတွက် မဖြစ်မနေလိုက်နာဆောင်ရွက်ရန် ဥပဒေအရတာဝန်ရှိမနေသော စာချုပ်တစ်ခုဖြစ်သော်လည်း ထိုကြေညာချက်တွင် အပိုဒ် ၁၉ တွင် ထည့်သွင်းဖော်ပြထားသော လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်သည် မဖြစ်မနေလိုက်နာဆောင်ရွက်ရမည့် နိုင်ငံတကာထုံးတမ်း ဥပဒေတစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြသည်။ အပိုဒ် ၁၉ မှာအောက်ပါအတိုင်းဖြစ်သည်။

**လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့်ဆိုင်သော ပဋ္ဌမအချက်မှာ နိုင်ငံတော်သည် ထိုလွတ်လပ်ခွင့်နှင့်ပတ်သက်ပြီး စောင့်ထိန်းရမည့်တာဝန်(Negative) နှင့် ဖြည့်ဆည်းရမည့် တာဝန် (Positive)ဟူ၍ နှစ်မျိုးစလုံးရှိနေခြင်းပင်ဖြစ်သည်။**

***လူတိုင်းသည် လွတ်လပ်စွာတွေးခေါ်ခွင့်နှင့် ထုတ်ဖော်ပြောကြားခွင့်ရှိသည်။ ထိုရပိုင်ခွင့်တွင် အနှောင့်အယှက်တစ်စုံတစ်ရာမရှိဘဲ လွတ်လပ်စွာတွေးခေါ် ယုံကြည်နိုင်ခွင့်နှင့် သတင်းအချက်အလက်နှင့် စိတ်ကူးစိတ်သန်းများကိုမည်သည့် မီဒီယာများတွင်မဆို နယ်နိမိတ်အကန့်အသတ်များမရှိဘဲ လွတ်လပ်စွာ ရှာဖွေခွင့်၊ လက်ခံရရှိခွင့်နှင့် လွှဲပြောင်းခွင့်များ ရှိရမည်။***

အလားတူပြဋ္ဌာန်းချက်များကို အရပ်သားနှင့်နိုင်ငံရေးရပိုင်ခွင့်များဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် International Covenant on Civil and Political Rights ၏ အပိုဒ် ၁၉ တွင်လည်း တွေ့နိုင်သည်။ ထိုသဘောတူစာချုပ်ကိုလက်ရှိအချိန် ၂၀၁၄ ဧပြီလ အထိ နိုင်ငံပေါင်း ၁၆၈ နိုင်ငံက သဘောတူလက်မှတ်ရေးထိုးထားပြီးဖြစ်သည်။

***၁။ လူတိုင်းသည် လွတ်လပ်စွာတွေးခေါ်ခွင့်ရှိရမည်။***

***၂။ လူတိုင်းသည် လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်ရှိသည်။ ထိုရပိုင်ခွင့်တွင် သတင်းအချက်အလက်နှင့် စိတ်ကူးစိတ်သန်းများကိုမည်သည့် မီဒီယာများတွင်မဆို နယ်နိမိတ်အကန့်အသတ်များမရှိဘဲ လွတ်လပ်စွာရှာဖွေခွင့်၊ လက်ခံရရှိခွင့်နှင့် လွှဲပြောင်းခွင့်များရှိရမည်။ ထိုသို့ဆောင်ရွက်ရာတွင် နှုတ်ပြောစကားဖြင့်ဖြစ်စေ၊ အရေးအသားပုံနှိပ်မှုနှင့် အခြားသော အနုပညာပုံစံတစ်မျိုးမျိုး သို့မဟုတ် ကြားခံမီဒီယာတစ်မျိုးမျိုးတို့ကို စိတ်ကြိုက်ရွေးချယ်ပြီး အသုံးပြုနိုင်သည်။***

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင်လည်း ထည့်သွင်းထားသည်။ ဥပမာအားဖြင့် လူသားနှင့်နိုင်ငံသားအခွင့်အရေးဆိုင်ရာ အာဖရိကန်ချာတာ၊ လူ့အခွင့်အရေးဆိုင်ရာ အမေရိကန် ကွန်ဗင်းရှင်းနှင့် လူ့အခွင့်အရေးဆိုင်ရာ ဥရောပကွန်ဗင်းရှင်းတို့ဖြစ်ကြသည်။

လွတ်လပ်စွာထုတ်ဖော်ပြောကြားမှုနှင့် နည်းပညာအရကွာခြားမှုတချို့ရှိနေသော်လည်း ပုဒ်မ ၁၉ တွင် လွတ်လပ်စွာတွေးခေါ်ယုံကြည်ခွင့်ကိုလည်း ထည့်သွင်းပြဋ္ဌာန်းထားသည်။ အရေးကြီးသော ကွဲပြားချက်မှာ လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်တွင် အကန့်အသတ်များ ရှိနိုင်သော်လည်း လွတ်လပ်စွာတွေးခေါ်ယုံကြည်ခွင့်မှာမူ အကြွင်းမဲ့ဖြစ်သည်။ နိုင်ငံတော်အနေနှင့် လွတ်လပ်စွာတွေးခေါ်ခွင့်ကို ဥပဒေကြောင်းအရ တရားဝင်ကန့်သတ်ခွင့် လုံးဝမရှိပါ။

လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်သည် ကျယ်ပြန့်ပြီး သက်ရောက်မှု မျက်နှာစာများစွာရှိသည်။ ပထမအချက်အနေဖြင့် လူ့အခွင့်အရေးစံတစ်ခုအနေနှင့်လည်းကောင်း၊ ပုဒ်မ ၁၉ တွင် ရှင်းလင်းစွာ ဖော်ပြထားသကဲ့သို့လည်းကောင်း လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်သည် လူတိုင်းလူတိုင်းနှင့်သက်ဆိုင်သည်။ လူတစ်ဦး၏ လူမျိုး၊ အသားအရောင်၊ နိုင်ငံသားဖြစ်မှု၊ လိင်ရွေးချယ်မှု၊ ဘာသာစကား၊ လူမှုနောက်ခံနှင့် ပိုင်ဆိုင်မှုတို့အပါအဝင် အခြားမည်သည့်အကြောင်းများကြောင့်မှ ခွဲခြားကန့်သတ်မှုမပြုရပါ။

ဒုတိယအချက်မှာ ယင်းလွတ်လပ်ခွင့်တွင် သတင်းအချက်အလက်နှင့် စိတ်ကူးစိတ်သန်းအမျိုးအစားများအားလုံးကို လွတ်လပ်စွာဖလှယ်ဆက်သွယ်ခွင့်ပင်ဖြစ်သည်။ လူတစ်ဦးချင်းစီအနေဖြင့် ထုတ်ဖော်ပြောကြားခွင့်တွင် အများလက်ခံနိုင်၍ လေးစားမှုခံရနိုင်သော စကားများအပြင် အငြင်းပွားဖွယ်ဖြစ်ပြီး ရုန့်ရင်းကြမ်းတမ်းသော စကားများပါ ပါဝင်သည်။ အမှန်စင်စစ်တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်၏ အခြေခံအနှစ်သာရတစ်ခုမှာ လူကြိုက်မများနိုင်သော ထုတ်ဖော်ပြောကြားမှုများကို လွတ်လပ်စွာလုပ်နိုင်ရန် ကာကွယ်ပေးခြင်းပင်ဖြစ်သည်။ ထိုအချက်ကို ဟန်ဒီဆိုက်နှင့် ဗြိတိန်နိုင်ငံအကြားဖြစ်ပွားသည့်အမှုတွင် ဥရောပလူ့အခွင့်အရေးဆိုင်ရာ တရားရုံး၏ဆုံးဖြတ်ချက်ကိုကြည့်၍ သိနိုင်သည်။

***လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်သည် လက်ခံနားထောင်သူတို့ကြိုက်နှစ်သက်သည့် သတင်းနှင့် စိတ်ကူးစိတ်သန်းများနှင့်သာ သက်ဆိုင်ခြင်းမဟုတ်ဘဲ နိုင်ငံတော်ကို သို့မဟုတ် လူထုအတွင်းမှ အစိတ်အပိုင်းတစ်ခုကို စော်ကားသည့်သဘော သက်ရောက်သော၊ ချောက်ချားစေသော၊ စိတ်အနှောင့်အယှက်ဖြစ်စေသော ထုတ်ဖော်ပြောကြားခွင့်များလည်း ပါဝင်သည်။ ထိုရပိုင်ခွင့်များသည် ဗဟုဝါဒ၊ မတူကွဲပြားမှုများကို သည်းခံနိုင်ခြင်းနှင့် စိတ်သဘောထားကြီးခြင်းတို့အတွက်လိုအပ်ချက်များဖြစ်ပြီး ယင်းတို့မရှိပါက ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းဆိုသည်မှာလည်း ရှိနိုင်မည်မဟုတ်ပါ။***

တတိယအချက်မှာ လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်သည် မည်သည့်ကြားခံ မီဒီယာကိုသုံးသည် ဆိုသည့်အချက်နှင့်သီးခြားကင်းလွတ်ခြင်းဖြစ်သည်။ ယင်းတို့အထဲတွင် ရုပ်သံလွှင့်ခြင်း၊ သတင်းစာ၊ အင်တာနက်၊ လူထုဆွေးနွေးမှု၊ ပညာရပ်ဆိုင်ရာ သုတေသနနှင့် စကားပြောဆက်သွယ်ခြင်းများလည်း အပါအဝင်ဖြစ်သည်။

စတုတ္ထအချက်မှာ လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်တွင် မိမိဘက်မှ သတင်းအချက်အလက်နှင့် စိတ်ကူးစိတ်သန်းများကို ထုတ်ဖော်ဆက်သွယ်ခြင်း(လွတ်လပ်စွာပြောဆိုခြင်း)သာမက အခြားသူများထံမှ သတင်းအချက်အလက်များကို ရှာဖွေခွင့်နှင့်လက်ခံရရှိခွင့်များလည်း ပါဝင်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်တွင် လူတစ်ဦးချင်းစီအနေဖြင့် ပြည်သူတစ်ရပ်လုံး၏ စုပေါင်း အသိဉာဏ်အတွင်း ပေါင်းထည့်ဖြည့်ဆည်းခွင့်ရသည့်အပြင် အကျယ်အပြန့်တည်ရှိနေသော သတင်းအချက်အလက်များ၊ အတွေးအခေါ်များကို လက်ခံသိရှိခွင့်လည်း အကျုံးဝင်သည်။ ယင်းအချက်သည် အသက်တမျှအရေးပါပြီး မီဒီယာဗဟုဝါဒ (မီဒီယာပေါင်းစုံထွန်းကားခြင်း)နှင့် အစိုးရသတင်းအချက်အလက်များကို တောင်းခံပိုင်ခွင့်စသည်တို့၏ အခြေခံ ဖြစ်ပါသည်။

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့်ဆိုင်သော ပဋ္ဌမအချက်မှာ နိုင်ငံတော်သည် ထိုလွတ်လပ်ခွင့်နှင့် ပတ်သက်ပြီး စောင့်ထိန်းရမည့်တာဝန် (Negative) နှင့် ဖြည့်ဆည်းရမည့် တာဝန် (Positive) ဟူ၍ နှစ်မျိုးစလုံးရှိနေခြင်းပင်ဖြစ်သည်။ စောင့်ထိန်းရမည့်အပိုင်းတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အရသတင်းအချက်များနှင့် အတွေးအခေါ်များကို လွတ်လပ်စွာရှာဖွေခြင်း၊ လက်ခံရရှိခြင်းနှင့် ဖလှယ်ဆက်သွယ်ခြင်းတို့တွင် နိုင်ငံတော်အနေနှင့် တစ်စုံတစ်ရာ နှောင့်ယှက်ဟန့်တားခြင်း မပြုမိအောင် စောင့်ထိန်းရမည့် တာဝန်ရှိသည်။ အကယ်၍မဖြစ်မနေ ဟန့်တားမှု တစ်စုံတစ်ရာပြုလုပ်လိုပါကလည်း နိုင်ငံတကာဥပဒေများမှ ခွင့်ပြုထားသည့် အကန့်အသတ်အတွင်းမှသာ ဆောင်ရွက်ရမည် ဖြစ်သည်။ ဖြည့်ဆည်းရမည့်အပိုင်းတွင် လူ့အဖွဲ့အစည်းအတွင်း သတင်းအချက်အလက်နှင့် အတွေးအခေါ်များ လွတ်လပ်စွာစီးဆင်းခြင်းကို အားပေးသော ဝန်းကျင်တစ်ခုကို ဖန်တီးပေးဖို့လိုသည်။ ဥပမာအားဖြင့် အစိုးရနှင့်အများ ပြည်သူဆိုင်ရာ သတင်းအချက်အလက်များကို လွတ်လပ်စွာ တောင်းခံရရှိခွင့်ပေးသော ဥပဒေများ ပြဋ္ဌာန်းပေးခြင်း၊ လွတ်လပ်ပြီး အနှောင်အဖွဲ့ကင်းသော မီဒီယာများ ထွန်းကားရေးအတွက် လိုအပ်သောဝန်းကျင်ကို ဖန်တီးပေးခြင်းစသည်တို့ ပါဝင်သည်။

နံပါတ်ခြောက်အနေနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို နယ်စည်းကလနား သတ်မှတ်ခြင်းမပြုရပါ။ ဆိုလိုသည်မှာ နိုင်ငံရပ်ခြားတိုင်းပြည်များမှ သတင်းအချက်အလက်များကို အသံလွှင့်ဌာနများ၊ သတင်းစာများ၊ အင်တာနက်အပါအဝင်နိုင်ငံရပ်ခြားမှ တစ်စုံတစ်ဦးနှင့်ပြောဆိုဆက်သွယ်ခြင်းစသော နည်းလမ်းအားလုံးဖြင့် လက်ခံရရှိခွင့်ရှိခြင်းဖြစ်သည်။

သို့ရာတွင် လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်သည် လွတ်လပ်စွာတွေးခေါ် ယုံကြည်ခွင့်ကဲ့သို့ အကြွင်းမဲ့ လွတ်လပ်ခွင့်မဟုတ်ပေ။ ယေဘုယျအားဖြင့် လက်ခံထားသည်မှာ အချို့သော ပုဂ္ဂလိကအကျိုးစီးပွား၊ အများပြည်သူအကျိုးစီးပွားများနှင့် ယှဉ်လာလျှင်လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် ကန့်သတ်မှုများ ပြုလုပ်နိုင်သည်။ နိုင်ငံတကာဥပဒေများက ထိုသို့ကန့်သတ်မှုကို တရားဝင်ခွင့်မပြုမီ အဆင့်သုံးဆင့်ပါဝင်သော တင်းကျပ်သည့် ကြောင်းကျိုး စစ်ဆေးမှုကို ဖြတ်သန်းဖို့လိုကြောင်း သတ်မှတ်ပြဋ္ဌာန်းထားသည်။ (မှတ်စု-၂ ကိုကြည့်ပါ)

နိုင်ငံအများစုသည် လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်ကို အသိအမှတ်ပြု လက်ခံကြပြီး နိုင်ငံတော်အနေဖြင့် ပြည်သူလူထုအတွင်း သတင်းအချက်အလက်နှင့် အတွေးအခေါ်များ လွတ်လွတ်လပ်လပ်ဖလှယ်ခြင်းကို အားပေးမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလေ့ရှိသည်။ သို့ရာတွင် နိုင်ငံတိုင်းလိုလိုမှာပင် နိုင်ငံတကာလူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် ဆန့်ကျင်သောဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ ရှိနေတတ်သည်။ မထုတ်ဝေမီ ကြိုတင်ဆင်ဆာတင်ရသော စနစ်မှ တားမြစ်ကန့်သတ်ထားသောအကြောင်းအရာများကို ဖြန့်ဝေပါက ပြင်းထန်သော ရာဇဝတ်ပြစ်ဒဏ်များ ချမှတ်ခြင်းထိ စသည်တို့သည် အစိုးရအနေနှင့် မီဒီယာများ၊ ပြည်သူများနှင့် လူတစ်ဦးချင်းစီအပေါ် အပြည့်အဝထိန်းချုပ်ခွင့်ရှိနေစေပြီး လွတ်လပ်စွာသတင်းရယူခွင့်ကို တားမြစ်ဖယ်ရှားခြင်းနှင့် အကြောင်းအရာများကို လွတ်လပ်စွာဖော်ပြခွင့် မရှိအောင်တားမြစ်ခြင်းတို့ကို ဆောင်ရွက်နိုင်အောင် ဖန်တီးပေးသည်။ ထို့ကြောင့် နိုင်ငံတိုင်းသည် သူတို့၏ဥပဒေအကြောင်းဆိုင်ရာများနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သည့် အလေ့အထများကို ပြန်လည်သုံးသပ်ပြီး လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာဥပဒေများနှင့် မိမိတို့၏ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အခြေခံပြဋ္ဌာန်းချက်များနှင့် ကွဲလွဲခြင်းမရှိစေအောင် ပြင်ဆင်ဆောင်ရွက်ဖို့လိုသည်။ အထူးသဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းစေနိုင်ငံများတွင် လူ့အခွင့်အရေးစံနှုန်းများအရ တရားမဝင်သော တားမြစ်ကန့်သတ်သည့် ဥပဒေများရှိနေတတ်ပြီး ယင်းတို့သည် ဒီမိုကရေစီသို့ အသွင်ကူးပြောင်းရေးကို ကြီးစွာအနှောင့်အယှက်အဟန့်အတားဖြစ်စေသည်။

ပြည်တွင်းသတင်း

## ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၃၁**

(၁၃)ကြိမ်မြောက် မန္တလေးမြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ ကန်တော်ကြီးလူထုအပန်းဖြေဥယျာဉ်တွင် ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့မှစတင်၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ပန်းအလှပြပြင်ခြင်း၊ ပန်းအလှပင်၊ ရာသီပန်းအလှပင်၊ အရွက်အလှပင်၊ ပြည်တွင်းသစ်ခွ၊ ပြည်ပသစ်ခွ၊ (ကတ်တလီးယားပြိုင်ပွဲ)၊ ပြည်ပသစ်ခွ-စင်ဘီးဒီးယမ်းပြိုင်ပွဲ၊ ပြည်ပသစ်ခွ ဗန်ဒါပြိုင်ပွဲ၊ နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ၊ ရှားစောင်းပင်ပြိုင်ပွဲ၊ သက်ကြီးပုပင်(ဘွန်ဆိုင်း)ပြိုင်ပွဲ၊ အသီးပါသည့်အလှအပင်ပြိုင် ပွဲ၊ ဟင်းသီးဟင်းရွက် အရွက်ပြိုင်ပွဲ (ဥပမာ-မုန်းညင်းရွက်)၊ ဟင်းသီးဟင်းရွက်အထုပ်ပြိုင်ပွဲ (ဥပမာ-ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်)၊ ဟင်းသီးဟင်းရွက်အသီးပါ အပင်ပြိုင်ပွဲ (ဥပမာ-ခရမ်း၊ ငရုတ်)၊ ဟင်းသီးဟင်းရွက် ဥပြိုင်ပွဲတွင် (ဥပမာ-မုန်လာဥ)၊ သစ်သီးပြိုင်ပွဲတွင် (ဥပမာ-ဖရဲသီး၊ သင်္ဘောသီး)၊ ဟင်းသီးဟင်းရွက် အလုံးလိုက်ပြိုင်ပွဲ(ဥပမာ-ဘူးသီး)၊ သစ်သီးဝလံအခိုင်လိုက်ပြိုင်ပွဲ(ဥပမာ-ငှက်ပျောခိုင်၊ အုန်းသီးခိုင်)၊ သစ်သီးဝလံဥပြိုင်ပွဲ(ဥပမာ-စိမ်းစားဥ၊ ကန်စွန်းဥ၊ ဝဥ၊ မျောက်ဥ)၊ ဟင်းသီးဟင်းရွက်အနုံအတွဲလိုက်ပြိုင်ပွဲ (ဥပမာ-ခရမ်းချဉ်သီး)၊ သစ်သီးပုံဖော်အလှဆင်ခြင်းပြိုင်ပွဲများပါဝင်မည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဟင်းသီးဟင်းရွက် သစ်သီးဝလံပန်းမန်များကို ကန်တော်ကြီးလူထုအပန်းဖြေဥယျာဉ် ကွပ်ကဲရေးရုံးသို့ ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၄ နာရီအရောက် ပေးပို့ယှဉ်ပြိုင်နိုင်ပြီး အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနနှင့် ကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ်ရုံး ဖုန်း-၀၂-၅၉၁၇၀ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် ပြိုင်ပွဲအမျိုးအစားအားလုံး အတွက် ပထမဆုငွေကျပ်တစ်သိန်းခွဲ၊ ဒုတိယဆုငွေကျပ်တစ်သိန်း၊ တတိယဆုငွေကျပ်ခုနှစ်သောင်း၊ နှစ်သိမ့်ဆုသုံးဆုအတွက် ငွေကျပ်သုံးသောင်းစီ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

## ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ အချိန်မီပြီးစီးရေးဆောင်ရွက်

**ကျောက်ဖြူ ဇန်နဝါရီ ၃၁**

ကျောက်ဖြူမြို့နယ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေရရှိရေး ၊ ပညာရေး၊ ကျေးရွာချင်းဆက် လမ်း၊ တံတားများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းများကို သက်ဆိုင်ရာကုမ္ပဏီများဖြစ်ကြသည့် AKB Star ကုမ္ပဏီ၊ နှင်းပွင့်ကုမ္ပဏီ၊ Up rose Japan ကုမ္ပဏီတို့၏ လုပ်ငန်းဆောင်ရွက်မှုကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးဆောင်ရွက်နိုင်စေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးထွန်းဦးနှင့် ကျောက်ဖြူမြို့နယ် လုပ်ငန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးအောင် ထွန်းသိန်း၊ မြို့အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်မြတ်ထွန်း၊ ကုမ္ပဏီတာဝန်ခံများနှင့် စနဲ-မင်းပြင်-ရေချမ်းကြီး-ကလန်ကြမ်း-အဝပြင် ကျေးရွာချင်းဆက်လမ်း အရှည် ၅/၀ မိုင်၊ အကျယ် ၁၈ ပေ ရှိ မြေသားလမ်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သွားရောက်စစ်ဆေးကြည့်ရှုသည်။

အဆိုပါလမ်းဖောက်လုပ်ပြီးစီးပါက ကျောက်ဖြူမြို့နှင့် ကုန်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးအစစအရာရာ အဆင်ပြေချောမွေ့စေမည့်အပြင် ဒေသဖွံ့ဖြိုးတိုးတက်မှုများ မြန်ဆန်လာတော့မည်ဖြစ်သည်။

**သက်ထက်**


## အသင်းသားများသိရှိစေရန်

ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် ပြည်တွင်းပြည်ပနှင့်ပူးပေါင်းကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များနှင့်ပတ်သက်၍ အချိန်မီအကြောင်းကြားဖိတ်ကြားနိုင်ရေးအတွက် အသင်းသားများအနေဖြင့် မိမိတို့၏ လုပ်ငန်းလိပ်စာ၊ ဖုန်း၊ ဖက်(စ်)၊ အီးမေး(လ်)နှင့် လုပ်ကိုင်လျက်ရှိသော လုပ်ငန်းအမျိုးအစားများ ပြောင်းလဲမှုရှိပါက ကုန်သည်စက်မှုအသင်းချုပ် အသင်းသားဌာနစိတ် ဖုန်း-၀၁-၂၁၄၃၄၄ မှ ၀၁-၂၁၄၃၄၉ (လိုင်းခွဲ-၁၃၁)၊ Fax- ၀၁-၂၁၄၄၈၄ အီးမေး(လ်)membership 10@ gmail.com သို့ ပေးပို့ပေးပါရန် အကြောင်းကြားအပ်ပါသည်။

**ကုန်သည်စက်မှုအသင်းချုပ် (UMFCCI)**
**အသင်းသားရေးရာဌာန**

**CORVI Construction and Engineering Co.,Ltd. မှ**
**အောက်ဖော်ပြပါ ဝန်ထမ်းများအလိုရှိသည်။**

(၁) **Site Engineer** ကျား (၂) ဦး
- B.E/B.Tech (Civil)
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁)နှစ်ရှိသူ
- Auto CAD အသင့်အတင့် သုံးနိုင်သူ
- Microsoft Word/ Excel သုံးနိုင်သူ

(၂) **Quantity Surveyor** (ကျား/မ) (၂) ဦး
- B.E/ B.Tech/ A.G.T.I (Civil)
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁)နှစ်ရှိသူ
- အဆောက်အအုံ drawing များကို ကျွမ်းကျင်စွာဖတ်နိုင်သူ
- Microsoft Word/Excel ကျွမ်းကျင်စွာသုံးနိုင်သူ

(၃) **Office Staff** (ကျား/မ) (၂) ဦး
- တက္ကသိုလ်ဘွဲ့ရရှိသူ
- လုပ်ငန်းအတွေ့အကြုံရှိသူ
- Microsoft Word/ Excel/ Powerpoint သုံးနိုင်သူ

(၄) ယာဉ်မောင်း ကျား (၂) ဦး
- အခြေခံပညာ ၁၀ တန်း
- ယာဉ်မောင်းလိုင်စင် (ဂ)ရှိသူ

ဆက်သွယ်ရန်၊ ၅၇၄ (ပ)ထပ်၊ ရွှေဝါလမ်း၊ မေတ္တာညွှန့်၊ တာမွေ
ဖုန်း-၀၉-၇၉၆၆၂၅၃၃၊ E-mail:ygn offfice @corviconeng.com.

**စီးပွားရေးလုပ်ငန်းတွင်ကျယ်ရေး၊ မြန်မာ့အလင်းမှ ကြော်ငြာပေး။ အများပြည်သူ အဆင်ပြေရေး၊ နှုန်းထားလျှော့ကာ ဝန်ဆောင်ပေး။**


**အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း**
**အကြောင်းကြားစာ**
**(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ ၃၇၃)**
**ဒက္ခိဏခရိုင်တရားရုံးတော်၌**
**၂၀၁၄ ခုနှစ် တရားမအထွေထွေမှုအမှတ် -၂၀**
**ကွယ်လွန်သူ ဦးဥက္ကဋ္ဌ၌ကျန်ရှိရစ်သော ပစ္စည်းအကြောင်း**

ဦးဇဝန
ကြို့ကုန်းဘုန်းတော်ကြီးကျောင်း၊ အေလာမြို့၊ လယ်ဝေးမြို့နယ်။ **လျှောက်ထားသူ**

အထက်ဖော်ပြပါလိပ်စာတွင်နေထိုင်သူ ဦးဇဝနက ပျံလွန်တော်မူသူ ဦးဥက္ကဋ္ဌ၏ ကျောင်းတွင် ကျောင်းထိုင်ဆရာတော်အဖြစ် ဆက်ခံသူဖြစ်သူဟူ၍ ၄င်းပျံလွန်တော်မူသူ ဦးဥက္ကဋ္ဌ ကျန်ရှိရစ်သောပစ္စည်းပိုင်နက်နှင့် ဘဏ်တွင်ထားရှိသည့်ငွေ ရရန်ရှိရစ်သော ပစ္စည်းပိုင်နက်ကြွေးမြီများကို ကောက်ခံရန်အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ် စာရလိုကြောင်း။ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းပျံလွန်တော်မူသူ ဦးဥက္ကဋ္ဌမှ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၈ရက် (၁၃၇၆ ခုနှစ် တပေါင်းလဆန်း ၁ရက်)နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်ထားသူ ဦးဇဝန၏ လျှောက်ထားချက်ကို နာကြား၍ လက်မှတ်ရသင့်၊ မရသင့်သည့် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(တင်မောင်မြင့်)
ဒုတိယခရိုင်တရားသူကြီး(၂)
ဒက္ခိဏခရိုင်တရားရုံး

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**
**အကြောင်းကြားစာ**
**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**
**၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃၀ နှင့်ဆက်နွှယ်သည့်**
**၂၀၁၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄**

| | | |
|---|---|---|
| ဒေါ်ငွေငွေဥ | နှင့် | ဦးမောင်မောင်သိမ်း |
| **တရားနိုင်** | | **တရားရှုံး** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ မဟာဆွေ(၂)လမ်း၊ အမှတ် ၁၆၇ နေ ဦးမောင်မောင်သိမ်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၃၀ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၆ရက် (၁၃၇၆ခုနှစ် တပို့တွဲလ ပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဖြူဝင်းငယ်
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၀ဃ/၉၇၂၆၈ Sumbo Star 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ခေါင်ရဲရင့် ၁၂/အစန(နိုင်)၂၀၈၀၃၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## အများသိစေရန်ကြေညာချက်

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ အကွက်အမှတ်(၄၉)၊ ဦးပိုင်အမှတ်(၁၀၁/က)၊ ဧရိယာ (၀ ဒသမ ၃၄၄)ဧကရှိ အနှစ် ၃၀ အငှားဂရန်အမှတ် (ငါး) ၉/၂၀၀၇-၂၀၀၈ မြေကွက်နှင့် ၄င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၈)၊ ပန်းခြံလမ်း၊ စစ်ကဲကုန်းရပ်ကွက်၊ မော်လမြိုင်မြို့ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံနှင့် အကျိုးခံစားခွင့်အားလုံးတို့အား အမည်ပေါက်ပိုင်ဆိုင်သူ မောင်နှစ်မ(၅)ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ အိမ်မြေအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါရှိသည့်ရက်မှ ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောသက်သေ အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက ဆက်လက်၍ အပြီးသတ်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်မြင့် LL.B, H.G.P
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၂၄)
အမှတ်(၁၆)၊ ကျိုက္ကမီလမ်း၊ ကွင်းရပ်
မော်လမြိုင်မြို့
ဖုန်း-၀၅၇-၂၃၃၈၆၊ ၀၉-၈၇၀၀၇၄၉

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/က ရပ်ကွက်၊ ရတနာသုခလမ်း အမှတ်(၄၂)၊ မြေညီခေါင်းရင်းခန်း(အေ-၁)နေထိုင်သူ မြေရှင် ဒေါ်ရီရီမြနှင့်အစ်မဖြစ်သူ ဒေါ်စိုးစိုးဆွေတို့၏ ၈-၅-၂၀၁၃ရက်စွဲပါ နှစ်ဦးသဘောတူ ကတိစာချုပ်နောက်ဆုံးပိုဒ်ဖြစ်သော အမည်ပြောင်း တစ်ရာခိုင်နှုန်းအား မိဘများအတွက် ရည်စူး၍ ဒါနပြုလုပ်ရန် ဒေါ်စိုးစိုးဆွေမှ တာဝန်ယူဆောင်ရွက်ပါမည်ဟူသောစာပိုဒ်ကို မြေရှင်တစ်ဦးဖြစ်သူ ဒေါ်ရီရီမြမှ သဘောမတူကြောင်း ဒေါ်စိုးစိုးဆွေအား လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ် ပါဝါရုပ်သိမ်းပြီးဖြစ်ပါ၍ ထိုစာချုပ်အားဖျက်သိမ်းပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်ခင်စောဝင်း LL.B DA
ဥပဒေအကျိုးဆောင်ရှေ့နေကြီး(၁၆၆၆၇)
အမှတ်(၄၉)၊ ပုဇွန်တောင်၊ ရေကျော်၊ ခုနစ်လွှာ၊ အခန်း(H)

**အမည်ပြောင်း**

ဦးဥာဏ်ဝင်း၏သမီး မြိတ်မြို့၊ အထက(ခွဲ)သမုတ်၊နဝမတန်းမှ မနှင်းဝေမိုးအား မနှင်းဝေလှိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မနှင်းဝေလှိုင် ၆/မမန(နိုင်)၂၁၁၆၈၉**

**ဖခင်အမည်မှန်**

ဖန်းမော်မြို့၊ အထက(၂)၊ နဝမတန်း(B)မှ မောင်ထွန်းပိုင်ခန့်၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်ဝင်း ၁/ဗမန(နိုင်)၀၃၆၄၂၅ (ခ)ဦးကျော်ထူးဖြစ်ပါကြောင်း။

**ဦးတင်မောင်ဝင်း(ခ)ဦးကျော်ထူး**

**အမည်ပြောင်း**

ဦးဟန်ထွန်းအောင်၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နေ စတုတ္ထတန်း အမက(၁)၊ စစ်ကိုင်းမြို့မှ မောင်သားသားဉာဏ်အား မောင်သောင်းသောင်းဉာဏ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်သောင်းသောင်းဉာဏ်**
**အမက(၁)၊ စစ်ကိုင်းမြို့**

**အမည်ဖြည့်စွက်ခေါ်ဆိုပါရန်**

ဦးသော်တာမင်း၏သမီး မငြိမ်းအေး ၁၃/ရငန(နိုင်)၀၃၀၇၁၃ အား မသင်းရတီစိုးဟု ဖြည့်စွက်ခေါ်ဆိုပါရန်။

**မငြိမ်းအေး(ခ)မသင်းရတီစိုး**

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၁-၁၂-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ(၄) ကန့်ကွက်ကြော်ငြာ သာကေတမြို့နယ် ဒေါ်ခင်ပြုံး+၄ ၏ မြေပုံကူးတွင် ပိုင်ဆိုင်ကြောင်းနှင့် အပေးစာချုပ်ရန်အစား ပိုင်ဆိုင်နှင့်စွန့်လွှတ်စာချုပ်ရန်မြေပုံကူး ဟု ဖတ်ရှုပါရန်။

**ပြင်ဆင်ဖတ်ရှုပါရန်**

၁-၁၂-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ(၆) ကန့်ကွက်ကြော်ငြာ သာကေတမြို့နယ် ဒေါ်မြင့်မြင့်ခိုင်+၁ ၏ အမည်ပြောင်းတွင် ဒေါ်မြင့် မြင့်ခိုင် ၁၄/ဟသတ(နိုင်)၁၁၂၈၁၅ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြည်တွင်းသတင်း

## ဖွံ့ဖြိုးရေးတက္ကသိုလ် တိုင်းရင်းသားသီချင်းအဆိုပြိုင်ပွဲကျင်းပ

**စစ်ကိုင်း ဇန်နဝါရီ ၃၁**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် (၄၇)ကြိမ်မြောက်ဘက်စုံပညာပြိုင်ပွဲမှ ပွဲစဉ်တစ်ခုဖြစ်သော တိုင်းရင်းသားသီချင်းအဆို ပြိုင်ပွဲကို ဇန်နဝါရီ ၂၈ ရက် ည ၇ နာရီက အဆိုပါ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပါမောက္ခချုပ် ဦးစိုးတင့်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့်တိုင်းရင်းသား သင်တန်းသား သင်တန်းသူ ၉၇၃ ဦး တက်ရောက်အားပေးကြသည်။

တိုင်းရင်းသားသီချင်းအဆိုပြိုင်ပွဲတွင် ကချင်၊ ကယား၊ ကရင် ၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းတိုင်းရင်းသား မျိုးနွယ် ခုနစ်မျိုး၏ သီချင်းဆိုပြိုင်ပွဲကို သင်တန်းသား သင်တန်းသူများက တပ်ခွဲအလိုက် ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲစည်းကမ်းအရ သီချင်းဆိုယှဉ်ပြိုင်ရာတွင် မိမိလူမျိုး၏သီချင်းကို ယှဉ်ပြိုင်ခွင့်မပြုဘဲ ကျန်တိုင်းရင်းသားလူမျိုးများ၏ သီချင်းကိုသာ ပါဝင်ယှဉ်ပြိုင်ခွင့် ပြုသည်။ ပြိုင်ပွဲများအပြီးတွင် တိုင်းရင်းသားလူငယ်သင်တန်းသူများက "ဒိုးယိမ်းည" တေးသရုပ်ဖော်အကနှင့် သင်တန်းသားများက "ထာဝရမြန်မာပြည်" တေးသရုပ်ဖော်အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ဆုရရှိသူများကို ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများကဆုများ ချီးမြှင့်ကြကြောင်း သိရသည်။

**စန်းအောင်**

## မိတ္ထီလာတွင် ဆိုင်ကယ်ပြုပြင်နည်းသင်တန်း အခမဲ့သင်ကြားပေးမည်

**မိတ္ထီလာ ဇန်နဝါရီ ၃၁**

သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန မိတ္ထီလာရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတွင် ကျေးလက်ဒေသနေလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန် ရည်ရွယ်ချက်ဖြင့် ဆိုင်ကယ်ပြုပြင်နည်းသင်တန်းကို ဖေဖော်ဝါရီလအတွင်း အခမဲ့စတင်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်ကယ်ပြုပြင်နည်းသင်တန်းကို ဖေဖော်ဝါရီ ၁၆ ရက်မှ မတ် ၂၆ ရက်အထိ အခမဲ့ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး ကျေးလက်ဒေသနေ လူငယ်များကို ဦးစားပေး လက်ခံသင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ တက်ရောက်လိုသူများအနေဖြင့် အခြေခံပညာအလယ်တန်း(အ႒မတန်း)အောင် အမျိုးသားများကို လက်ခံသင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ အခမဲ့ဆိုင်ကယ်ပြုပြင်နည်းသင်တန်းတွင် လူဦးရေ ၂၀ မှ ၃၀ အထိ လက်ခံသင်ကြားပေးသွားမည်ဖြစ်ကြောင်း မိတ္ထီလာရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းအုပ် ဒေါ်ဝါဝါနိုင်ထံမှ သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## တောင်တွင်းကြီးမြို့နယ်၌ တရားမဝင်သစ်များဖမ်းဆီးရမိ

**တောင်တွင်းကြီး ဇန်နဝါရီ ၃၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွဏ်းပါ ၁၄ ဦးအဖွဲ့သည် ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက သူရောင်ကန်ကျေးရွာအနီး၌ ကျွန်း ၂ ဒသမ ၁၀၅၂ တန်၊ သစ်မာ ၃ ဒသမ ၃၃၈၈ တန်၊ အခြား ၃ ဒသမ ၄၅၆၀ တန် စုစုပေါင်း ၈ ဒသမ ၉၀၀၀ တန်တို့ကိုလည်းကောင်း၊ သရက်ခုံကျေးရွာအနီး ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲက ကျွန်း ၀ ဒသမ ၃၃၄၀ တန်၊ သစ်မာ ၄ ဒသမ ၁၄၃၈ တန် အခြား ၁ဒသမ ၂၅၀၄ တန် စုစုပေါင်း ၅ ဒသမ ၇၂၈၂ တန်တို့ကိုလည်းကောင်း၊ တလုပ်ကုန်းကျေးရွာအနီး၌ ယင်းနေ့မွန်းလွဲ ၂ နာရီက ကျွန်း ၀ ဒသမ ၇၆၈၄ တန် သစ်မာ ၀ ဒသမ ၃၂၂၂ တန်၊ အခြား ၀ဒသမ ၇၆၉၄ တန် စုစုပေါင်း ၁ ဒသမ ၈၆၀၀ တန်တို့ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း**

# ရေနီ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ရာနှုန်းပြည့်ပြီးစီး

**ရေတာရှည် ဇန်နဝါရီ ၃၁**

ပြည်သူလူထု၏ အဓိကလိုအပ်ချက်ဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ နိုင်ငံတစ်ဝန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီကျေးရွာအုပ်စု ရှမ်းပိုင်းရပ်ကွက်၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် တည်ဆောက်ခဲ့သော ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံကို စန္ဒာသူရိန်ကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်သည်။

အဆိုပါဆေးရုံ ဖွင့်လှစ်ပြီးသွားပါက ရေနီကျေးရွာအုပ်စုနှင့် ဝန်းကျင်ရှိ ဇေယျသိမ်၊ ရဲကုန်း၊ သရက်ကုန်း၊ ဆတ်သေ၊ ဒေါင်းနန်းကျ၊ အင်ပင်၊ ပေါမန်၊ ဘိုမ၊ ကိုးတစ်၊ အလယ်ချောင်း၊ ဘန်းဖား၊ ဇလီတောင်နှင့် တောင်ပေါ်ကျေးရွာအုပ်စုများအပြင် တပ်ရင်းတပ်ဖွဲ့ လေးခု၊ ရေနီစက္ကူစက်၊ တောင်ဖီလာဘိလပ်မြေ စက်ရုံ အစရှိသည့် ဒေသများတွင် နေထိုင်ကြသော လူဦးရေ ၅၆၅၀၀ ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည်ဖြစ်သည်။ ရေတာရှည်မြို့နယ်တွင် ရေတာရှည်၊ ဆွာ၊ မြို့လှတို့တွင် ဆေးရုံများရှိပြီး ရေနီတိုက်နယ်ဆေးရုံပြီးစီးဖွင့်လှစ်နိုင်ပါက ဆေးရုံ လေးခုအထိရှိလာမည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**

## ပြောင်းလဲဖွင့်လှစ်ပေးမည့်ထီစနစ်သစ်ကြောင့် အောင်ဘာလေထီကံစမ်းသူများပြားလာ

**မော်လမြိုင် ဇန်နဝါရီ ၃၁**

ဖေဖော်ဝါရီ ၁ ရက်တွင် ပြောင်းလဲဖွင့်လှစ်ပေးမည့် ထီစနစ်သစ်ကြောင့် အောင်ဘာလေထီ ကံစမ်းသူ များပြားလာရာ လက်ကုန်ရက်ပိုင်းမရောက်မီကပင် ရောင်းရန် ထီလက်မှတ်များ ကျန်ရှိမှုလွန်စွာနည်းပါးလာလျက်ရှိကြောင်း ထီကုမ္ပဏီတစ်ခုမှ အရောင်းဝန်ထမ်းတစ်ဦးထံမှ သိရသည်။

အနယ်နယ်အရပ်ရပ်ရှိ ထီအရောင်းဆိုင်များတွင် ပုံမှန်အားဖြင့် လစဉ် ၂၅ ရက် ကျော်သည့်တိုင် ရောင်းရန် လက်မှတ်အများအပြား ကျန်ရှိနေတတ်ရာ ယခုအခါ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲက ဇန်နဝါရီ ၁ ရက်က ဖွင့်လှစ်ပေးခဲ့ပြီးသော ပဒေသာယူနစ်အစား ဝေဝေဆာဆာ ပဒေသာဆုမဲများအဖြစ် ဖေဖော်ဝါရီ ၁ ရက်တွင် ပြောင်းလဲဖွင့်လှစ်ပေးမည်ဟု ကြေညာထားသောကြောင့် ထီကံစမ်းသူ လွန်စွာ များပြားလာပြီး ယင်းကဲ့သို့ ဝယ်လိုအားမြင့်လာခြင်းဖြစ်ကြောင်း သိရသည်။ "အခုဖွင့်မယ့်စနစ်မှာ သိန်းတစ်ထောင်ကတစ်ဆု၊ ငါးရာက သုံးဆု၊ သုံးရာက နှစ်ဆု၊ နှစ်ရာက နှစ်ဆု၊ တစ်ရာက ရှစ်ဆု၊ အရင်လကထက် ဆုကြီးတွေ ဆုမဲအရေအတွက်တိုးလာတယ်၊ အဲဒါကြောင့် အရင်လက ငါးစောင်ပဲထိုးတာ။ အခုလ ဆယ်စောင်ထိုးတယ်လေ" ဟု ဒေသခံ ထီကံစမ်းထားသူတစ်ဦးက ဆိုသည်။

ဇန်နဝါရီ ၁ ရက်က (၃၁၂)ကြိမ်မြောက်အဖြစ် ဖွင့်လှစ်ပေးခဲ့သော စနစ်တွင် အမြင့်ဆုံး ငွေကျပ်သိန်း ၁၅၀၀ မှ အနိမ့်ဆုံး ငွေကျပ် ငါးသောင်းဆုအထိ ဆုမဲပေါင်း ၃၇၄၈၁ သာ ဖွင့်လှစ်ပေးခဲ့ရာ ယခု ဖေဖော်ဝါရီ ၁ ရက်(၃၁၃) ကြိမ်မြောက်တွင် ဆုမဲပေါင်း ၄၀၂၄၃ ထိ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။ နှိုင်းယှဉ်ချက်အရ (၃၁၂) ကြိမ်မြောက်က ငွေကျပ်နှစ်သိန်းဆုအား ၁၂၂ ဆုသာ ဖွင့်လှစ်ပေးခဲ့ပြီး ယခု (၃၁၃)ကြိမ်တွင် ဆုမဲပေါင်း ၁၀၀၀ ထိ တိုးလာပြီး ငွေကျပ်တစ်သိန်းဆုတွင် ယခင်အကြိမ်က ဆုမဲပေါင်း ၁၄၈၀၀ ဖွင့်လှစ်ပေးခဲ့ရာမှ ယခုတွင် ၉၀၀၀ ထိ လျော့ကျသွားကြောင်း သိရသည်။

**ဝသန်ထွန်း**

## ဟိုပင်၌ ကိုယ့်အားကိုယ်ကိုး ကြိုးတံတားတည်ဆောက်

**ဟိုပင် ဇန်နဝါရီ ၃၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့နယ် နန့်ရင်းကျေးရွာ ကုန်ထုတ်လမ်း နန့်ရင်းချောင်းနှင့် သရက်ချောင်းဆုံ အနီးပေ ၂၀၀ အကွာ၌ ကမ်းကပ်ခုံ ပေ ၃၀ တံတားအရှည် ပေ ၁၂၀ လူသွားလမ်း အကျယ် ခြောက်ပေ ပျဉ်ခင်း သရက်ချောင်း လူကူးကြိုးတံတားကို ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မိုးသူ၊ တံတားဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးစိန်အောင်နှင့် ကျေးရွာတောင်သူများ၊ မိုးညှင်းမြို့နယ် ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းမောင်တို့က ပန္နက်တင်ပေးကြသည်။

အဆိုပါ တံတားကို အလှူရှင်များ စုပေါင်းလှူဒါန်းငွေကျပ် သိန်း ၆၀ အကုန်ကျ ခံ၍ မိုးညှင်းမြို့နယ် ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းမောင်က ဦးဆောင်တည်ဆောက်မည်ဖြစ်သည်။ ၄င်းတံတားကြီး ပြီးမြောက်အောင်မြင်ပါက လယ်ဧက ၂၅၈၅ ၊ တောင်သူ ၄၁၀ တို့ သွားလာရေး အဆင်ပြေချောမွေ့ပြီး ကုန်စည်စီးဆင်းမှု လွယ်ကူတော့မည်ဖြစ်ကြောင်း တောင်သူတစ်ဦးက ပြောကြားခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**


အစွင့်အမိန့်အရ နေထိုင်သူအား နှင်လိုမှု

( Licensee )

ဦးသိန်းကိုကို

ပြည်နယ်တရားလွှတ်တော်တရားသူကြီး

အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ဒေါ်စန်းစန်းမြင့် ၁၂/ဒဂတ(နိုင်)၀၆၉၂၈၆၊ ဒေါ်သောင်းအေး ၁၂/သဃက(နိုင်)၀၆၆၅၈၁၊ ဒေါ်ရီရီတင့် ၁၂/သဃက(နိုင်)၀၆၇၅၃၅၊ ဒေါ်ခမ်းမွန်အေး ၁၂/သဃက(နိုင်)၀၄၅၀၆၅တို့က ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၄၉/ခ)၊ ငါးလွှာနေ ဦးလှမောင်(ခ)ဦးမာမောက်အီစမိုင် TME-၀၃၇၃၂၄ အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်၌ လွှဲအပ်ထားသော မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၇၆၇၊ ၁၈၇၆၈/၂၀၁၃ နှင့် ၂၄၆၅၉၊ ၂၄၆၆၀/၂၀၁၄ တို့ကို ကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီဂီဝင်း(LL.B, D.B.L, D.M.L)
တရားလွှတ်တော်ရှေ့နေ
၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့

ဒေါ်ခင်ခင်ကြည်(LL.B, D.B.L)
ဒေါ်နန်းစံခမ်းဦး(LL.B)
အထက်တန်းရှေ့နေများ

# သေဆုံးရော်ဘာခြံမြန်မာအလုပ်သမားသုံးဦးအား ကောင်းမွန်စွာသင်္ဂြိုဟ်ပြီးစီးခဲ့

**ချိုင်ဘူရီ ဇန်နဝါရီ ၃၁**

ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်ဌာနီခရိုင် ချိုင်ဘူရီမြို့နယ် (Chaiburi) စိုင်ထောင်ရပ်ကွက် (Sai Thong) ၅လမ်းရှိ ရော်ဘာခြံတစ်ခု၌ သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် အခင်းဖြစ်နေရာ၌ သေဆုံး (သတင်းဖော်ပြပြီး) သွားခဲ့ကြသော မြန်မာအလုပ်သမား သုံးဦးအား အလုပ်သမားအရေး ဆောင်ရွက်သူများနှင့် အနီးအနား မြန်မာအလုပ်သမားများ စုပေါင်းကာ ဇန်နဝါရီ ၂၈ ရက်ညနေပိုင်းက ကောင်းမွန်စွာ သင်္ဂြိုဟ်လိုက်ပြီဖြစ်ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာ နိုင်ငံသားများအဖွဲ့ (Myanmar Associationin Thailand) မှ ဆက်သွယ်ပြောချက်အရ သိရသည်။

အဆိုပါ သေဆုံးအလောင်းများ သင်္ဂြိုဟ်မှုအား စူရတ်ဌာနီခရိုင်ရှိ အနီးအနားပတ်ဝန်းကျင်မှ မြန်မာအလုပ်သမားများ၊ MAT အဖွဲ့၏ အကြံပေးမြန်မာရွှေနေကြီး ဦးအောင်မျိုးသန့်နှင့် ဖန်အခြေစိုက်ပညာရေးဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ ဒါရိုက်တာ ဦးထူးချစ်အဖွဲ့တို့က စုပေါင်း၍ ကောင်းမွန်စွာ သင်္ဂြိုဟ်ခဲ့ကြခြင်းဖြစ်သည်။ ထိုင်းနိုင်ငံအနှံ့အပြား၌ မြန်မာအလုပ်သမားများ မကြာခဏ အသတ်ခံကြရသဖြင့် သေဆုံးကြရကြောင်း၊ လူသတ်တရားခံအား ဖော်ထုတ်အရေးယူခြင်းမျိုး မရှိသည့်အပြင် သေဆုံးသူမှာ မြန်မာအလုပ်သမားများဖြစ်ကြောင်း သိသည်နှင့် ထိုင်းအာဏာပိုင်များက အရေးတယူ မလုပ်တတ်ကြကြောင်း၊ အမည်မဖော်လိုသည့် နာမည်ကြီးထိုင်းအမျိုးသားလူ့အခွင့်အရေး လှုပ်ရှားသူတစ်ဦးက သေဆုံးသူသုံးဦးအား အနီးကပ်ပစ်ခတ် သတ်သွားခြင်းဖြစ်ကြောင်း၊ ယင်းဖြစ်စဉ်ကို ထိုင်းအာဏာပိုင်များ မဖော်ထုတ်နိုင်ခြင်းမှာ လုံခြုံရေးအားနည်းမှုကို ဖော်ပြရာရောက်ကြောင်း MAT အဖွဲ့က သုံးသပ်ပြောဆိုသည်။

ထိုင်းနိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်နေကြသော သန်းချီရှိသည့် မြန်မာအလုပ်သမားတို့မှာ ထိုင်းနိုင်ငံအတွင်းရှိ ထိုင်းနိုင်ငံသားများ၊ ရဲများနှင့် အလုပ်ရှင်တို့၏ အနိုင်ကျင့်ခြင်းကို နှစ်ပေါင်းများစွာ ခံခဲ့ကြရသဖြင့် ယခုအခါ ထိုင်းနိုင်ငံအတွင်း လူကုန်ကူးခံရ၍ဖြစ်စေ၊ အလုပ်သမားအခွင့်အရေး ချိုးဖောက်ခံရ၍ဖြစ်စေ၊ မြန်မာသံရုံးအလုပ်သမား ကူညီစောင့်ရှောက်ရေး ကော်မတီအဖွဲ့ဝင်ဖြစ်သော MAT အဖွဲ့၏ ဖုန်းနံပါတ်များဖြစ်သည့် ဦးအောင်မျိုးသန့် (အကြံပေးရှေ့နေ) ဝ၈-၉၆၅၂၅၆၉၆၊ ဦးကျော်သောင်း (ဒါရိုက်တာ) ဝ၈-၄၆၇ဝ၅၇၂၇၊ ဦးခိုင်ကြီး(အတွင်းရေးမှူး)ဝ၈-၅၃၄၁၅၆၁၁၊ ကိုစိုင်းအေး (ဗန်ကောက်ရုံးတာဝန်ခံ) ဝ၈-ဝ၅၈၈၅၅၄၈၊ ကိုအောင်ဆန်းဦး (မဟာချိုင်ရုံးတာဝန်ခံ) ဝ၉-ဝ၆၆၇၇၉၁၃၊ ကိုဘခက်(အမှုလိုက်အရာရှိ) ဝ၈-၇၃၁၂၁၁၇၉၊ ကိုစောခွန်နောင်ဦး(စုံစမ်းရေး) ဝ၈-၃၅၅၂၇၈၉၂၊ ကိုစောမောင် (သတင်းနှင့် ပြန်ကြားရေး) ဝ၉-ဝ၆၆၁ဝ၈၄၉ နှင့် စောမြတ်ချို(စုံစမ်းရေး) ဝ၉-၄၈၆၃၈၂၅၇ သို့ ဆက်သွယ် အကူအညီ တောင်းခံနိုင်ကြောင်းနှင့် တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း MAT အဖွဲ့မှ စုံစမ်းသိရသည်။

**စိုးဝင်း(SP)**

# ပြည်ပအလုပ်အကိုင်ဆိုင်ရာ အသိပညာပေးဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၃၁**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန၏ ခွင့်ပြုချက်အရ Today Top Star Co.,Ltd .က ပြည်ပသို့ အလုပ်သမားများ ပို့လွှတ်ရာတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ကုမ္ပဏီ၏နယ်ကိုယ်စားလှယ်များကို ပြည်ပအလုပ်အကိုင်ဆိုင်ရာ အသိပညာပေးဆွေးနွေးမှုကို ဇန်နဝါရီ ၂၈ ရက်မှ ၂၉ ရက်အထိ အဆိုပါကုမ္ပဏီရုံးချုပ်တွင် ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မန်နေဂျင်းဒါရိုက်တာ ဒေါ်ဝါဝါစိန်က တရားဝင်လမ်းကြောင်းဖြင့် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာမှု စနစ်ဖြင့်သာ သွားလာရန်အစီအစဉ်များ၊ အလုပ်သမားများ၏ စာရွက်စာတမ်းအထောက်အထားများကို မှန်မှန်ကန်ကန်ဆောင်ရွက်ရန် အစီအစဉ်များ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက သတ်မှတ်သည့် ကုန်ကျစရိတ်များထက် ပိုမိုခြင်းမရှိစေဘဲ ပြည်ပသို့အလုပ်သမားများ သက်သာသည့်ကုန်ကျ စရိတ်ဖြင့် သွားရောက်နိုင်ရေးတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူက လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာမှုဖြစ်ရန်မှာ နယ်ကိုယ်စားလှယ်များသည် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးမှ သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရန်လိုအပ်ကြောင်း၊ တရားဝင်လမ်းကြောင်းဖြင့် ပြည်ပသို့သွားရောက်သော်လည်း ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေအရ ဆောင်ရွက်ခြင်းမရှိပါက ၄င်းဥပဒေအရလည်းကောင်း၊ ၂၀၀၅ ခုနှစ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေအရလည်းကောင်း အရေးယူခံရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ အသိပညာပေးသည့် အစီအစဉ်ကို ကုမ္ပဏီကပထမဆုံးအကြိမ်အဖြစ် ရန်ကုန်မြို့တွင် ပြုလုပ်ခြင်းဖြစ်သည်။ ကိုယ်စားလှယ်များအား ယခုကဲ့သို့ အသိပညာပေးခြင်းဖြင့် အလုပ်သမားစုဆောင်းခြင်း၊ စာရွက်စာတမ်းများ ပြုလုပ်ခြင်း၊ ငွေကြေးကိစ္စတို့တွင် ဆောင်ရန်ရှောင်ရန်တို့ကိုသိရှိပြီး မှန်ကန်သည့် ရွှေ့ပြောင်းသွားလာမှု စနစ်ကိုတည်ဆောက်နိုင်မည်ဖြစ်သည်။ အလားတူ အသိပညာပေးမှုများကို နယ်ကိုယ်စားလှယ်များအား ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီ၏ နယ်ကိုယ်စားလှယ်များအား အသိပညာပေးခြင်းသည် ရပ်ကွက်၊ ကျေးရွာများတွင် ပြည်ပသို့ အလုပ်သွားရောက်လုပ်ကိုင်ကြမည့် အလုပ်သမားများအတွက် ကာကွယ်မှုတစ်ရပ်ပင်ဖြစ်သည်။

**လူငြိမ်း**

# ဝန်ထမ်းအိမ်ရာများတွင် ဆိုင်ကယ်ခိုးသူအား ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၃၁**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝန်ထမ်းအိမ်ရာများတွင် ဆိုင်ကယ်ခိုးမှုမကြာခဏ ဖြစ်ပွားနေသဖြင့် နေပြည်တော်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် လှည့်ကင်းများ၊ စီမံချက်များရေးဆွဲ ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၂ ရက် ညနေ ၃ နာရီခွဲတွင် အမှတ်(၈)နယ်မြေ ရဲကင်းမှ ရဲတပ်ကြပ်ကြီး အေးမင်းနှင့်အဖွဲ့ နယ်မြေလှည့်ကင်း ဆောင်ရွက်နေစဉ် နေသဒ္ဒိရပ်ကွက်၊ ညွှန့်မှူးအိမ်ရာ အနောက်ဘက်လမ်းပေါ်တွင် လူငယ်နှစ်ဦး ဆိုင်ကယ်တစ်စီးဖြင့် မသင်္ကာဖွယ်တွေ့ရှိစစ်ဆေးရာ သန်းတိုးအောင် (၁၅နှစ်)၊ ဟိန်းဇော်မိုးဝင်း(ခ)ကိုဟိန်း(၁၂ နှစ်)၊ ရွှေခဲအင်း ကျေးရွာအနီး ကျူးကျော်တဲနေထိုင်သူတို့ဖြစ်ပြီး ၎င်းတို့ စီးနင်းလာသော ၅ယ/၂၈၂၃၊ကန်ဘို -၁၁ဝ အပြာ ရောင်နှင့်ပတ်သက်၍ ပိုင်ဆိုင်မှုမပြောနိုင်သဖြင့် အမှတ် (၇)နယ်မြေရဲစခန်းသို့ ပို့အပ်ပြီး စစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

၎င်းတို့ နှစ်ဦးအား အသေးစိတ်စစ်ဆေးရာ ၂၀၁၄ ခုနှစ် ဇူလိုင် ၂ဝ ရက် နံနက် ၃ နာရီခန့်တွင် တိုက်အမှတ် (၃၃၁၅)ရှေ့အရောက်တွင် ဆိုင်ကယ်အမှတ် ၁ယ / ၉၁၁၉ဝ၊ ကန်ဘို-၁၁ဝ အပြာရောင်မှာ သော့ခတ်ထားခြင်းမရှိဘဲ တွေ့ရှိရသဖြင့် ခိုးယူခဲ့ကြောင်း၊ ၎င်းဆိုင်ကယ်ကိုရောင်းချရန် ထွက်လာချိန် အဖမ်းခံရခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးဌာနများမှ အရာထမ်း/အမှုထမ်းများနေထိုင်လျက်ရှိသော အိမ်ရာ/တိုက်ခန်းများတွင် ၂၀၁၄ ခုနှစ်အတွင်း မော်တော်ဆိုင်ကယ်ပျောက်ဆုံးမှု ၆၈ မှု ဖြစ်ပွားခဲ့သည့်အနက် ၄၅ မှုကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ပိုင်ရှင်လက်ဝယ်သို့ ဆိုင်ကယ် ၂၇ စီးအား ပြန်လည်အပ်နှံဆောင်ရွက်နိုင်ခဲ့ခြင်း၊ ငွေနှင့်ပစ္စည်းပျောက်ဆုံးမှု (၅၆) မှုဖြစ်ပွားခဲ့သည့် အနက် ၂၂ မှု ဖော်ထုတ်ရရှိခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ညောင်တုန်း၌ ကျောင်းပေါင်းစုံဘောလုံးဗိုလ်လုပွဲကျင်းပ

**ညောင်တုန်း ဇန်နဝါရီ ၃၁**

ကျန်းမာကြံ့ခိုင်သော ကျောင်းသား ကျောင်းသူများဖြစ်လာစေရန်နှင့် မျိုးဆက်သစ် ထူးချွန်ဘောလုံးသမားကောင်းများ ပေါ်ထွန်းလာစေရေး ရည်ရွယ်ချက်များဖြင့် ကျင်းပသည့် မြို့နယ်ပညာရေးမှူးဖလား အသက်(၁၂)အောက် ကျောင်းပေါင်း စုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် ညနေက မြို့မဘောလုံးကစားကွင်း၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်အားပေးသည်။

နောက်ဆုံးဘောလုံးဗိုလ်လုပွဲအဖြစ် အထက (ခွဲ) သပြေချောင်းအသင်းနှင့် အထက(တွဲ)ဂန်ချောင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အထက(ခွဲ)သပြေချောင်းအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားပြီး ပထမဒိုင်းဆုနှင့် ဆုငွေကို ရရှိခဲ့ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**



## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉က/၉ဝ၉၈ Toyota Mark II (စတေရှင်ဝက်ဂွန်)ယာဉ် လက်ဝယ်ရှိသူ ဦးကိုကိုနိုင် ၉/မနမ(နိုင်)၁၁၂၄၅၂က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(လားရှိုး)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ-ရေဦး-ကလေးဝ-ကလေးလမ်းပေါ်ရှိ ချင်းတွင်းတံတား (ကလေးဝ) အား တံတားအထူးအဖွဲ့ (၁၁)မှ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် တာဝန်ယူတည်ဆောက်ရန် လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို ချင်းတွင်းတံတား(ကလေးဝ) သတ်မှတ်လုပ်ငန်းခွင်အရောက်(မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

| စဉ် | အမျိုးအစား | စဉ် | အမျိုးအစား |
|---|---|---|---|
| ၁။ | ကျောက်စရစ် | ၈။ | Thin Sheet(8'x4') |
| ၂။ | မြစ်သဲ | ၉။ | Sikament |
| ၃။ | သစ်ခွဲသား(ထု) | ၁ဝ။ | ရိုက်သံ |
| ၄။ | သစ်ခွဲသား(ပျဉ်) | ၁၁။ | ဝါးထရံ |
| ၅။ | Bentonite | ၁၂။ | ငါးထပ်သား (8'x4') |
| ၆။ | Binding wire | ၁၃။ | C.M.C(25 Kg) |
| ၇။ | Welding Rod | | |

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၆-၂-၂၀၁၅ရက်

**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ချင်းတွင်းတံတား(ကလေးဝ)

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ချင်းတွင်းတံတား(ကလေးဝ)နှင့် တံတားအထူးအဖွဲ့ (၁၁)၊ ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ မုံရွာမြို့တို့တွင် ၂၆-၁-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ဖုန်း-ဝ၇၁-၃ဝ၄၆၂၊ ဝ၉-၆၄၇၂၆၅၂**

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၄-၈-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ ကြော်ငြာ (၆) ကန့်ကွက်ကြော်ငြာ အမှတ်စဉ်(၁၈) ဒေါ်ခင်ညိုညိုငြိမ်း+၁၏ ဂရန်သစ်တွင် မြေတိုင်း ၃၉ အစား ၃၉B နှင့် မြေကွက်လိပ်စာတွင် (၃၉) ရပ်ကွက်အစား ၃၉/B ရပ်ကွက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဥတုရာသီ တောကိုမှီ**

ကြော်ငြာ

HAPPY BIRTHDAY
1st February 2015
"On the seventh Birthday of
my one and only son
Thant Ye' Zaw @ Nathan"
On your Seventh Birthday,
My love for you ever stay.
You are my only son,
Uncomparable to none.
May you be ever bright,
As shines as sunlight.
With love and kisses forever,
From your beloved father.
Although we are far away,
Deep in heart you always stays.
With rememberance and love,
Your Loving Father
Dr. Ye Myint Soe
Happy Birthday
Happy Birthday

SWEETY HOME
Living Mall
SOFT OPENING
CEREMONY
3-2-2015 (Tuesday)
5% to 10% OFF
SWEETY HOME Living Mall
(သာကေတ) ဖွင့်ပွဲအထိမ်းအမှတ်အဖြစ်
၃-၂-၂၀၁၅ မှ ၈-၂-၂၀၁၅ အတွင်း
အထူးဈေးနှုန်းများ ဖြင့် ရောင်းချပေး
သွားမည့်အပြင် လက်ဆောင်ပစ္စည်းများ
လည်း ပေးအပ်သွားမည်ဖြစ်ပါသည်။
JCJ
Pioneer
Meyer
Tatung
အမှတ် (၂၈၆)၊ အေ - ၁၂၊ ရောဝက်လမ်းမကြီး (ကျောက်တိုင်မှတ်တိုင်နှင့် Capital Hypermarket အနီး)၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ✆ ၀၁ - ၅၅၁၅၉၁

# THE G•E•M•S

Garden Condominiums

**အဆင့်အတန်းမြင့်သော လူနေမှုဘဝအား သားစဉ်မြေးဆက်ပိုင်ဆိုင်နိုင်မှုနှင့်အတူ ခေတ်မီစတိုင်ကျသော နေထိုင်မှုကိုရရှိ ခံစားနိုင်မည့်နေရာ...**

ရှိရှင်းလှပသော ဒီဇိုင်း၊ ခေတ်မီသေသပ်သောဒီဇိုင်းဖြင့် နိုင်ငံတကာအဆင့်မီလူနေမှုစနစ်၏ ဝန်ဆောင်မှုများပါဝင်မည်ဖြစ်သော The Gems Garden Condominiums သည် သင့်အား ဆိတ်ငြိမ်အေးချမ်းသည့် လူနေမှုအဆင့်အတန်းတစ်ရပ်ကို ပိုင်ဆိုင်စေပါလိမ့်မည်။

ရန်ကုန်မြို့တော်၏ နှလုံးသည်းပွတ်နေရာတွင် တည်ရှိလာမည့် The Gems Garden Condominium သည် (၂၀) ထပ်အမြင့်ရှိသောကြောင့် ရန်ကုန်မြို့၏ လှပစိမ်းလန်းသော ရှုမြင်ကွင်းများအား ကောင်းကင်မှ ကြည့်ရှုခံစားနေရသကဲ့သို့ အတွေ့အကြုံအသစ်များအား သင့်အား ပေးစွမ်းနိုင်ပါလိမ့်မည်။

The Gems Garden Condominiums တွင် ခေတ်မီလှပသော မြင်ကွင်းကျယ် ရေကူးကန်နှင့်အတူ

- ခေတ်မီစုံလင်သော အားကစားခန်းမ
- ကလေးရေကူးကန်
- ပွဲလမ်းသဘင်ကျင်းပသော ခန်းမ
- အားကစားကွင်း
- ဝင်ပေါက်တွင် Card Access ဖြင့် ထိန်းချုပ်သော လုံခြုံရေးစနစ်
- တိုက်တစ်လုံးတွင် လူစီးဓာတ်လှေကား (၂) စီးနှင့် ပစ္စည်းသယ်ဓာတ်လှေကား (၁) စီး
- တိုက်ခန်းလုံးအတွက် စုစုပေါင်း (၁၂) စီး
- အသင့်အသုံးပြုနိုင်သော မီးစက်
- ၂၄ နာရီလုံခြုံရေးစနစ်
- ၂၄ နာရီ ရေနှင့်လျှပ်စစ်မီးစနစ်
- Internet အသုံးပြုနိုင်သောနေရာ
- Barbecue ပြုလုပ်နိုင်သော နေရာ
- အပြေးလေ့ကျင့်လမ်း
- စိမ်းလန်းစိုပြေသော ဥယျာဉ်တို့ပါရှိမည်ဖြစ်သည်။

**တည်ဆောက်မည့် နေရာနှင့် အရောင်းပြခန်းလိပ်စာ**

အမှတ် ၁၁၃၊ အင်းစိန်လမ်းမ၊ လှိုင်မြို့နယ်၊ ရန်ကုန်။

၀၁ ၅၂၆၁၄၆၊ ၀၁ ၅၂၆၁၄၈၊ ၀၁ ၅၂၆၁၇၀

CAPITAL DEVELOPMENT LIMITED

Quality Developer......Reliable Developer.....Responsible Developer

## ကြော်ငြာ

## နိုင်ငံတော်သမ္မတဦးသိန်းစိန်ပြောကြားခဲ့သည့် ရေဒီယိုမိန့်ခွန်းများ(၂၀၁၃-၂၀၁၄) စာအုပ်အသစ်ထွက်ရှိ

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ထုတ်ဝေဖြန့်ချိသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြောကြားခဲ့သည့် ရေဒီယိုမိန့်ခွန်းများ(၂၀၁၃-၂၀၁၄)စာအုပ်အသစ်ထွက်ရှိကြောင်းနှင့် တစ်အုပ်လျှင် လက်လီဈေးနှုန်းကျပ် ၂၂၀၀/-ဖြင့်လည်းကောင်း၊ လက်ကားဈေးနှုန်း တစ်အုပ်လျှင်ကျပ် ၂၀၀၀ နှုန်းဖြင့်လည်းကောင်း အောက်ဖော်ပြပါအရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

**ဝယ်ယူရရှိနိုင်သောဆိုင်များ**

စာပေဗိမာန်အရောင်းဆိုင်(အမှတ် ၂၂၈၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်)
ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈
စာပေဗိမာန်အရောင်းဆိုင်(အမှတ် ၂၄၅/၂၄၇၊ ၉လမ်း၊ လမ်းမတော်မြို့နယ်)
ဖုန်း-၀၉-၄၃၁၆၉၆၃၄၊ ၀၉-၂၅၀၀၉၈၇၀၄
စာပေဗိမာန်အရောင်းဆိုင် (နေပြည်တော်၊ သပြေကုန်းဈေး၊ တ-၅၅) ဖုန်း-၀၆၇-၄၁၄၆၈၁
စာပေဗိမာန်အရောင်းဆိုင်(အမှတ် ၁၅၉၊ ၈၆ လမ်း၊ ၂၁×၂၂လမ်းကြား၊ ပုလဲငွေရောင်ရပ်ကွက်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေး) ဖုန်း-၀၂-၃၀၁၈၆

## နှစ်(၃၀)ပြည့် (ပုလဲရတု) မင်္ဂလာဆုတောင်းလွှာ

Terminal Transport Unit ASW Co.,Ltd

သားကြီး - (Zarmani Combine Harvester Service Group) + (Chief Account Officer, Myanmar Makro Industry Co.,Ltd)
သားလတ် - B.Sc (Botany) (Carnival Valor Cruise Ship) USA + B.E(Civil) (Silicon Technology QI Group Construction)
(Grade-1, B.E.H.S(10) S.P.K)
(First Year Botany, Dagon University)
(Grade-10, B.E.H.S (6) S.P.K)


A.A.T Fashion
Ph: 09 5197014, 09 258700548


## (၂၅)နှစ်ပြည့်မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

(Final Part 2, Senior)


မြို့မဂုဏ်
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ
သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်းအထိ
၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်အတွက်
ကျောင်းအပ်လက်ခံနေပါပြီ ...

အမှတ်(၂၉)၊ နီလာလမ်း၊ (၁)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
Ph: 01-530767, 01-530642



More & More Gold & Jewellery ရဲ့
ဆိုင်ဖွင့်ပွဲ နှစ်ပတ်လည်အထူး
PROMOTION


## ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အကျဉ်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများရှိ အကျဉ်းသား၊ အချုပ်သားနှင့် ရဲဘက်များစားသုံးရန်(၂၀၁၅-၂၀၁၆)ခု ဘဏ္ဍာရေးနှစ်အတွက် ရိက္ခာဆန်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသည်။

| | |
|---|---|
| **တင်ဒါပုံစံနှင့်စည်းကမ်းချက်များ စတင်ရောင်းချမည့်ရက်** | - ၃-၂-၂၀၁၅ရက် |
| **တင်ဒါပုံစံရောင်းချမည့်နေရာ** | - တိုင်းဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ |
| **နောက်ဆုံးတင်သွင်းရမည့်ရက်** | - ၉-၂-၂၀၁၅ရက် ၁၆:၀၀ နာရီ |
| **တင်ဒါဖွင့်မည့်ရက်/အချိန်** | - ၁၀-၂-၂၀၁၅ရက် နံနက် ၁၁ နာရီ |
| **တင်ဒါဖွင့်မည့်နေရာ** | - တိုင်းဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ |

၂။ တင်ဒါလျှောက်လွှာပုံစံများကို တစ်စောင်လျှင်ကျပ်(၁၀၀၀၀/-)နှုန်းဖြင့် တိုင်းဦးစီးမှူး၊ အကျဉ်းဦးစီးဌာနတွင် ဝယ်ယူနိုင်ပြီးအသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၉-၂၃၅၄၁၊ ၀၅၉-၂၃၅၄၆ တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် ၃၆၁၊ ခြောက်လွှာအေ၊ လက်ဝဲဘက်ခန်း(ခေါင်းရင်းခန်း)၊ ပေ(၁၂$\frac{၁}{၂}$×၆၀)ခန့် အကျယ်အဝန်းရှိ (ရေမီး၊ မီတာ၊ ရေစက်မော်တာ)အပါအဝင် တိုက်ခန်းတစ်ခန်းနှင့်တွယ်ကပ်ဆပ်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်ကို မူလကန်ထရိုက်တာ ဦးမြင့်သိန်းထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိထားပြီး တစ်ဆင့်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးအောင်ကြည် ၁၂/ဗတထ(နိုင်)၀၃၀၅၁၀ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပစ္စည်းတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သောငွေကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ၊ ကန့်ကွက်အရေးဆိုလိုသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကိုယ်တိုင်လာရောက် ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်အရေးဆိုသူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းအောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၀၁၈၅)**
**အမှတ် ၇၉၊ ၁၀၁ လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၃၀၃၅၇၄၉**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ၅၂လမ်း၊ အမှတ် ၉၂/၉၄နေ ဒေါ်အေးအေးသင်း ၈/ကမန(နိုင်)၀၂၅၂၁၁၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၁၊ မြေကွက်အမှတ် ၁၁၄၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ ဒေါ်ကြည်ကြည်ဆွေ အမည်ပေါက်ပါမစ်မြေအမျိုးအစားမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်တို့ကို ကျွန်ုပ် တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးသင်းက ဝယ်ယူကာလက်ဝယ်ထားရှိလျက် ရှိပါသည်။ အဆိုပါမြေနှင့် ပတ်သက်သော ဂရန်အမည်ပေါက်လျှောက်ထားခြင်း၊ အမည်ပြောင်းလဲခြင်း အပါအဝင် ဒေါ်အေးအေးသင်း၏ ပိုင်ရေးဆိုင်ခွင့်ကို ထိခိုက်စေနိုင်သောမည်သည့် ဆောင်ရွက်မှုမျိုးကိုမဆိုမပြုလုပ်ကြပါရန် အများသိစေရန် တားမြစ်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမျိုးမြင့်အောင်(LL.B)** | **ဦးအေးမင်းသူ(LL.B)** |
| **စဉ်-၂၅၁၆၅** | **စဉ်-၂၆၁၉၉** |

**ရိုးမဘဏ်ဥပဒေအကြံပေး အထက်တန်းရှေ့နေများ**
**အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၀၊ မြေကွက်အမှတ် ၁၁၁၉၊ ပေ(၄၀×၆၀)မြေပေါ်ရှိ နှစ် ၆၀ ဂရန် မြို့ရွာနှင့်အိုးအိမ်ရုံးတွင် အမည်ပေါက်မှာ ဒေါ်ကေသွယ်ငြိမ်းဖြစ်ပါသည်။ အမည်ပေါက်ထံမှ အဆက်အစပ်စာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ)နှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲထွန်းအောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၄၆၈၉)**
**ဖုန်း-၀၉-၄၂၀၁၂၀၀၀၂**

ကြော်ငြာ

# ဝန်ထမ်းအလိုရှိသည်။
## (ပြည်တွင်း၌သာခန့်ထားရန်)

1. Sr. Medical Officer (6) ဦး
   - M.B.,B.S ဘွဲ့ရရှိထားသူဖြစ်ရမည်။
   - ဆ·မ သက်တမ်းရှိသူဖြစ်ရမည်။
   - အစိုးရဆေးရုံ (သို့) ပုဂ္ဂလိကဆေးရုံတစ်ခုခုတွင် Medical Officer လုပ်သက် (၅)နှစ်နှင့်အထက်ရှိပြီး Computer ကျွမ်းကျင်စွာအသုံးပြုနိုင်သူကို ဦးစားပေးမည်။
   - လုပ်သက်နှင့် အရည်အချင်းအပေါ်မူတည်၍ လစာညှိနှိုင်းပေးမည်။
2. Medical Officer (6) ဦး
   - M.B.,B.S ဘွဲ့ရရှိထားသူဖြစ်ရမည်။
   - ဆ·မ သက်တမ်းရှိသူဖြစ်ရမည်။
